www.dhammaransi.com


တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကြွချီတော်မူလာသည့်

ဗုဒ္ဓဘာဝယ်တော်

ပုဂံပါဒအာဓိဋ္ဌာန်

(၁၉၉၇)

မှတ်တမ်း









www.dhammaransi.com

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကြွချီတော်မူလာသည့်
ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲအခမ်းအနား

မှတ်တမ်း

(၁၉၉၄)

www.dhammaransi.com

၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ၊ စောင်ရေ (၂၀၀၀)

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ခံ
ထုတ်ဝေသည်။

www.dhammaransi.com

မာတိကာ

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁။	အမှာစာ		
၂။	တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ဘုရား၏သမိုင်းအကျဉ်း	...	၁
၃။	မြတ်စွယ်တော်ကို အခါခပ်သိမ်း အဝေးမှသာပူဇော်ရပါတော့မည်	...	၅
၄။	ဗုဒ္ဓမြတ်စွယ်တော်	...	၁၀
၅။	မြတ်စွာဘုရား၌၏ ဓာတ်တော်နှင့် စွယ်တော်များ	...	၁၃
၆။	ဗုဒ္ဓသရီရဓာတ်တော် မြတ်စွယ်တော်	...	၁၇
၇။	ဗုဒ္ဓစွယ်တော်မြတ်ဖြတ်သန်းရသောဒေသစာရီခရီး	...	၂၁
၈။	မြတ်စွယ်တော်ထွတ်အဖူး (မဟာကဗျာလေးချိုးကြီး)	...	၂၃
၉။	ကုံတောင့်ကုံခဲ ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲ	...	၂၅
၁၀။	ဗုဒ္ဓစွယ်တော်အား သောင်းသောင်းဖြဖြကြိုဆို	...	၂၈
၁၁။	ဒေသစာရီကြွချီတော်မူမည့်ခရီးစဉ်	...	၃၂
၁၂။	သိန်းယိုဇဉ်ကျန်း ဗုဒ္ဓမြတ်စွယ်တော်နှင့် ဘုရင့်နောင်မင်းတရားကြီး	...	၃၅
၁၃။	ဗုဒ္ဓစွယ်တော်ကို ပူဇော်သော မြန်မာတိုင်းရင်းသားမင်းများ	...	၄၀
၁၄။	မြတ်ဗုဒ္ဓ၏ အထက်လက်ဝဲစွယ်ဖော် ကြည်ညိုကော်ရော်ဖူးမြော်နိုင်ကြပါစေ	...	၄၄
၁၅။	ဗုဒ္ဓမြတ်စွယ်တော်နှင့် အနော်ရထာမင်း	...	၅၁
၁၆။	မြတ်စွယ်တော် တန်ခိုး မည်သို့ရှေးပြည် (တေးထပ်)	...	၅၅
၁၇။	ဗုဒ္ဓစွယ်တော်မြတ်၏ တန်ခိုးတော်အနန္တ	...	၅၆
၁၈။	တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓစွယ်တော်ဘွဲ့ (ရှစ်လုံးဘွဲ့ကဗျာ)	...	၆၁
၁၉။	ဖူးခွင့်ကြုံကြရတော့မည့် ဗုဒ္ဓစွယ်တော်မြတ်	...	၆၃
၂၀။	အသမ္ဘိန္နဓာတ်တော် လက်ဝဲအထက်စွယ်တော်မြတ်	...	၆၆
၂၁။	ဗုဒ္ဓစွယ်တော်မြတ်နှင့် တရုတ်ဗုဒ္ဓဘာသာ	...	၆၉
၂၂။	ဗုဒ္ဓစွယ်တော်မြတ်ကိုပူဇော်သော မင်းတုန်းမင်းတရားကြီး	...	၇၅
၂၃။	ဓမ္မတေး (၂ ပုဒ်)	...	၇၇
၂၄။	ဗုဒ္ဓမြတ်စွယ်တော်ကိုပူဇော်သော ကုန်းဘောင်ခေတ်မင်းများ	...	၇၈
၂၅။	ဗုဒ္ဓမြတ်စွယ်တော်ကိုပူဇော်သော ညောင်ရမ်းခေတ်မင်းများ	...	၇၉
၂၆။	ဗုဒ္ဓမြတ်စွယ်တော်ကိုပူဇော်သော ဘုရင့်နောင်မင်းတရားကြီး	...	၈၀

www.dhammaransi.com

စဉ်	အကြောင်းအရာ		စာမျက်နှာ
၂၇။	ဗုဒ္ဓစွယ်တော်မြတ် (ရှစ်ဆယ်ပေါ်ထပ်ကွန့်တေးထပ်)	...	၈၄
၂၈။	တ့ရုတ်ပြည်သူ့ သမ္မတနိုင်ငံမှဗုဒ္ဓစွယ်တော်မြတ်	...	၈၅
၂၉။	ဗုဒ္ဓဝင်ဘုရားရှစ်ခိုးအလင်္ကာ	...	၈၈
၃၀။	ဗုဒ္ဓမြတ်စွယ်တော်ဖူးမြော်ကြပြည်သူများ	...	၈၉
၃၁။	ရောင်စုံမာတ်ပုံကဏ္ဍ	...	၉၃
၃၂။	စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ	...	၁၅၇

www.dhammaransi.com

အမှာစာ

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြတ်ဗုဒ္ဓ၏ကိုယ်စားတော်များဖြစ်တော်မူကြသည့် မာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီတော်ဟူ၍ ၄ မျိုးစလုံး နေရာဒေသအနှံ့လက်ညှိုးထိုးမလွဲရ လောက်အောင်ပင် ဘုရားပုထိုးစေတီတော်များ ပေါများစွာတည်ရှိနေခြင်းကြောင့် မြန်မာကို ကမ္ဘာက "စေတီပုထိုးနိုင်ငံတော်" (Lands of Pagodas) အဖြစ် တင်စားသတ်မှတ်ထားဖါသည်။ အနန္တ ကျေးဇူးတော်ရှင် ဂေါတမ မြတ်ဗုဒ္ဓသခင် ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့ပြီးသည်မှ ယနေ့မျက်မှောက် ကာလတိုင် သာသနာတော်နှစ် ၂၅၃၈ ခုနှစ်အထိ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး နေလိုလိုထွန်းကားတည်တံ့နေလျက်ရှိသည့် ကျွန်ုပ်တို့၏ အမိမြန်မာနိုင်ငံတော်ကြီးဝယ် ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအဖြစ်နှင့် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို နိစ္စရူပြုနေကြရသည့် လူနေမှုဘဝကို ရရှိနေခြင်းသည်ပင်လျှင် ထူးခြားလှသော ကုသိုလ်ထူးကြီးကြောင့်ပင် ဖြစ်သည်ဟု ဆိုရပါမည်။

သည်ထက် နလုံးပိတိဂွမ်းဆီထိမျှ ဝမ်းမြောက်ကြည်နူး ပါရမီကုသိုလ်ထူးလှသည်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဂေါတမမြတ်ဗုဒ္ဓ၏ စွယ်တော်မြတ်အား ကြုံတောင့်ကြုံခဲ ဖူးတွေ့ ကြည်ညိုပူဇော်လှူဒါန်းခွင့် ရရှိခဲ့ကြခြင်းပင် ဖြစ်ပါသည်။

သုံးလောကထွတ်ထား၊ မြတ်ဗုဒ္ဓဘုရားလောင်းလျာသည် မဟာသက္ကရာဇ် (၆၈) နှစ်၊ ကဆုန်လပြည့် (သောကြာနေ့) တွင် ဖွားမြင်တော်မူခဲ့ပြီး မဟာသက္ကရာဇ် (၁၀၃) နှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့) တွင် သဗ္ဗညုတဉာဏ်တော်ရှင် မြတ်ဗုဒ္ဓသခင်အဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ သုံးလူ့သခင် သဗ္ဗညုဘုရားရှင်သည် ၄၅ နှစ် ကာလပတ်လုံး လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကို မနားမနေ ဆောင်ရွက်တော်မူခဲ့ပြီး သက်တော် ၈၀ ပြည့်မြောက်သော မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် (အင်္ဂါနေ့) နံနက်မိုးသောက်ယံခါတွင် ဝိပါက်ကမ္မဇရုပ်မျှအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါသည်။

မြတ်ဗုဒ္ဓသခင်၏ ဥတုဇရုပ်ကလာပ်တော်ကို တေဇောဓာတ်မီး လောင်ကျွမ်းစေပြီး တစ်ပတ်အကြာ နယုန်လဆန်း ၅ ရက်နေ့ (တနလင်္ဂနေ့) တွင် ဓာတ်တော်များကို ဝေငှပြီးစီးခဲ့ပါသည်။ မြတ်စွာဘုရား၏ အရိုးတော်၊ အသားတော်၊ အသွေးတော်တို့မှာ အောက်ဖော်ပြပါအတိုင်း ကြွင်းကျန်ရစ်တော်မူခဲ့ပါသည်။

အရွယ်ပမာဏ	အရောင်	အလေးချိန်
၁။ မုန်ညင်းစေ့	မြတ်လေးပန်းငုံ	၆ ပြည်
၂။ ဆန်ကျိုး	ပုလဲအဆင်း	၅ ပြည်
၃။ ပဲနောက်စေ့	ရွှေအဆင်း	၅ ပြည်

www.dhammaransi.com

ထို့ပြင် မီးမခဘဲ မူလပကတိအတိုင်း ကျန်ရစ်တော်မူခဲ့ကြသည့် သရီရဓာတ်တော်တို့မှာ-

၁။ အထက်လက်ယာစွယ်တော်
၂။ အောက်လက်ယာစွယ်တော်
၃။ အထက်လက်ဝဲစွယ်တော်
၄။ အောက်လက်ဝဲစွယ်တော်
၅။ နဖူးသင်းကျစ်တော်
၆။ ယာညှပ်ရိုးတော်နှင့်
၇။ ဝဲညှပ်ရိုးတော် တို့ဖြစ်ကြပါသည်။

ထိုသရီရဓာတ်တော်များအနက် အထက်လက်ဝဲစွယ်တော်ကို ထိုစဉ်က ဂန္ဓရတိုင်း (ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံ) သို့ ရဟန္တာအရှင်မြတ်များက ပင့်ဆောင်ပူဇော်ခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ညီရင်းအစ်ကို ဆွေမျိုးပေါက်ဖော် နိုင်ငံအချင်းချင်းဖြစ်သည့်အလျောက် နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဖော်ပြပါ အထက်လက်ဝဲစွယ်တော်ကို ပင့်ဆောင်ပူဇော်ခွင့်ရရှိခဲ့ကြခြင်းပင် ဖြစ်ပါသည်။

ထိုဗုဒ္ဓမြတ်စွယ်တော်ကြီးသည် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ နံနက် ၁၁ နာရီ ၃၇ မိနစ်၊ မင်္ဂလာအချိန်အခါသမယတွင် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိတော်မူခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စွယ်တော်ပင့်ဆောင်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင် နိုင်ငံတော်အကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ရပ်ရွာ၊ သဘင်၊ ဂီတအစည်းအရုံးတို့မှ ပုဂ္ဂိုလ်များနှင့် လုပ်သားပြည်သူများက ဒေဝါဝင်း၊ ရာဇာဝင်း ခင်းကျင်းရှု သောင်းသောင်းဖြဖြ ကြိုဆိုကော်ရော် ပူဇော်ခဲ့ကြပြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေမြင့်ရှိ မဟာပါသာဏ လိုဏ်ဂူတော်သို့ ရတနာဆင်ဖြူတော်ဆွဲသည့် ရတနာရထားဖြင့် ပင့်ဆောင်ခဲ့ကြပါသည်။

လူသာမန်တို့တွင် သွား ၃၂ ချောင်းသာရှိပြီး သဗ္ဗညုတဉာဏ်တော်ရှင် မြတ်ဗုဒ္ဓသခင်တွင် အား‌လုံးညီညာလျက်ရှိသော သွားတော် ၄၀၊ စွယ်တော် ၄ ခု ရှိတော်မူပါသည်။

မြတ်ဗုဒ္ဓသခင်သည် သာမန်လူသားတို့ကဲ့သို့ လုံးဝမဟုတ်ဘဲ မဟာပုရိသမြတ်၏ လက္ခဏာတော် ၃၂ ပါး‌နှင့် ပြည့်စုံတော်မူသည်ဖြစ်ရာ ကျွန်ုပ်တို့ ဖူးမြော်ကြည်ညိုခဲ့ကြရသည့် အထက်လက်ဝဲမြတ်စွယ်တော်ကို ဖူးမြော်ကြည့်ရုံနှင့်ပင် မြတ်ဗုဒ္ဓ၏ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တကို ရည်မှန်းပူဇော်နိုင်လိမ့်မည်ဟု ထင်မြင်မိပါသည်။

သဗ္ဗညုတ ဉာဏ်တော်ရှင် မြတ်ဗုဒ္ဓသခင်၏ သရီရဓာတ်တော်တစ်ဆူဖြစ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်ကို ရန်ကုန်မြို့ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ၂၁-၄-၉၄ ရက်နေ့မှ ၄-၅-၉၄ ရက်နေ့အထိ ကိန်းဝပ်စံပယ်အပူဇော်ခံရာတွင် လည်းကောင်း၊ ၅-၅-၉၄ ရက်နေ့မှ ၁၀-၅-၉၄ နေ့အတွင်း ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ဒေသစာရီကြွချီတော်မူခဲ့ကာ၌ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား‌နှင့် မိတ္ထီလာမြို့များတွင် တစ်ညစီ ကိန်းဝပ်စံပယ်အပူဇော်ခံရာတွင်လည်းကောင်း၊ မန္တလေးမြို့၌ ၁၀-၅-၉၄ ရက်နေ့မှ ၁၈-၅-၉၄ ရက်နေ့အထိ ၉ ရက်တိုင်တိုင် ကိန်းဝပ်စံပယ်

www.dhammaransi.com

အပူဇော်ခံရာတွင်လည်းကောင်း၊ ၁၉-၅-၉၄ ရက်နေ့တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ဒေသစာရီပြန်လည်ကြွချီတော်မူခဲ့ပြီး ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ၁၉-၅-၉၄ ရက်နေ့မှ ၄-၆-၉၄ ရက်နေ့အထိ ကိန်းဝပ် စံပယ်တော်မူရာတွင် လည်းကောင်း၊ ၅-၆-၉၄ ရက်နေ့၊ နေ့လယ် ၂ နာရီတွင် ဗုဒ္ဓစွယ်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ကြွချီတော်မူရာတွင် လည်းကောင်း သဒ္ဓါကြည်လင် စေတနာရှင် ဗုဒ္ဓဘာသာဝင်အပေါင်းမှာ သောင်းသောင်းဖြဖြကြည်ညိုပူဇော် လှူဒါန်းခဲ့ကြသည်မှာ အံ့မခန်းဖြစ်ခဲ့ရပါသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်မြို့၌ အလှူရှင်များထည့်ဝင်လှူဒါန်းငွေမှာ ၁၀၇၂၉၀၈၉၇ ကျပ် ၉၉ ပြား၊ ရတနာပစ္စည်း ၇၂၇၄ မျိုး၊ စီစစ်နေဆဲရတနာပစ္စည်း ၂၀၁၄ မျိုး၊ အခြားအလှူပစ္စည်း ၃၅ မျိုးနှင့် မန္တလေးမြို့၌ အလှူရှင်များထည့်ဝင်ငွေ ၅၄၉၁၁၁၈၇ ကျပ် ၈၄ ပြား၊ ရတနာပစ္စည်း ၆၅၀၉ မျိုးနှင့် အခြားအလှူပစ္စည်း ၁၆၁ မျိုး ရှိခဲ့ကြောင်း သိရှိရပါသည်။ ထို့ပြင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် တည်ထားကိုးကွယ်ဌာပနာတော်မူမည့် စွယ်တော်ဟူးစေတီ ၂ ဆူအတွက်လည်း ယနေ့တိုင် သဒ္ဓါကြည်လင် စေတနာရှင်များက စဉ်ဆက်မပြတ်လှူဒါန်းလျက်ရှိနေကြသည်မှာ အားရဝမ်းမြောက်စွာ သာဓုအနုမောဒနာပြုဖွယ်ဖြစ်ပါသည်။

ထို့ကြောင့် ကြုံတောင့်ကြုံခဲဖူးတွေ့ပူဇော်ရသော သရီရဓာတ်တော်၊ ဗုဒ္ဓမြတ်စွယ်တော်ကို အခါမလပ် ရှည်မှန်းကြည်ညို ကုသိုလ်တော်ရယူပွားများရေးကို အထောက်အကူပြုနိုင်ရန် ရည်သန်၍ ဗုဒ္ဓမြတ်စွယ်တော်နှင့် ပတ်သက်၍ ဒေသစာရီကြွမြန်းရာ၊ အပူဇော်ခံရာ၊ ကြည်ညိုဖွယ်ရာများ၊ နောက်ခံသမိုင်းအထောက်အထားများနှင့် သက်ဆိုင်သော စာပေပညာရှင်များ၏ ဆောင်းပါးများ၊ ဗုဒ္ဓမြတ်စွယ်တော်နှင့်ပတ်သက်သော မှတ်တမ်းတင် ရောင်စုံဓာတ်ပုံများကို ဝေဝေဆာဆာ စုစည်း၍ ဤဗုဒ္ဓမြတ်စွယ်တော်မှတ်တမ်းစာအုပ်ကို ပြုစုထုတ်ဝေခြင်းဖြစ်ပါသည်။ ဤတန်ဖိုးမဖြတ်နိုင်သော ဗုဒ္ဓမြတ်စွယ်တော်မှတ်တမ်းစာအုပ်ကြီးဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးခဲ့ကြသည့် ပုဂ္ဂိုလ်များအား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

သိန်းစိန်

ဥက္ကဋ္ဌ

ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ဖူးမြော်အကြည်ညိုခံရေး၊
ပြန်ကြွရေးဆပ်ကော်မတီ

www.dhammaransi.com



ဗုဒ္ဓမြတ်စွယ်တော်

www.dhammaransi.com

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ဘုရား၏ သမိုင်းအကျဉ်း

ဗုဒ္ဓမြတ်စွယ်တော်ဘုရားစေတီသည် သကျမုနိဗုဒ္ဓမြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ဌာပနာရန် အတွက် တရုတ်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့က တည်ထား၊ကိုး၊ကွယ်သော စေတီအသစ်ဖြစ်သည်။ ဤစေတီသည် မူရင်း၊ဌာနဖြစ်သော လင်ဂွမ်ဘုန်း၊ကြီး၊ကျောင်း၊ဝင်း၊အတွင်း၌ရှိသည်။ ပဲ့ကျင်း၊မြို့တော်၏ အနောက်တောင်ကုန်း၊များ၊တွင် နာမည်ကျော်ကြား၊လှသော အလှဆုံး၊ရှုခင်း၊ဌာနအနက် လင်ဂွမ်ဘုန်း၊ကြီး၊ကျောင်း၊သည် ဒုတိယမြောက် အလှဆုံး၊ဌာနဖြစ်သည်။ ဤဗုဒ္ဓမြတ်စွယ်တော်သည်ကား၊ တရုတ်နိုင်ငံတွင် နှစ်ပေါင်း၊ ၁၅၀၀ ကျော် ကိန်း၊ဝပ် စံပယ်တော်မူလျက်ရှိသည်။

ဗုဒ္ဓဝင်သမိုင်း၊မှတ်တမ်း၊အထောက်အထား၊များ၊အရဆိုသော် ဗုဒ္ဓမြတ်စွာဘုရား၊သည် ပရိနိဗ္ဗာန်စံတော်မူပြီး၊နောက် ရုပ်ကြွင်း၊သည် တေဇောဓာတ်လောင်ရာ လူ့ပြည်အတွက် မြတ်စွယ်တော်နှစ်ဆူကို ထား၊ရစ်တော်မူသည်။ တစ်ဆူကို သီရိလင်္ကာသို့ ဆောင်ယူကိုး၊ကွယ်ကြသည်။ အခြား၊တစ်ဆူကို ရှေး၊ဟောင်း မင်း၊နိုင်ငံတော်ဖြစ်သော ဥတည်ရာနသို့ ဆောင်ယူသည်။ (ဥတည်ရာနသည် ယနေ့ ပါကစ္စတန်နိုင်ငံအတွင်း၌ရှိသည်။) ဥတည်ရာနမှ ခိုထန်သို့ ပင့်ဆောင်လာခဲ့သည်။ (ခိုထန်သည် ယနေ့ တရုတ်နိုင်ငံ၊ ဧင်ဂျန်း၊ပြည်နယ်တွင်ရှိဟိတိယန်ဖြစ်သည်။) ၅ ရာစုတွင် တောင်ပိုင်း ကိမင်း၊ဆက်လက်ထက် ဖစီယန်အမည်ရှိ တရုတ်ဘုန်း၊တော်ကြီး (၄၂၄-၄၉၈) တစ်ပါး၊သည် ခိုထန်သို့ ခရီး၊နှင်ခဲ့သည်။ ခိုထန်မှ မြတ်စွယ်တော်ကို နန်ကျင်း၊သို့ ပင့်ဆောင်လာခဲ့သည်။ ထိုစဉ်က နန်ကျင်း၊သည် တောင်ပိုင်း၊ကိမင်း၊ဆက်တို့၏ ရွှေမြို့တော်ဖြစ်သည်။ ဆိုမင်း၊ဆက်လက်ထက်၌ တရုတ်ပြည်ကြီး ပြန်လည်စည်း၊ရုံး၊လာခဲ့ရာ မြတ်စွယ်တော်ကို ရွှေမြို့တော်အသစ် ချန်အန်း၊သို့ ပင့်ဆောင်ကိုး၊ကွယ်ကြသည်။ မင်း၊ဆက်ဒါး၊ဆက်လက်ထက် တရုတ်ပြည်အလယ်ပိုင်း၊သည် မတည်မငြိမ်ဖြစ်လာရာ မြတ်စွယ်တော်ကို တစ်နေရာမှ တစ်နေရာသို့ ပြောင်း၊ရွှေ့သယ်ဆောင်ခဲ့ရာ မြောက်ပိုင်း၊ လီယိုမင်း၊ဆက်တို့၏ ရွှေမြို့တော်ဖြစ်သော ယန်ကျင်း၊ (ယနေ့ ပဲ့ကျင်း၊မြို့တော်) သို့ ရောက်ရှိလာသည်။ ကေရာဇ်“ဒအိုဇွန်”၏ နန်း၊စဉ်ရာဇဝင်ဖြစ်သော လီယိုမင်း၊ဆက်သမိုင်း၊အတွဲ ၂၂ တွင် ဇောင်ဆီယန်စေတီတွင် ဗုဒ္ဓမြတ်စွယ်တော်ကို ဌာပနာကြောင်း၊ မှတ်တမ်း၊ပါရှိသည်။ ဇအိုယုန်မင်း၊၏ နန်း၊သက် ၇ နှစ်နှင့် ၈ လမြောက် (၁၀၇၁)တွင် ဌာပနာကြောင်း၊ဖော်ပြထား၊သည်။ ဤကား၊ဗုဒ္ဓမြတ်စွယ်တော်၏ ပဲ့ကျင်း၊ရွှေမြို့တော်သို့ ကြွရောက်လာခြင်း၊အကြောင်း၊ဖြစ်သည်။

ဇောင်ဆီယန်စေတီတည်ရှိရာ လင်ဂွမ်ဘုန်း၊ကြီး၊ကျောင်း၊တော်ကြီး၊ကား၊ ၈ ရာစုက တည်ဆောက်သော ကျောင်း၊ကြီး၊ဖြစ်သည်။ ကျောင်း၊ဝင်း၊အရှေ့တောင်ထောင့်နေရာ၌ အုတ်နှင့်တည်ဆောက်သော အဋ္ဌဂံရုစ်မျှောင့်ပုံစံအထပ် ၁၀ ထပ်ပါသောစေတီဖြစ်သည်။ စေတီအုတ်ချပ်များ၊တွင် ဗုဒ္ဓပုံတော်နှင့် ဘီပုံတော်များ၊ပါရှိသောကြောင့် “ဗုဒ္ဓဘုရား၊ပုံတော်တစ်ထောင်စေတီ” ဟု တွင်လာသည်။ ပဲ့ကျင်း၊ရွှေမြို့တော်သို့ရောက်လာသော ကမ္ဘာအဝှမ်း၊မှ ဧည့်သည်တို့အဖို့ လင်ဂွမ်ကျောင်း၊တော်ကြီး၊ကား၊ဘုရား၊ဖူး၊လေ့လာစရာ နာမည်ကျော်ဌာနတစ်ခု ဖြစ်နေခဲ့သည်မှာ နှစ်ပေါင်း၊ရာနှင့်ချီ၍ ကြာခဲ့ပြီ။ ၁၉၀၀ ပြည့်နှစ်၌ နယ်ချဲ့ရုစ်နိုင်ငံတို့၏တပ်များ၊ ပူး၊ပေါင်း၍ ပဲ့ကျင်း၊ရွှေမြို့တော်သို့ ကျူး၊ကျော်

www.dhammaransi.com

ဝင်ရောက်လာကြသောအခါ ပစ္စည်းများ လုယူဖျက်ဆီးခြင်း၊ မီးရှို့ခြင်း ပြုလုပ်ကြသောကြောင့် မြောက်များစွာ ပျက်စီးဆုံးရှုံးရသည်။ ဆင်ခြေဖုံးအရပ်များတွင်တည်ရှိသော လင်ဂွမ်ကျောင်းနှင့် ဧောင်ဆီယန်စေတီတို့သည်ပင် ကျူးကျော်သူတို့၏ သေနတ်များနှင့်ပစ်ခတ်ခြင်းကြောင့် ပျက်စီးကုန်သည်။ ဘေးဆိုးကြီး လွန်မြောက်သွားပြီးနောက် ကျောင်းနေရဟန်းတော်တို့ ကျောင်းဝင်းကို ရှင်းလင်းကြရာ စေတီ၏အောက်ခြေ၌ ကျောက်ဌာပနာကြုတ်ကိုထွေ့ရာ အတွင်း၌ မြတ်စွယ်တော်ကို ဌာပနာထားသည်ကို ဖူးတွေ့ရသည်။ ကြုတ်အတွင်း၌သစ်မွှေးနှင့်ပြုလုပ်ထားသော သေတ္တာပေါ်ဝယ် အောက်ပါကမ္ဘည်းစာတမ်းကို တွေ့ရသည်။

"သက္ကမုနိဗုဒ္ဓမြတ်စွာ၏ မြတ်စွယ်တော်မာတ်တိယန်ဟူရီမင်း၏နန်းသက် ၇ နှစ်၊ ၄ လ၊ ၂၃ ရက်နေ့တွင် ရှန်ဟူရီက ဤကမ္ဘည်းကိုရေးသည်။" ကဲ့ကောင်းထောက်မသဖြင့် "နှင်းရည်သောက် ကျောက်ဖလားခွက်ကြီး" သည် စေတီ၏ထိပ်၌ မူလတင်ထားသည့်အတိုင်း မပျက်မစီး ပကတိတည်နေသည်။ ထိုကျောက်ဖလားခွက်ကြီးတွင် ထိုးထားသော စေတီတည်ခုနှစ်သည် လီယိုမင်းဆက် ရာဇဝင်ပါ ခုနှစ်နှင့်ကိုက်ညီကြောင်း တွေ့ရသည်။ ထိုကမ္ဘည်းတွင် ဖော်ပြထားသည်မှာ "ယန်ဂူအိုနယ်စားမင်းသမီးကြီး နိုးဇန်က ဤစေတီကိုတည်သည်။ ရှန်ဖု၊ လင်ဂေါင်နှင့် မဟာလီအိုနယ်စားကြီး စသော ဘွဲ့များရရှိသူ မဟာနန်းရင်းဝန်ကြီး မယ်တော်ကား ဤမင်းသမီးကြီး ဖြစ်သည်" ဟု ဖြစ်သည်။

ယန်ဂူအိုနယ်စား မင်းသမီးကြီးကား လီအို၏ နန်းရင်းဝန်ကြီး ယေလုရန်ဆီယန်၏ မယ်တော်ဖြစ်သည်။ သစ်မွှေးသေတ္တာတွင် ကမ္ဘည်းရေးပေးသော ရှန်ဟူရီကား မင်းဆက်ငါးဆက်ခေတ်ကို မြောက်ပိုင်း ဟန်နယ်မှ ဘုန်းတော်ကြီးဖြစ်သည်။ မင်ဂိုးပြုစုသော "ထင်ရှားသောရဟန်းတော်များ အတ္ထုပ္ပတ္တိများ နောက်ဆက်တွဲ" တွင် ရှန်ဟူရီ၏ အတ္ထုပ္ပတ္တိအကျဉ်းဖော်ပြထားသည်။ တီရန်ဟူရီမင်း၏ နန်းသက် ၇ နှစ်ကား အေဒီ ၉၆၃ ခုဖြစ်သည်။ ၁၀၇၁ ခုနှစ် ဧောင်ဆီယန်စေတီ၌ဌာပနာသောနှစ်မှစ၍ ၁၉၀၀ ပြည့်နှစ်တွင် ပြန်လည်ပေါ်ပေါက်လာသောနှစ်အထိ နှစ်ပေါင်း ၈၃၀ ကြာထိုစေတီတွင်း၌ မြတ်စွယ်တော်ကိန်းဝပ်နေခဲ့သည်။

မြတ်စွယ်တော်ပြန်လည်ပေါ်လာသောအချိန် ၁၉၀၀ ပြည့်နှစ်မှ နှစ် ၅၀ အတွင်း တရုတ်ပြည်ကြီးသည် စစ်ဘုရင်များနှင့် အရာရှိဆိုးများလက်အောက်သို့ကျရောက်ရပြီး နယ်ချဲ့တို့၏ကျူးကျော်မှုလည်းခံရသည်။ ယင်းအခြေအနေတွင် ရဟန်းတော်တို့သည် ဗုဒ္ဓဘာသာယဉ်ကျေးမှုထုံးစံဓလေ့အတိုင်း မြတ်စွယ်တော်ကို ပူဇော်ကိုးကွယ်ထားရန်မဖြစ်နိုင်တော့ချေ။ တရုတ်ပြည်ကြီး လွတ်မြောက်သွားပြီးသောအခါ ပဲ့ကျင်းရှေ့မြို့တော်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့၏ ကမကထပြုခြင်းနှင့် တရုတ်နိုင်ငံတော်အစိုးရ၏ ပံ့ပိုးထောက်ခံမှုပြုခြင်းတို့ကြောင့် မြတ်စွယ်တော်မာတ်ကို ၁၉၅၅ ခုနှစ်တွင် ဂွမ်ဂျီဘုန်းကြီးကျောင်းသို့ ပင့်ဆောင်ခဲ့ကြသည်။ ကျောက်မျက်ရတနာ ၇ မျိုးနှင့် စီခြယ်ထားသော ထူပါစေတီပုံရှိသော ရွှေသားပကတိကြုတ်အတွင်း၌ မြတ်စွယ်တော်မာတ်ကို ကိန်းဝပ်စေပြီး သရီရကျောင်းဆောင်တော်ကြီးအတွင်း၌ထား၍ကိုးကွယ်ရာ ပြည်တွင်းပြည်ပမှ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ လာရောက်ဖူးမြော်ပူဇော်ကြသည်။ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့၏ မေတ္တာရပ်ခံချက်အရ မြတ်စွယ်တော်သည် ထိုနိုင်ငံနှစ်နိုင်ငံသို့ သီးခြားဒေသစာရီကြွချီပြီး အပူဇော်ခံတော်မူခဲ့သည်။

www.dhammaransi.com

မြတ်စွယ်တော်ကိုပူဇော်ရန် ထာဝရနေရာဌာနသတ်မှတ်ရေးနှင့် ကျော်ကြားသော သမိုင်းဝင်နေရာကို ထည်ဝါခဲ့ညား:စေရန် မွမ်းမံပြုပြင်ရေးအတွက် ဗုဒ္ဓဘာသာရိုးရာစနစ်အရ စေတီအသစ်တစ်ဆူတည်ထား:ရန် ၁၉၅၇ ခုနှစ်က တရုတ်နိုင်ငံ ဗုဒ္ဓဘာသာဝင်အပေါင်:တို့က အဆိုပြုကြသည်။ ၁၉၅၈ နွေရာသီမှ ၁၉၆၄ ခုနှစ် နွေဦ:ပေါက်ချိန်အထိ ခဲ့ညား:တင့်တယ်လှသော စေတီအသစ်နှင့် အပေါင်:ပါ သာသနိကအဆောက်အအုံတို့ကိုတည်ဆောက်ရာ အောင်မြင်စွာပြီ:စီ:ခဲ့သည်။

၅၁ မီတာမြင့်သောမြတ်စွယ်တော်စေတီတော်သည် ရှစ်မြောင့်ပုံဖြစ်ပြီ: ဖောင်:ရစ် ၁၃ ရစ်နှင့် မွမ်းမံထား:သည်။ စတုရန်: ၂၂ မီတာကျယ်သောဖိနပ်တော်ပေါ်ဝယ်တည်ထား:သည်။ ဖိနပ်တော်သည် မြေပြင်မှ ၂.၇၀ မီတာမြင့်သည်။ ဆောက်လုပ်မှုတွင် ခေတ်သစ် ဗိသုကာနည်:များ:ကို အသုံ:ပြုပြီ: ပုံစံတွင် တရုတ်ရှေ:ရိုး:ရာ ဗုဒ္ဓဘုရား:စေတီ၏ အစဉ်အလာများ:အတိုင်: တည်ဆောက်ထား:သည်။ ဗိသုကာ ပြုပြင်ပြောင်:လဲမှုနှင့် ဖွံ့ဖြိ:တိုး:တက်မှုများ:လည်: ပြုလုပ်ထား:သည်။ အပြင်မှကြည့်လျှင် တစ်ထပ်တည်:သာပါသော အဆောက်အအုံနှင့်တူပြီ: ဖောင်:ရစ်များ:ကို နီ:ကပ်စွာ ဖော်ထား:သည်။ ဤဗိသုကာပုံစံမှာ တန်နှင့် စွန်:မင်:ဆက်များ:ခေတ်က မြောက်ပိုင်: တရုတ်ပြည်၌ အလွန်ခေတ်စား:သည်။ မြစိမ်:ရောင်ကြွေပြာ:များ:နှင့် စီခြယ်ပြီ: ရွှေထီ:တော်တင်ထား:သည်။ အနုစိတ်ထုထား:သော ပန်:ပုလက်ရာများ:နှင့် အလှဆင်ထား:သော ပြတင်:များ:နှင့် ထုပ်ဆွဲ၊ ထုပ်ထောက်များ:က စေတီတော်၏ ကျက်သရေကို တိုး:စေသည်။ ရှင်:လင်:တိကျခဲ့ညား:သိမ်မွေ့သော အသွင်ဆောင်နေသည်။ အတွင်:ပိုင်:၌ အထပ် ၇ ထပ်ဆင့်ထား:သည်ကို တွေ့ရသည်။ မြေအောက်ထပ်၌ လျှို့ဝှက်အခန်:ရှိရာ အခန်:နံရံများ:တွင် ကျောက်စာပြာ:များ: ကပ်ထား:သည်။ စေတီတည်ထား:ခြင်:အကြောင်: သမိုင်:နှင့် များ:စွာသော ဗုဒ္ဓစာပေများ:ကို ရေး:ထို:ထား:သော ကမ္ဘည်:ကျောက်စာများ:ဖြစ်သည်။ ထိုအခန်: အပြင်၌ရှိသော ကျောက်လှေကား:ထစ်များ:မှ ကွေ့ပတ်တက်လာလျှင် မြတ်စွယ်တော်ကိန်:ဝပ်ရာ စံကျောင်:တော်အခန်:ကြီ:သို့ ရောက်လာသည်။ အခန်:အလယ်တွင် ဝါဂျရပလ္လင်ရှိပြီ: ပလ္လင်ပေါ်တွင် ကျောက်မျက်ရတနာ ၇ ပါ:စီခြယ်ထား: ရွှေသား:ပကတိနှင့်ပြုလုပ်ထား:သော မြတ်စွယ်တော်ကြွတ်ကို ဖူ:တွေ့ရသည်။ မြတ်စွယ်တော်ကြွတ်မှာ ရှေ:ဟောင်:စေတီပုံစံဖြစ်ပြီ: လက်ရာမြောက်လှသော ပန်:တိမ်ပညာအမွမ်:အမံများ:နှင့် ဖော်ထား:သည်။ မှန်ကာထား:သောနေရာမှ အတွင်:သို့ ဖူ:လိုက်သောအခါ ရွှေကြာပွင့်ပေါ်တွင် ကိန်:ဝပ်နေသော မြတ်စွယ်တော်ကို ကြည်ညိုဖွယ်ရာဖူ:တွေ့ရသည်။ မြတ်စွယ်တော်ကြွတ်၌ သက္ကတဘာသာနှင့်ရေး:ထို:ထား:သော ဂါထာများ:ကိုတွေ့ရသည်။ တရုတ်ရိုး:ရာခြသေ့ပုံဖောင်:ကြွများ:ကို ကြွတ်တွင်ထွင်:ဖော်ထား:သည်။ မြတ်စွယ်တော်ကြွတ်၏နောက်ကျောတွင် နောက်ခံကား:သဖွယ်ဆင်ထား:သော ရောင်စုံ ဆေ:ပန်:ချီကား:ချပ်ကြီ:ရှိသည်။ ခန်:မကြီ:နံရံများ:၌ မာဘယ်ကျောက်ပြာ:များ:နှင့်မွမ်:မံထား:သည်။ မျက်နှာကြက်တွင် ရွှေပိန်:ချနဂါ:ရုပ်ကြီ: သက်ဝင်လှုပ်ရှား:နေဟန်ကို ဖောင်:ကြွထွင်:ထား:ရာ ဟသ်ပြဒါ:အနီရောင်အောက်ခံနှင့် ပန်တင့်လှသည်။ အစီအစဉ်အမွမ်:အမံကိုခြုံ၍သုံ:သပ်သောအခါ လေ:နက်တည်ငြိမ်ပြီ: ဗုဒ္ဓသာသနာအပေါ် ကြည်ညိုသဒ္ဓါပွား:စိတ်များ: ဖြစ်ပေါ်စေသည်။ အပေါ်ခြောက်ထပ်၌ ဟန်၊ တိဘက်၊ မွန်ဂိုလျံနှင့် ထိုင်:တိုင်:ရင်:သား:တို့၏ ဘာသာရေ:ဆိုင်ရာ အသုံ:အဆောင် အခမ်:အနာ: ပစ္စည်:များ:နှင့် ဗုဒ္ဓကျမ်:စာပေများ:ကို သီ:ခြား:စီ ထိန်:သိမ်:ပြသထား:သည်။

www.dhammaransi.com

၁၉၆၄ ခု၊ ဇွန်လ ၂၅ ရက်နေ့တွင် တရုတ်ပြည် ဗုဒ္ဓဘာသာအသင်းကြီးက မြတ်စွယ်တော်စေတီဖွင့်ပွဲ အခမ်းအနားကြီးကို တည်ငြိမ်ခဲ့ညားစွာကျင်းပသည်။ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လော၊ မွန်ဂိုလျှ၊ နီပေါ၊ ပါကစ္စတန်၊ ဗီယက်နမ်နှင့် တောင်ဗီယက်နမ်တို့မှ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့များသည် ဖိတ်ကြားချက်အရ အခမ်းအနားကြီးသို့ တက်ရောက်လာကြသည်။ နိုင်ငံခြားသံတမန်အချို့နှင့် တရုတ်အရာရှိများလည်း အခမ်းအနား ကျင်းပရာတွင် ပါဝင်ကြသည်။ ဗုဒ္ဓဘာသာ သာသနာသမိုင်းတွင် အရေးပါလှသော ဤအခမ်းအနားကြီးနှင့် ပတ်သက်၍ ဝမ်းမြောက်ဝမ်းသာပီတိဖြစ်ရပြီး ချီးကျူးထောမနာပြုကြရပါကြောင်းကို ကိုယ်စားလှယ်အဖွဲ့များက တညီတညွတ်တည်း ထုတ်ဖော်ပြောဆိုကြသည်။ မြတ်စွယ်တော်စေတီကြီး ထာဝရတည်တံ့စေကြောင်း၊ သရီရမြတ်စွယ်တော်မာတ် တည်တံ့စေကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးရစေကြောင်းနှင့် လူသားတို့ ကျန်းမာချမ်းသာစေကြောင်းကိုလည်း ဆုတောင်းကြပါသည်။

ဒေါက်တာ ခင်မောင်ညွန့်

www.dhammaransi.com

မြတ်စွယ်တော်ကို အခါခပ်သိမ်း အဝေးမှသာ ပူဇော်ရပါတော့မည်

(သဒါဝန္ဒာမိ ဒူရတော)

ဗုဒ္ဓမြတ်စွယ်တော် တရုတ်ပြည်သို့ ပြန်လည်ပင့်ဆောင်ရေးနှင့်ပတ်သက်၍ ကျင်းပသောညီနှိုင်းမှု အစည်းအဝေးကို ၂၈-၅-၉၄နေ့ မွန်းလွဲပိုင်းကကျင်းပရာတွင် သာသနာရေးဝန်ကြီးဌာနဝန်ကြီးဒုတိယ ဗိုလ်ချုပ်ကြီးမျိုးညွန့်က အစည်းအဝေးဖွင့် မိန့်ခွန်းပြောကြား�ပါသည်။ ထိုသို့ပြောကြားရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခေါင်းဆောင်ကြီးများနှင့် မြန်မာနိုင်ငံ၏ ခေါင်းဆောင်ကြီးများ ချစ်ကြည် ရင်းနှီးမှု၊ နှစ်နိုင်ငံပြည်သူများ ချစ်ကြည်မှုအရ တရုတ်ပြည်၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်ကို မြန်မာနိုင်ငံတော်သို့ပင့်ဆောင်ပြီး ၄၅ ရက်တာကာလ ပူဇော်ခွင့်ရခဲ့ကြောင်း၊ ၄၅ ရက်ပြည့်မြောက်သည့် ၄-၆-၉၄ ၏နောက်တစ်ရက်နံနက် ၅-၆-၉၄ တွင် ဗုဒ္ဓမြတ်စွယ်တော်ကို မူလစံကျောင်းတော်ရှိရာ ဂန္ဓလရာဇ်ပြည်သို့ ခမ်းနားသိုက်မြိုက်စွာ ပြန်လည်ပင့်ဆောင်တော်မူမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားၪ်သည်။

ထိုမိန့်ခွန်းကို မဟာဝိဇယ ဓမ္မသဘင်ခမ်းမကြီး၌ပြောကြားနေစဉ်မဟာပါသာဏလိုဏ်ဂူတော်ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးတွင် လူပရိတ်သတ်၊ ရဟန်းပရိတ်သတ် သိန်းနှင့်ချီ၍ တန်းစီကာရှိနေကြသည်ကို သတိပြုမိပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ ပြည်သူအများစုကြီးသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အတိုင်းယခုကဲ့သို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးခြင်းကြောင့် ကြုံတောင့်ကြုံခဲ အခွင့်အရေးကြီးဖြစ်သည့် ဗုဒ္ဓမြတ်စွယ်တော်အစစ်ကို မိမိနိုင်ငံတော်၏ မြို့တော်ကြီးနှစ်ခု၌ ၄၅ ရက်ကြာခြိမ့်ခြိမ့်သဲ ဝဲချီးသဘင်ဆင်ယင်၍ ပူဇော်ခြင်းပြုခွင့်ရကြသည်ကို အတိုင်းမသိကျေးဇူးတင်ရှိရင်း ပီတိသောမနဿ ဖွားလျက်ရှိကြပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံ ဗုဒ္ဓဘာသာရဟန်းရှင်လူ၊ ပြည်သူအပေါင်းသည် ရပ်ဝေးရပ်နီးမှစုဝေးရောက်ရှိပြီး ဗုဒ္ဓစွယ်တော်ကို သဒ္ဓါရွှင်လန်းစွာ ပူဇော်ခွင့်ရကြသော အရေအတွက်မှာ သန်းနှင့်ချီ၍ ရှိမည်ဖြစ်ပေသည်။ ထို့အပြင်ပြန်ကြားၪ်ရေးဝန်ကြီးဌာန၊ အမှုထမ်းများကလည်း ဗုဒ္ဓမြတ်စွယ်တော်ကို ရပ်ဝေးရပ်နီးပြည်သူအပေါင်းပူဇော်ခွင့်ရစေရန် ရပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှနေ၍ သတင်း၊ သတင်းဓာတ်ပုံ၊ ဗီဒီယိုသတင်း၊ မြတ်စွယ်တော်သမိုင်းစာအုပ်စသည်ဖြင့် မိမိတို့တတ်နိုင်သည်များကို အစွမ်းကုန်ဆောင်ရွက်ပေးကြခြင်းကြောင့် တစ်နိုင်ငံလုံးရှိပြည်သူ ပြည်သားများသာမက ဂြိုဟ်တု (Asia Sat) မှတစ်ဆင့် မြန်မာရပ်မြင်သံကြားကို ကြည့်ရှုနိုင်ကြသော ပတ်ဝန်းကျင်နိုင်ငံများမှ ဗုဒ္ဓဘာသာပြည်သူများလည်း ဖူးမြော်ပူဇော်ခွင့်ရကြပြန်ပါသည်။

အထက်ပါ ပြန်လည်ပင့်ဆောင်ရေးညှိနှိုင်းမှု အစည်းအဝေး၌ ပြန်ကြားၪ်ရေးဆပ်ကော်မတီဥက္ကဋ္ဌကလည်း မြတ်ဗုဒ္ဓစွယ်တော်ပြန်လည်ကြွချီတော်မူသည့်အခါ ဗုဒ္ဓစွယ်တော်ကို ကျေးဇူးတော်ရှင်အစစ် မြတ်ဗုဒ္ဓအဖြစ်ရည်မှန်းကြည်ညိုပူဇော်လျက်ရှိကြသော ပြည်သူသန်းပေါင်းများစွာသည် လွမ်းဆွတ်တသ ကျန်ရစ်ကြမည်ဖြစ်ကြောင်း ထိုသို့မြတ်ဗုဒ္ဓ၏စွယ်တော်ကို ကြည့်ညိုဦးချ ဖူး၍မဝ၊

www.dhammaransi.com

ပူဇော်၍ မတင်းတိမ်ကြဘဲရှိရာမှ မူယင်းစံကျောင်းတော်သို့ ပြန်ကြွသွားသောအခါ ဝမ်းနည်းပက်လက်ဖြစ်၍ ကျန်ရစ်ကြရမည်ကို ဆင်ခြင်နှလုံးသွင်းမိသည့်အတိုင်း ပြန်ကြားရေးဝန်ကြီးဌာနသည် မြတ်ဗုဒ္ဓ စွယ်တော်အလွမ်းပြေ (ပရ စေတနာတိုးပွားထက်သန်စေကြောင်း) ရည်သန်၍ အောက်ပါအစီအစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက် အကောင်အထည်ဖော်ဆောင်လိုပါ၍ ခွင့်ပြုပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

- တရုတ်ပြည်ရှိ စံကျောင်းတော်မှ စတင်ကြွချီသည်မှ ထိုစံကျောင်းတော်အရောက် ပြန်လည်သီတင်းသုံးသည်အထိ ဓာတ်ပုံရောင်စုံ၊ သတင်းမှတ်တမ်းများ ဝေဝေဆာဆာ ဖော်ပြအပ်သည့် မှတ်တမ်းတင်စာအုပ်ကို ပုံနှိပ်၍ ဖြန့်ဝေခွင့်ပြုပါရန်-
- အထက်ပါမှတ်တမ်းကို ဗီဒီယိုအခွေများ ထုတ်လုပ်၍ ဖြန့်ဝေခွင့်ပြုရေး၊
- ဗုဒ္ဓမြတ်စွယ်တော်နှင့်စပ်လျဉ်းပြီး မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများ၌ ရေးသားခဲ့ကြသော ဆောင်းပါးများကို စုစည်း၍ ဆောင်းပါးပေါင်းချုပ်စာအုပ်သီးသန့် ပုံနှိပ်ဖြန့်ချိခွင့် ပြုပါရန်၊
- မော်ကွန်းရုပ်ရှင်မှလည်း ဆေးရောင်စုံသတင်းကားများကို ဆက်လက်ထုတ်လုပ်ဖြန့်ချိ၍ တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများ၌ ပြသခွင့်ပြုပါရန်၊
- အကယ်၍ ဆိုင်ရာတို့က ခွင့်ပြုမည်ဆိုပါက ရောင်စုံဓာတ်ပုံရိုက်ကူးပြီး (လက်မ ၃၀× လက်မ၂၀) အရွယ်ခန့်ညားသပ်ရပ်သော ရောင်စုံဓာတ်ပုံများပုံနှိပ်၍ အမြတ်အစွန်း တစ်ပြားတစ်ချပ်မှ မယူဘဲ ဖြန့်ချိပူဇော်ခွင့်ပြုပါရန်။

အထက်ပါ တင်ပြချက်များကို အစည်းအဝေးသဘာပတိ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က ဆက်လက်တင်ပြပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အားရဝမ်းသာစွာ ပြန်လည်မိန့်ကြားခဲ့ပါသည်။

ထိုအစည်းအဝေး၌ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌက ဗုဒ္ဓမြတ်စွယ်တော်ကို ရွှေ့အခါနှစ်ပေါင်းများစွာကတည်းက လှမ်းမျှော်ပူဇော်ခဲ့သော ဓာတ်တော်မွေတော်ရှိခိုးသည့် ဂါထာ မိမိ၌ရှိပါကြောင်းကိုတင်ပြရာ အစည်းဝေးသဘာပတိက အများပြည်သူများသိရှိကြည်ညိုပူဇော်နိုင်ရန် သတင်းစာ၌ ဖော်ပြသင့်ကြောင်းဖြင့် တိုက်တွန်းအားပေးပါသည်။ ထိုဂါထာတော်ကို သတင်းစာဆရာဦးသိမ်းမောင် ရေးသားသော ဗညားနွဲ့. ရာဇဝင်ဝတ္ထုစာအုပ်ကို ဖတ်ရှုရာမှ လွန်ခဲ့သော ၃၂ နှစ်ခန့်က ရရှိကြောင်း ဂါထာတော်ကို ပူဇော်သောပုဂ္ဂိုလ်မှာ သာသနာ့ ဒါယကာမွန်မင်းတစ်ပါးဖြစ်သော ရာဇာဓိရာဇဘုရင်ဖြစ်ကြောင်း ထိုဂါထာတော်ဖြင့် လေးဆူဓာတ်ပုံ ရွှေတိုက်စေတီတော်၌ လည်းကောင်း၊ ပဲခူးမြို့ရွှေမော်ဓောစေတီတော်မြောက်မျက်နှာ ဒုတိယပန်းတင်ခုံတွင် လိုဏ်ဂူဖြင့် သီတင်းသုံးတော်မူသော ဘီလူးရန်နိုင်ဘွဲ့ အထိကရ ဗုဒ္ဓရုပ်ပွားတော်ကိုလည်းကောင်း ဖူးမြော်ရာ၌ မင်းကြီးသည်မင်းအဖြစ်မရောက်မီ ဗညား နွဲ့မင်းသားဘဝကပင် ရွတ်ဆိုပူဇော်ခဲ့ကြောင်းသိရှိရပါသည်။

ထိုဂါထာတော်မြတ်၏ အနက်ကို ရွှေ့အခါက နေလိုလလို ထင်ရှားကျော်ကြားတော်မူသော ဆရာတော်ဘုရားကြီးတစ်ပါးဖြစ်တော်မူသည့် ထိုသာဘိပဝရာလင်္ကာရမဇ္ဈ မဟာဓမ္မရာဇာဓိရာဇဂုရု

www.dhammaransi.com

ဘွဲ့တံဆိပ်တော်ရ မလက်တို ဂူကုန်းဆရာတော်ဘုရားကြီး၏ ဓာတုပူဇနစာတမ်းမှ ရရှိကြောင်း ဆရာဦးသိမ်းမောင်က ဖော်ပြခဲ့ပါသည်။

ဤဓာတ်တော်ပူဇော်သော ဂါထာတော်ဖြင့် ဂန္ဓာလရာဇ်တိုင်း (တရုတ်ပြည်သူသမ္မတနိုင်ငံ)သို့ ပြန်လည်ကြွမြန်းတော်မူသော ဗုဒ္ဓမြတ်စွယ်တော်ကို ကျွန်ုပ်တို့က အဝေးမှ (ဒူရတော) လှမ်းမျှော်ရည်မှန်းကာ တမ်းတမ်းတတ ပူဇော်ခြင်းပြုနိုင်ပါရန် ဓမ္မလက်ဆောင်အဖြစ် အောက်ပါ ဂါထာတော်မြတ်ကို တင်ပြပါသည်။ ဂါထာတော်တစ်ခုလုံးကို ပူဇော်ရန်အချိန်အခက်အခဲရှိပါက ခရေပွင့်ပြထား သော အပိုဒ်ကို အထူးပြုပူဇော်လျှင်လည်း ကုသိုလ်အရှိန်းမည်မဟုတ်ပါကြောင်း အစီရင်ခံပါသည်။

သမ္မိန္နာစအာသမ္မိန္နာ၊ ဒုဝိဓာဇိန ဓာတုယော၊ တတ္ထတတ္ထ ဌိတာသမ္မာ၊ တာဟံဝန္ဒာမိ ဒူရတော၊ မဟန္တာမုဂ္ဂမာသာစ၊ မဇ္ဈိမာဘိန္နေ တဏ္ဍုလာ၊ ခုဒ္ဒကာသာသပါ တိသော၊ ဝန္ဒာမိ၊ ဇိနဓာတုယော၊

မဟန္တာသုဝဏ္ဏဝဏ္ဏာ၊ မုတ္တာဝဏ္ဏာစ မဇ္ဈိမာ၊ ခုဒ္ဒကာသုမနာ တိသော၊ ဝန္ဒာမိဇိန ဓာတုယော၊ မဟန္တာပဉ္စနာဠိယော၊ မဇ္ဈိမာ နာဠိပဉ္စကာ၊ နာဠိဆ ခုဒ္ဒကာ တိသော၊ ဝန္ဒာမိ ဇိနဓာတုယော၊ ဒက္ခိဏုပရိမာဒေဝေ၊ နာဂေ ဒက္ခိဏဟေဋ္ဌိမာ၊ ဝါမုပရိသီဟဠဒိပေ၊ ကာလိင်္ဂေ ဝါမ ဟေဋ္ဌိမာ၊ သမ္မဒ္ဓဿ စတုဒါဋ္ဌာ၊ အဟံဝန္ဒာမိ ဒူရတော၊

* ဥဏ္ဏိသံစတုရောဒါဋ္ဌာ၊ ဒွေအက္ခကာစဓာတုယော၊ သတ္တဓာတုအသမ္မိန္နာ၊ သဒါဝန္ဒာမိ ဒူရတော၊

ဝဓိရာယဋ္ဌတောပတ္တော၊ ကုလဃရေနိဝါသနံ၊ ကာသာဝံ၊ ဗြဟ္မလောကေစ၊ ပါဋလိယံ ကာယ ဗန္ဓနံ၊

ဝါသိသုစိဣန္ဒပတ္တော၊ ဝိဒေဟေ ပရိဿာဝနံ၊ပရိဘောဂေ ဆစေတိယေ၊ အဟံဝန္ဒာမိဒူရတော။

“သမ္မိန္နာစ၊ ပြိုကွဲသောဓာတ်တော်တို့သည်လည်းကောင်း။ အသမ္မိန္နာစ၊မပြိုကွဲသော ဓာတ်တော်တို့သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိကုန်သော။ ယာဇိန ဓာတုယော၊ အကြင်မြတ်စွာဘုရား၏တော်တို့သည်။ တတ္ထ တတ္ထ၊ ထိုထိုမြို့ရွာတို့၌ ။ သမ္မာ၊ ကောင်းစွာ။ ဌိတာ တည်တော်မူကုန်၏။ တာဇိန ဓာတုယော၊ ထိုမြတ်စွာဘုရား၏ ဓာတ်တော်တို့ကို။ အဟံ၊ အကျွန်ုပ်သည်။ ဒူရတော၊ အဝေးမှ၊ ဝန္ဒာမိ၊ ရှိခိုးပါ၏။

မဟန္တာ၊ ကြီးသောဓာတ်တော်တို့သည်၊ မုဂ္ဂမာသာ၊ ပဲနောက်စေ့ပမာဏရှိကုန်၏။ မဇ္ဈိမာ၊ အလတ်ဖြစ်သော ဓာတ်တော်တို့သည်၊ ဘိန္နတဏ္ဍုလာ၊ ဆန်ကျိုးပမာဏရှိကုန်၏။ ခုဒ္ဒကာ၊ ငယ်သောဓာတ်တော်တို့သည်။ သာသပါ၊ မုန်ညင်းစေ့ပမာဏရှိကုန်၏။ ဣတိ၊ ဤသို့။ တိသော၊ သုံးပါးကုန်သော၊ ဇိနဓာတုယော၊ မြတ်စွာဘုရား၏တော်တို့ကို။ အဟံ၊ အကျွန်ုပ်သည်။ ဒူရတော၊ အဝေးမှ။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ မဟန္တာ၊ ကြီးသောဓာတ်တော်တို့သည်၊ သုဝဏ္ဏဝဏ္ဏာ၊ ရွှေအဆင်းရှိကုန်၏။ မဇ္ဈိမာ၊ အလတ်ဖြစ်သော ဓာတ်တော်တို့သည်။ မုတ္တာဝဏ္ဏာ၊ ပုလဲအဆင်းရှိကုန်၏။ ခုဒ္ဒကာ၊ ငယ်သောဓာတ်တော်တို့သည်။ သုမနာ၊ မြတ်လေးငုံ

www.dhammaransi.com

အဆင်းရှိကုန်၏။ ကြွတိ၊ ဤသို့။ တိသေသာ၊ သုံးပါးကုန်သော။ ဇိနဓာတုယော။ မြတ်စွာဘုရား၊ ဓာတ်တော်တို့ကို။ အဟံ၊ အက္ခုန်ပ်သည်။ ဒူရတော၊ အဝေးမှ။။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

မဟန္တာ၊ ကြီးသော ဓာတ်တော်တို့သည်။ ပဥ္စနာဠိယော၊ ငါးကွမ်းစား၊ ရှိကုန်၏။ မဇ္ဈိမာ၊ အလတ် ဖြစ်သော ဓာတ်တော်တို့သည်။ နာဠိပဉ္စကာ၊ ငါးကွမ်းစားပင်ရှိကုန်၏။ ခုဒ္ဒကာ၊ ငယ်သော ဓာတ်တော်တို့သည်။ ဆနာဠိ၊ ခြောက်ကွမ်းစား၊ ရှိကုန်၏။ ကြွတိ၊ ဤသို့၊ တိသေသာ၊ သုံးပါးကုန် သော။ ဇိနာဓာတုယော၊ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို။ အဟံ၊ အက္ခုန်ပ်သည်။ ဒူရတော၊ အဝေးမှ။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဒက္ခိဏာပရိမာ၊ လက်ယာ အထက်စွယ်တော်သည်။ ဒေဝေ၊ နတ်ပြည်၌။ ဌိတာ၊ တည်တော်မူ၏။ ဒက္ခိဏ ဟေဋ္ဌိမာ၊ လက်ယာအောက်စွယ်တော်သည်။ နာဂေ၊ နဂါးပြည်၌။ ဌိတာ၊ တည်တော်မူ၏၊ ဝါမပရိ၊ လက်ဝဲအထက်စွယ်တော်သည်၊ သီဟဠဒီပေ၊ သီဟိုဠ်ကျွန်း၌။ ဌိတာ၊ တည်တော်မူ၏။ ဝါမဟေဋ္ဌိမာ၊ လက်ဝဲအောက်စွယ်တော်သည်၊ ကာလိင်္ဂံ ကာလိင်္ဂရာဇ်ပြည်၌။ ဌိတာ၊ တည်တော်မူ၏။ ကြွတိ၊ ဤသို့။ သမ္မုဒ္ဓဿ၊ မြတ်စွာဘုရား၏။ စတုဒါဋ္ဌာ၊ လေးဆူသော စွယ်တော်ဓာတ်မြတ်တို့ကို။ အဟံ၊ အက္ခုန်ပ်သည်။ ဒူရတော၊ အဝေးမှ။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဥဏှိသံ၊ နဖူးသင်းကျစ်တော်သည်လည်းကောင်း၊ စတုရောဒါဋ္ဌာ၊ လေးဆူသောစွယ်တော်တို့ သည်လည်းကောင်း။ ဒွေးအက္ခကာစဓာတုယော၊ နှစ်ဆူသောညပ်ရိုးဓာတ်တို့သည် လည်းကောင်း၊ ကြွတိ၊ ဤသို့။ သတ္တဓာ၊ ခုနစ်ပါးအပြားရှိကုန်သော။ ယာဓာတုယော၊ အကြင် မြတ်စွာဘုရား၏ ဓာတ်တော်တို့သည်။ အသမ္ဘိန္နာ၊ မပြိုမကွဲကုန်။ တာ ဓာတုယော၊ထို မပြိုမကွဲကုန်သော ခုနစ်ဆူသော မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို။ အဟံ၊ အက္ခုန်ပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဒူရတော၊ အဝေးမှ။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ပတ္တော၊ သပိတ်တော်သည်။ ဝဇိရာယ၊ ဝဇိရာဇ်ပြည်၌။ ဌိတော၊ တည်တော်မူ၏။ နိဝါသန်၊ ဆင်ဝတ်တော်မူသော သင်းပိုင်တော်သည်။ ကုလ ဃရေ၊ ကုလဂရာဇ်ပြည်၌။ ဌိတံ၊ တည်တော်မူ၏။ ကာသာဝံ၊ ဖန်ရည်စွန်းသော ကိုယ်ဝတ်တော်သည်။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ ဌိတံ၊ တည်တော်မူ၏။ ကာယဗန္ဓနံ၊ ခါးပန်းတော်သည်။ပါဋလိယံ၊ပါဋလိပုတ်ပြည်၌။ ဌိတံတည်တော်မူ၏။ ဝါသိ၊ ပဲခွပ်သည်လည်းကောင်း။ သုစိ၊ အပ်သည်လည်းကောင်း။ ကြေး ပတ္တော၊ ကြွေပတ္တတိုင်း၌။ ဌိတံ၊ တည်တော်မူ၏။ ပရိဿာဝနံ၊ ရေစစ်တော်သည်၊ ဝိဒေဟ. ဝိဒေဟတိုင်း၌။ ဌိတံ၊ တည်တော်မူ၏။ ကြွတိ၊ ဤသို့။ ပရိဘောဂေ၊ မြတ်စွာဘုရား၏ အသုံး အဆောင်ဖြစ်တော်မူကုန်သော။ ဆစေတိယေ၊ ခြောက်ဆူသောစေတီတော်မြတ်တို့ကို။ အဟံ၊ အက္ခုန်ပ်သည်။ ဒူရတော၊ အဝေးမှ။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

သဗ္ဗညုဓာတ်မွေတော်မြတ်ကို လျှောက်ပတ်သင့်လျော် ဆွမ်းတော်ရေချမ်း ပန်းနှင့်သစ်သီး ဆီမီးကြက်လျှာ ရသာချိုချဉ် ဘောဇဉ်ငါးဖြာ အရာရာကို သဒ္ဓါပသန္နလူဒါနကြောင့် ဘဝ များစွာ သံသရာဝယ် ပါယ်ရွာမရောက် နတ်ပြည်ခြောက်သို့ ပေါက်လိုသောဝ်။
ကေဝလဒုက္ခံ၊ ငြိမ်းရာမှန်သည့် နိဗ္ဗာန်ထုတ်ခြောက်ရောက်လိုသောဝ်။

www.dhammaransi.com

ဟွာ:စည်:သဒ္ဓါစေတနာဟု ဤကောင်:မှုကို မေယျအသွင် ဂုဏ်ထူး:တင်သ မိခင်ဘမင်: ဆွေရင်: သဟာ မြတ်ဆရာက ဘူပါလသခင် ကိုယ်တွင်စောင့်ပေ အိမ်နေမြို့.ရွာ သာသနာစောင့်ထ ဘုမ္မရက္ခာ အာကာသစိုး: နတ်မျိုး:မကြွင်: ယမမင်:က စ၍ ဥသုံ ဘုံသုံး:ဆယ့်တစ် ဖြစ်ဖြစ်သမျှ မျာ:သတ္တာအာ: သမဘာဂေ အဘိုဝေ၏ ရစေအမျှ ဤပုညကို ဘဝရှည်လျာ: မေ့လျော့ငြာ: လည်: ဝသုန္ဓရေ ဤသည်မြေသည် သက်သေစင်စစ်ဖြစ်စေသော်"

မောင်သမာဝိ

ဗုဒ္ဓမြတ်စွယ်တော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပင့်ဆောင်ပူဇော်ပွဲတွင်

ရန်ကုန်လေဆိပ်၌ ရဟန်:ရှင်လူတို့ ရွတ်ဆိုသည့်

ဆုတောင်းအမျှဝေ

သောင်:စကြဝဠာ၊ နတ်ဗြဟ္မာနှင့်၊ သတ္တဝါရှိသမျှ၊ ကြား:စေရဟု၊ စိတ်မှရွယ်ကာ၊ မျှဝေပါအံ့၊ ခုခါကာလ၊ နိဗ္ဗာနသို့၊ မြန်:ကြွစံသွား:၊ မြတ်ဘုရား:၏၊ ဓာတ်သာ:မြတ် ကောင်:စွာမပြိုကွဲဘဲ ပကတိအတိုင်: တည်ရှိပါသည့်၊ တေဇာလွန်ကဲ၊ လက်ဝဲထက်ဓာတ်၊ စွယ်တော်မြတ်အား:၊ လေ:ဆယ့်ငါ:ရက်တိုင်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်: ခြိမ့်ခြိမ့်သဲ ပူဇော်ခြင်: ကောင်:မှု၊ မျာ:ပေါင်:စု၍၊ ခုလိုပြုကြ၊ မြတ်ပုညကြောင့်၊ ဒုက္ခဝပ်သိမ်:၊ ချုပ်ပြတ်ကိန်:ဖြင့်၊ အေ:ငြိမ်:ရာမှန်၊ ပြည်နိဗ္ဗာန်သို့၊ ဇကန်ရောက်ကြောင်: ၊ ဆုမွန်တောင်:၏။

ဤကောင်:မှုပုည၊ ဖိုဘာဂကို၊ ဝေနေယျမျာ:စွာ၊ သတ္တဝါတို့အား:၊ မခြာ:ထပ်တူ၊ ရစေဟူ၍၊ ကြည်ဖြူလှပေ၊ အမျှဝေ၏။ စိတ်စေတနာ၊ ဝမ်:မြောက်စွာလျှင်၊ အာကာမိုး:ယာမ်၊ ဘဝဂ်လျှံအောင်၊ နဘံထစ်ကျိုး:၊ ကောင်:ကင်မိုး:သို့၊ ထစ်ဖြိုး:ဗျာဆု၊ အောင်သာဓုကို၊ ယခုခေါ်ကြ၊ ပေ:ဝေ့သည်.....

(အမျှ ... အမျှ ... အမျှ ..... ယူတော်မူကြပါကုန်လော)[၃]

ဦး:မင်း:ကြည် (ဓမ္မာစရိယ၊ ဘီအေ)
သာသနာတော်ထွန်း:ကား:ပြန့်ပွား:ရေး ဦး:စီး:ဌာန

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော်

မြန်မာပြည်သား:တို့သည် ကုသိုလ်ကံထူး:လေစွ။ သက်တော်ထင်ရှား မြတ်စွာဘုရား:၏ စွယ်တော်အစစ်ကို ကိုယ်တိုင်ကိုယ်ကျဖူး:တွေ့ရတော့မည်ဖြစ်သည်။ကြုံတောင့်ကြုံခဲသောအခွင့်အရေး ပေတကား:။ စာရေး:သူအဖို့ ၁၉၉၀ ပြည့်နှစ်တွင်တစ်ကြိမ်၊ ၁၉၅၈ မေလတွင်တစ်ကြိမ် ပေကျင်:သို့ ရောက်ခဲ့ဖူး:ရာ တရုတ်ပြည် စွယ်တော်ဘုရား:နှင့် စွယ်တော်ကျောင်း:အတွင်း:ရှိ သပ္ပာယ်လှစွာသော ဗုဒ္ဓ စွယ်တော်မြတ်ကို နှစ်ကြိမ်တိုင်ဖူး:ခဲ့ရပြီး ဖြစ်ပါသည်။ ကျောက်ဆင်း:တုမြဘုရား:နှင့် လျောင်း:တော်မူမျာ: အကြောင်း:ကိုလည်း ရေး:ခဲ့ဖူး:ပါသည်။ စွယ်တော်ကျောင်း:နှင့် စွယ်ကော်ဘုရား:ပါသော စာအုပ်မှာ အင်္ဂလိပ်ဘာသာနှင့် မဟုတ်ဘဲ တရုတ်ဘာသာနှင့်ဖြစ်နေ၍ လတ်တလောရေး:လိုသည့်အခါ တရုတ် ဘာသာပြန်ဆရာကိုအား:ကိုး:ရတော့သည်။ လက်ရွေး:စင် စစ်တုရင်အဖွဲ့ နည်း:ပြဆရာ ဦး:နေဝင်း:မောင် အား: ကျေး:ဇူး:တင်ပါသည်။ စာရေး:သူ၏ မှတ်စုထဲတွင် စွယ်တော်ဘုရား:၏ အမြင့်မီတာအကြောင်း:၊ ကြာပန်း:မီး:တိုင်မျာ:၊ ကြုတ်တော်မှာ ရွှေသား:အစစ် ကီလို ၁၅၀ ရှိကြောင်း:။ ပါတာစွတ်၊ လင်ကွမ်း:စွတ်၊ စွတ်ဆိုသည်မှာ ကျောင်း:စသဖြင့် စွယ်တော်မြတ်သည် မြန်မာပြည်သို့ ၁၉၅၅ ခုနှစ်က ဒေသစာရီကြွ ခဲ့ဖူး:ကြောင်း: စသည်တို့ကို ပြန်ဖတ်ရသည်။ မြင့်မား:သော ၁၃ ထပ်ရှိ စွယ်တော်ဘုရား:ကျောင်း:ကို တက်နိုင်ပါ့မလား:ဟု စိုး:ရိမ်ခဲ့သော်လည်း: နောက်ဆုံး: တက်ရောက်ဖူး:မြော် နိုင်ခဲ့ပါသည်။

စွယ်တော်ကျောင်း:ဟု ကြား:ရသဖြင့် "စွယ်တော်ကျောင်း:က ခြောက်ဖြာရောင်ခြည် လွှတ်သည် နှင့်သာ" ဟူသော ထူး:မခြား:နား:သီချင်း:ခဲကြီး:ကိုပင် ရွတ်မိပါ၏။ ဗုဒ္ဓဘုရား:ရှင်၏ စွယ်တော်ကိန်း:ဝပ်ရာ စေတီကို တရုတ်ပြည်ဗုဒ္ဓဘာသာဝင် သူတော်စင်မျာ:က တည်ဆောက်ကို:ကွယ်ခဲ့ကြပါသည်။ ပေကျင်:မြို့ အနောက်ဘက် တောင်တန်:ဒေသ၌ အလွန်ကျော်ကြား:သော အရပ်ဒေသရှစ်ပါ:ရှိသည့် အနက် ဒုတိယအရပ်ဖြစ်ပေသည်၊ ဤနေရာကား: ဘုရား:ရှင်၏ မွေတော် စွယ်တော်ကိန်း:အောင်း:ရာ မူလတည်နေရာပင်ဖြစ်သည်။

ဗုဒ္ဓဘာသာ သမိုင်း:စဉ်အရ အဆိုရှိခဲ့သည်မှာ ဘုရား:ရှင် ပရိနိဗ္ဗာန်ပြုပြီး:နောက် လူတို့ရပ်ဌာန် တွင်စွယ်တော်နှစ်ဆူ ချန်ရစ်တော်မူခဲ့သည်။ တစ်ဆူကား: သီရိလင်္ကာတွင်ဖြစ်၍ ကျန်တစ်ဆူမှာ ယနေ့ ပါကစ္စတန် နယ်နိမိတ်အတွင်း:ရှိနေရာ ဖြစ်သည်။ နောင်တွင် ယနေ့ ရှင်ကျန်း: (တရုတ်) ပြည်သို့ ပြောင်း:ရွှေ့စံပယ်ခဲ့ပြီး: နန်း:မြို့တော် နန်ကျင်:သို့ ဆိုက်ရောက်စံပယ်တော်မူခဲ့သည်၊ ထိုမှတစ်ဖန် ချန်အန်း၊ ယင်:မှတစ်ဖန် ပြည်တွင်း:မငြိမ်သက်၍ ပေကျင်:သို့ ပြောင်း:ရွှေ့ပင့်ဆောင်ခဲ့ရပြန်ပါသည်ဟု သမိုင်း:ကဆိုပါသည်။

ခရစ်သက္ကရာဇ် ၁၀၇၁ ခု၊ သြဂုတ်လတွင် ဤစွယ်တော်မြတ်အား: "ကျောင်း:ရှင်း:" စေတီသို့ ပင့်ဆောင်ကို:ကွယ်လာခဲ့ကြကြောင်း: အထောက်အထား:များ:အရ သိရပါသည်။

www.dhammaransi.com

မူရင်း “ကျောင်းရှင်း ” ဘုရားကို ၁၀၇၁ ခုနှစ်တွင် “လျောင်” မင်းဆက်က တည်ခဲ့သည်။ ပုံတော်မှာ အဋ္ဌဂံပုံဖြစ်၍ ၁၃ အဆင့်ရှိ အုတ်စေတီဖြစ်သည်။ အုတ်ချပ်များသည် ဗုဒ္ဓရုပ်ပုံတော်များ ထွင်းပြီးသား ပါရှိ၍ “ထောင်ပေါင်းများစွာသော ဗုဒ္ဓပုံတော်များပါဝင်သည့်ဘုရား”ဟုပင် လူသိများခဲ့ကြောင်း၊ အနှစ်ရာပေါင်းများစွာ ဤစေတီကို ဘုရားဖူးဗုဒ္ဓဘာသာဝင်တို့ကိုးကွယ်ခဲ့ကြသည်ဟုဆိုပါသည်။

၁၉၀၀ ပြည့်နှစ်တွင်မူ နယ်ချဲ့မဟာမိတ်များ (ရှစ်) နိုင်ငံ၏ ကျူးကျော်ဝင်ရောက်မှုကြောင့် ပေကျင်းမြို့ကြီး အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့ရာ “ကျောင်းရှင်း” စေတီကြီးမှာ စစ်ဒဏ်ကြောင့် အုတ်ပုံကြီးသာ ကျန်ရစ်တော့သည်။ ထိုအပျက်အစီးများ အထဲမှ စွယ်တော်ထည့်သော ကြုတ်သေတ္တာကို ကမ္ဘည်းစာနှင့်တကွ ရေးထိုးပြီးသား တွေ့ရလေသည်။ ကျမ်းဂန်များနှင့် တိုက်ဆိုင်ကြည့်သည့်အခါ လုံးဝကိုက်ညီနေသည်ကို တွေ့ရသည်။ အနီးအနားရှိ ကျောင်း၊ ကန်၊ ဧရပ်များမှာလည်း ကျူးကျော်သူတို့၏ သေနတ်ဒဏ်ကြောင့် ပျက်စီးရလေသည်။ ထိုကျောင်းရှင်း ဘုရားအုတ်ပုံကြီးကို စာအုပ်၌ ဖော်ပြထားသည်ကို တွေ့ရသည်။ ကမ္ဘည်းထိုးထားသော စွယ်တော်သေတ္တာပုံကိုလည်း မြင်ရသည်။

စွယ်တော်မြတ်ကား ၁၀၇၁ မှ ၁၉၀၀ အထိ ဤကျောင်းရှင်း စေတီတော်တွင်း၌ ကိန်းဝပ်ခဲ့ရာ နှစ်ပေါင်း ၈၃၀ ခန့် ရှည်ကြာခဲ့ပါသည်။ ထို့နောက် အနှစ် ၅၀ အတွင်း တရုတ်ပြည်သည် စစ်ဘုရင်များနှင့် ဗျူရိုကရက်တို့ ဖောက်ပြန်သော အုပ်စိုးမှုအောက် ရောက်ခဲ့ရသဖြင့် တိုင်းပြည်မငြိမ်မသက်ဖြစ်ကာ ဘုန်းတော်ကြီးများလည်း ဘာသာရေးနှင့်ဝေးပြီး စွယ်တော်မြတ်ကို မကိုးကွယ်နိုင်ကြတော့ပါ။

တရုတ်ပြည် လွတ်မြောက်ပြီးနောက်မှသာ ဗုဒ္ဓဘာသာအဖွဲ့အစည်းများနှင့် ပြည်သူအစိုးရ၏ ပံ့ပိုးမှုဖြင့် ၁၉၅၅ ခုနှစ်တွင် စွယ်တော်မြတ်ကို ကွမ်ကျိဘုရားကျောင်းတော်သို့ ပင့်ဆောင်ပြီး ပြည်တွင်းပြည်ပဗုဒ္ဓဝါဒီများ ဖူးမြော်ခွင့်ရကြပေတော့သည်။ ဤစွယ်တော်မြတ်သည် မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံသို့လည်း ဒေသစာရီကြွချီ အပူဇော်ခံခဲ့ပါသည်။

၁၉၅၇ တွင် တရုတ်ဗုဒ္ဓဘာသာဝင်များ၏ ကြီးပမ်းမှုအရ စေတီသစ်တည်ဆောက်ရန် စိုင်းပြင်းခဲ့ကြ၍ ထာဝရတည်ထား ကိုးကွယ်နိုင်ခဲ့ကြပေသည်။ ၁၉၅၈ မှ ၁၉၆၄ ခုနှစ်အတွင်း သပ္ပာယ်လှစွာသော စေတီတော်ကြီး ပြီးစီးခဲ့ပေသည်။ လောကဓံလွိုင်းအဆင့်ဆင့်၏ဒဏ်ကို ခံခဲ့ရပါသည်။

စေတီတော်၏ပုံတော်မှာ ဘုံအဆင့်ဆင့်နှင့် တရုတ်ယဉ်ကျေးမှုပုံစံဖြစ်ပါသည်။ ဘုံဆောင်အထပ် ၁၃ ထပ်ရှိ၍ စေတီတော်၏အမြင့်မှာ ၅၁ မီတာရှိပြီး ၂၂ စတုရန်းမီတာ ကျယ်ဝန်းပါသည်။ ရင်ပြင်အမြင့်မှာ မြေပြင်ထက် ၂.၇၀ မီတာမြင့်ပါသည်။ တစ်မီတာတွင် ၃.၂၈၁ ပေ ရှိပါသည်။ ပုံပန်းသဏ္ဌာန်မှာ တရုတ်ရှေးရိုးစေတီပုထိုးပုံဖြစ်သော်လည်း ခေတ်မီလှပသောအသွင်ကို ဆောင်ပါသည်။ ရိုးစင်း၍ ကြည့်လိုဖွယ်ကောင်းသည်။ စွယ်တော်စေတီ၏အဆင့် ခုနစ်၌ စွယ်တော်မြတ်ကို ထားရှိကာ အထက်အဆင့်များ၌ကား ဟန်လူမျိုး၊ တိဘက်၊ မွန်ဂိုနှင့် ထိုင်းမျိုးနွယ်တို့၏ ဗုဒ္ဓပုံတော်ရုပ်တုများသာ ထားရှိသည်ဟု သိရပါသည်။ အထက်အဆင့်သို့ကား မတက်ရောက်နိုင်ခဲ့ပါ။

မျက်နှာကျက်၌ကား ရွှေနဂါးရုပ်နှင့် နံရံလေးဘက်တွင် သမိုင်းရေးရာအကွရာများ ကမ္ဘည်းထိုးထားလျက် တွေ့ရသည်။ တရုတ်ဥပသကာကြီး (ချောင်ပုချူ) ၏ ဗုဒ္ဓစွယ်တော်မှတ်တမ်းကို ကိုယ်တိုင်လက်ရေးဖြင့် ရေးထားသည်ကိုလည်း တွေ့ရသည်။ ယွန်းမင်းဆက်က (ချောင်မင်းဖူး) ဥပသကာကြီး ရေးသားခဲ့သော ပရာဂျနာပါရမီတွာသုတ္တ အကွရာများလည်း ပါပါသည်။

www.dhammaransi.com

ဗုဒ္ဓစွယ်တော် ဘုရားကျောင်းခန်းမကြီး၏ ဝင်ပေါက်ဖြစ်သော လှေကားထစ်များနှင့် မြောက်ဘက်လှေကားရှိ ကျောက်သားမီးတိုင်ဖြူဖြူလေးများ၊ မြောက်ဘက်ခန်းမအနီးရှိ ငါးရောကန်၏ အလှနှင့် လူသွားစကြံ့ များဖြင့် ရှုမောဖွယ်ရာကောင်းလှသည်။ “ကျောင်းရှင်း” ဘုရားရင်ပြင်၌ နှင်းခဲထားသော ကျောက်ဇလုံကြီးအပေါ်၌ ပုံတော်များတွေ့ရခြင်းမှာ ဆန်းပြားပါသည်။ စွယ်တော်ဘုရားခန်းမဆောင်တွင်းရှိ ရွှေပလ္လင်တော်နှင့် ရတနာခုနစ်ပါး စီခြယ်ထားသော ရွှေသားကြူတ်တော်မှာ ရွှေများအိုကျလုမတတ်၊ ယိုစီးလုမတတ် သပ္ပာယ်လှပါသည်။ အတွင်းမှစွယ်တော်ကိုကား အနီးရောက်မှသာ ဖူးတွေ့ရသည်။ စွယ်တော်မြတ်၏ တန်ခိုးတော်ကား အံ့မခန်းဖြစ်ပါ၏။ ငြိမ်းချမ်းရေးနိမိတ်ကို ဆောင်နေပါသည်။ စွယ်တော်ကြွလေရာ၌ ငြိမ်းချမ်းမှုရသည်။

၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် တရုတ်ပြည်ဗုဒ္ဓဘာသာအသင်းကြီးက စေတီတော်ဖွင့်ပွဲအခမ်းအနားကျင်းပရာ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မွန်ဂိုး၊ နီပေါ၊ ပါကစ္စတန်၊ တောင်နှင့်မြောက်ကိုရီးယား နိုင်ငံများမှ ဗုဒ္ဓဘာသာကိုယ်စားလှယ်တော်များ တက်ရောက်ခဲ့ကြသည်ဟု သိရပါသည်။ ကမ္ဘာ့ ဗုဒ္ဓဘာသာဝင်တိုင်းကလည်း စွယ်တော်မြတ်အစွန့်ရှည်ရေး၊ ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် ဆုမွန်ကောင်းတောင်းကြသည်ဟု သိရပါသည်။

ယခုမူ နိုင်ငံတော်အစိုးရ၏ မေတ္တာစေတနာထားမှုကြောင့် ပြည်သူတို့ ဗုဒ္ဓမြတ်စွယ်တော်ကို အားပါးတရ ကိုယ်တိုင်ဖူးတွေ့ကြရတော့မည်ဖြစ်ပါသည်။ ခမ်းနားသိုက်မြိုက်စွာ စွယ်တော်မြတ်ကို ကြိုဆိုပင့်ဆောင်ကြမည့် အခမ်းအနားများနှင့် သီဆိုရင့်ကျူးကြမည့်ဓမ္မတေးသံများဖြင့် ဘဝဂ်ညံအောင် သာဓုသံရင့်ကြွေးကြတော့မည်ဖြစ်ပါသည်။ စွယ်တော်မြတ်၏ တန်ခိုးတော်ကြောင့် မြန်ပြည်တစ်ဝန်းလုံး ငြိမ်းချမ်းသာယာ ဘေးကင်းကွာတော့မည်မလွဲပါ။ ကြုံတောင့်ကြုံခဲ ဤစွယ်တော်ပွဲကို အားခဲ၍ပူဇော်ကြပါစို့။ ။

စောမုံညင်း

www.dhammaransi.com

မြတ်စွာဘုရား၌ ဓာတ်တော်နှင့်စွယ်တော်များ

(မဟာပရိနိဗ္ဗာနသုတ် မြန်မာပြန်)

ထိုအခါ အရှင်မဟာကဿပသည် ကုသိနာရုံပြည် မလ္လမင်းတို့၏ မကုဋမဗန္ဓနမည်သော စေတီဌာန၌ မြတ်စွာဘုရား၏ နဲ့သာထင်းပုံသို့ ချဉ်းကပ်ပြီးနောက် သင်္ဃန်းကို ပခုံးတစ်ဖက်၌ လက်ကန်တော့တင်ကာ လက်အုပ်ချီပြီးလျှင် နဲ့သာထင်းပုံကို လက်ယာရစ်သုံးပတ်လှည့်ကာ မြတ်စွာ ဘုရား၏ ခြေတော်တို့ကို ဦးခိုက်လျက်ရှိခိုးလေ၏။ ထို(နောက်ပါ) ရဟန်း ငါးရာတို့သည်လည်း သင်္ဃန်းကို ပခုံးတစ်ဖက်၌ လက်ကန်တော့တင်ကာ လက်အုပ်ချီပြီးလျှင် နဲ့သာထင်းပုံကို လက်ယာရစ်သုံးပတ်လှည့်ပြီး၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်လျက်ရှိခိုးကြ ကုန်လေ၏။ အရှင်မဟာကဿပနှင့် ထိုရဟန်းငါးရာတို့ ရှိခိုးပြီးလတ်သော် မြတ်စွာဘုရား၏ (အလောင်းတော် တည်ရာ) နဲ့သာထင်းပုံသည် အလိုလိုလျှင်ပင် မီးတောက်လောင်၏။

မီးတောက်လောင်သော မြတ်စွာဘုရား၏အလောင်းတော်မှ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အစေးတို့၏ပြာသည်လည်းကောင်း၊ မှိုင်းသည်လည်းကောင်းမထင်၊ သရီရ ဓာတ်တော်တို့သည် သာလျှင် ကြွင်းကျန်ကုန်၏။ ဥပမာအား‌ဖြင့် မီးတောက်လောင်သော ထောပတ်ဆီတို့၏ ပြာသည်လည်းကောင်း၊ မှိုင်းသည်လည်းကောင်းမထင်သကဲ့သို့ မီးတောက်လောင်သော မြတ်စွာဘုရား၏ အလောင်းတော်မှ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အစေးတို့၏ ပြာသည်လည်းကောင်း၊ မှိုင်းသည်လည်းကောင်းမထင်၊ သရီရဓာတ်တော်တို့သည်သာလျှင် ကြွင်းကျန်ကုန်၏။ ထိုပုဆိုးအစုံ ငါးရာတို့တွင်လည်း အတွင်းအကျဆုံးပုဆိုးနှင့် အပြင်အကျဆုံးပုဆိုး နှစ်ထည်တို့ကိုသာလျှင် မီးမလောင်ကုန်၊ မြတ်စွာဘုရား၏ အလောင်းတော်ကို မီးလောင်ပြီးလတ်သော်ကောင်းကင်မှ ရေအယဉ်သည် ထင်ရှားဖြစ်ပေါ်လာ၍ မြတ်စွာဘုရား၏ နဲ့သာထင်းပုံကို ငြိမ်းစေ၏။ ရေရှိသောအင်ကြင်းပင်တို့မှလည်း (ရေအယဉ်တည်) ပန်းထွက်၍ မြတ်စွာဘုရား၏ နဲ့သာထင်းပုံကို ငြိမ်းစေကုန်၏။ ကုသိနာရုံပြည်သား မလ္လမင်းတို့သည်လည်း နဲ့သာမျိုးစုံရေဖြင့် မြတ်စွာဘုရား၏ နဲ့သာထင်းပုံကို ငြိမ်းစေကုန်၏။ ထိုအခါ ကုသိနာရုံပြည်သား မလ္လ မင်းတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို မင်းကွန်း၌ (ထား‌လျက်) လုံချိုင့်ဖြင့်ကာရံ၍ လေးသည်တော်တပ်ဖြင့် ခြံရံစေပြီးလျှင် ခုနစ်ရက်ပတ်လုံး ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်လည်းကောင်း၊ ပန်းနဲ့သာတို့ဖြင့်လည်းကောင်း၊ အရိုအသေပြုကုန်၏၊ အလေးပြုကုန်၏။ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏။

ဝေဒေဟိမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေ၏။ ထိုအခါဝေဒေဟီ မိဘုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် “မြတ်စွာဘုရားသည်လည်းမဲင်းမျိုးဖြစ်၏၊ ငါသည်လည်းမင်းမျိုးဖြစ်၏။ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်၏။ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်အံ့” ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်၏။

ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည်လည်း မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိနေကုန်၏။ ထိုအခါ ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည်

www.dhammaransi.com

“မြတ်စွာဘုရား:သည်လည်း:မင်း:မျိုး:ဖြစ်၏၊ ငါတို့သည်လည်း:မင်း:မျိုး:ဖြစ်ကုန်၏။ ငါတို့သည်လည်း: မြတ်စွာဘုရား:၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံရထိုက်ကုန်၏။ ငါတို့သည်လည်း:မြတ်စွာဘုရား:၏ သရီရ ဓာတ်တော်တို့ကို စေတီပုထိုး:တည်ထား ပူဇော်ကုန်အံ့”ဟု ကုသိနာရုံ ပြည်သား: မလ္လမင်း:တို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်း:တို့သည်လည်း မြတ်စွာဘုရား: ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်း:ကို ကြား:သိလေကုန်၏။ ထိုအခါ ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်း:တို့သည် “မြတ်စွာဘုရား:သည် ငါတို့၏ ဆွေတော်မျိုး:တော်များ:အနက် အထွတ်အမြတ်ပေတည်း၊ ငါတို့သည်လည်း: မြတ်စွာဘုရား:၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်ကုန်၏၊ ငါတို့သည်လည်း: မြတ်စွာဘုရား:၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး:တည်ထား:ပူဇော်ကုန်အံ့” ဟု ကုသိနာရုံပြည်သား: မလ္လမင်း:တို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

အလ္လကပ္ပပြည်သား: ဗုလိမင်း:တို့သည် မြတ်စွာဘုရား:ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်း:ကို ကြား:သိလေ၏။ ထိုအခါအလ္လကပ္ပပြည်သား: ဗုလိမင်း:တို့သည် “မြတ်စွာဘုရား: သည်လည်း: မင်း:မျိုး:ဖြစ်၏။ ငါတို့သည်လည်း:မင်း:မျိုး:ဖြစ်ကုန်၏၊ ငါတို့သည်လည်း: မြတ်စွာဘုရား:၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်ကုန်၏။ ငါတို့သည်လည်း: မြတ်စွာဘုရား:၏ သရီရ ဓာတ်တော်တို့ကို စေတီပုထိုး:တည်ထား:ပူဇော်ကုန်အံ့ ”ဟု ကုသိနာရုံပြည်သား: မလ္လမင်း:တို့ ထံသို့ သံတမန်စေလွှတ်ကုန်၏။

ရာမဂ္ဂာသား: ကောလိယမင်း:တို့သည် မြတ်စွာဘုရား:ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်း:ကို ကြား:သိလေကုန်၏။ ထိုအခါရာမဂ္ဂာသား: ကောလိယမင်း:တို့သည် “မြတ်စွာဘုရား: သည်လည်း: မင်း:မျိုး:ဖြစ်၏၊ ငါတို့သည်လည်း: မင်း:မျိုး:ဖြစ်ကုန်၏။ ငါတို့သည်လည်း:မြတ်စွာဘုရား:၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံရထိုက်ကုန်၏။ ငါတို့သည်လည်း: မြတ်စွာဘုရား:၏ သရီရဓာတ် တော်တို့ကို စေတီပုထိုး:တည်ထား:ပူဇော်ကုန်အံ့” ဟု ကုသိနာရုံပြည်သား: မလ္လ မင်း:တို့ထံသို့ သံတမန် စေလွှတ်ကုန်၏။

ဝေဋ္ဌဒီပ တိုင်း:သား: ပုဏ္ဏား:သည် မြတ်စွာဘုရား: ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်း:ကို ကြား:သိလေ၏၊ ထိုအခါ ဝေဋ္ဌဒီပတိုင်း:သား: ပုဏ္ဏား:တို့သည် “မြတ်စွာဘုရား:သည်လည်း: မင်း:မျိုး:ဖြစ်၏ ငါသည်လည်း:ပုဏ္ဏား:ဖြစ်၏၊ ငါသည်လည်း:မြတ်စွာဘုရား:၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်၏၊ ငါသည်လည်း:မြတ်စွာဘုရား:၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး:တည်ထား:ပူဇော်အံ့” ဟု ကုသိနာရုံပြည်သား: မလ္လမင်း:တို့ထံသို့ သံတမန်စေလွှတ်၏။

ပါဝါပြည်သား: မလ္လမင်း:တို့သည် မြတ်စွာဘုရား: ကုသိနာရုံပြည်၌ပရိနိဗ္ဗာန်ပြုတော်မူကြောင်း: ကို ကြား:သိလေကုန်၏။ ထိုအခါ ပါဝါပြည်သား: မလ္လမင်း:တို့သည် “မြတ်စွာဘုရား:သည်လည်း: မင်း:မျိုး:ဖြစ်၏၊ ငါတို့သည်လည်း: မင်း:မျိုး:ဖြစ်ကုန်၏၊ ငါတို့သည်လည်း: မြတ်စွာဘုရား:၏ သရီရ ဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်ကုန်၏။ ငါတို့သည်လည်း: မြတ်စွာဘုရား:၏ သရီရဓာတ်တော် တို့ကို စေတီပုထိုး: တည်ထား:ပူဇော်ကုန်အံ့” ဟုကုသိနာရုံပြည် သား: မလ္လမင်း:တို့ထံသို့ သံတမန် စေလွှတ်ကုန်၏။

www.dhammaransi.com

ဤသို့(သဲ့တမန်စေလွှတ်၍)တောင်းဆိုကုန်သည်ရှိသော် ကုသိနာရုံပြည်သား မလ္လမင်းတို့သည် ထို(မင်း) ပေါင်းစုံတို့အား ဤစကားကို ဆိုကုန်၏။ "မြတ်စွာဘုရားသည် ငါတို့၏ ပြည်နယ်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ငါတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို (သင်တို့အား) ခွဲဝေ၍ မပေးကုန်အံ့" ဟု (ဆိုကုန်၏)။

ဤသို့ဆိုကုန်သည်ရှိသော်ဒေါဏပုဏ္ဏား သည် ထို (မင်း) ပေါင်းစုံတို့အား ဤစကားကိုဆို၏–

"အရှင်တို့ အကျွန်ုပ်၏ တစ်ခွန်းသောစကားကို နားထောင်ကြပါဦး၊ အကျွန်ုပ်တို့၏ မြတ်စွာဘုရားမှာ သည်းခံသောဝါဒရှိပါသည်။ ထိုမြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ခွဲဝေရေးကြောင့် စစ်ဖြစ်ရန်မသင့်ပါ။ အရှင်တို့အလုံးစုံသောငါတို့သည် တပေါင်းတည်း အညီအညွတ် ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ သရီရဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံ ခွဲဝေကြပါစို့၊ မြတ်စွာဘုရားကို လူအများတို့ကြည်ညိုလျက်ရှိကြပါသည်။ အရပ်မျက်နှာတို့၌ စေတီပုထိုးများအနှံ့အပြား တည်ရှိကြပါစေ" ဟုဆိုသည်။

"ပုဏ္ဏား၊ သို့ဖြစ်လျှင် သင်သည်ပင်မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံ အညီအမျှ ကောင်းစွာခွဲဝေပါလော့" ဟု ဆိုကုန်၏။

"အရှင်တို့ ကောင်းပါပြီ" ဟု ဒေါနပုဏ္ဏားသည် ထိုမင်းပေါင်းစုံတို့အား ဝန်ခံ၍ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံအညီအမျှကောင်းစွာခွဲဝေပြီးလျှင် ထိုမင်းအပေါင်းတို့အား ဤစကားကိုဆို၏–

"အရှင်တို့ အကျွန်ုပ်တို့အား ဤ(ဓာတ်တော်ခြင်းသော) ပြည်တောင်းကို ပေးပါကုန်လော။ အကျွန်ုပ်သည်လည်း (ဓာတ်တော်ခြင်းသော) ပြည်တောင်းကို စေတီပုထိုးတည်ထားပူဇော်ပါအံ့ဟု (ဆို၏)။

ထို(မင်းပေါင်းစုံ)တို့သည် ဒေါဏပုဏ္ဏားအား (ဓာတ်တော်ခြင်းသော) ပြည်တောင်းကို ပေးကုန်၏။

ပိပ္ပလိဝန တိုင်းသားမောရိရမင်းတို့သည် မြတ်စွာဘုရားကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေကုန်၏။ ထိုအခါ ကပ္ပလိဝနတိုင်းသား မောရိရမင်းတို့သည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏။ ငါတို့သည်လည်း မင်းမျိုးဖြစ်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရ ဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကုန်အံ့" ဟု ကုသိနာပြည်သား မလ္လမင်းတို့ထံသို့ သဲ့တမန်စေလွှတ်ကုန်၏။

၎ မြတ်စွာဘုရား၏ သရီရဓာတ်တော်အဖို့သည် မရှိတော့ပြီ၊ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ခွဲဝေ၍ ပေးပြီးကုန်ပြီ၊ ဤ(မီးသင်္ဂြိုဟ်ရာ) အရပ်မှ မီးသွေးကို ယူကုန်လော့ဟု (မလ္လမင်းတို့က ဆိုသဖြင့်) ထို မောရိယမင်းတို့သည် (ထို မီးသင်္ဂြိုဟ်ရာ) အရပ်မှ မီးသွေးတို့ကို ယူဆောင်ကုန်၏။

ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်၏။ ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည် ဝေသာလီပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်

www.dhammaransi.com

ကြကုန်၏။ ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့သည်လည်း ကပိလဝတ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကုန်၏။ အလ္လကပ္ပပြည်သား ဗုလီမင်းတို့သည်လည်း အလ္လကပ္ပပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ ရာမဂ္ဂာသား ကောလိယမင်းတို့သည်လည်း ရာမဂ္ဂာ၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထား ပူဇော်ကြကုန်၏။ ဝေဌဒီပတိုင်းသား ပုဏ္ဏားသည်လည်း ဝေဌဒီပတိုင်း၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ ပါဝါပြည်သား မလ္လမင်းတို့သည်လည်း ပါဝါပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကြကုန်၏။ ကုသိနာရုံပြည်သား မလ္လမင်းတို့သည်လည်း ကုသိနာရုံ ပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးတည်ထားပူဇော်ကြကုန်၏။ ဒေါဏပုဏ္ဏား သည်လည်း ပြည်တောင်းကို စေတီပုထိုးတည်ထားပူဇော်၏။ ပိပ္ပလိဝန တိုင်းသား မောရိယမင်းတို့ သည်လည်း (မီးသင်္ဂြိုဟ်ရာမှ ယူဆောင်ခဲ့သော) မီးသွေးတို့ကို ပိပ္ပလိတိုင်း၌ စေတီပုထိုး တည်ထား ပူဇော်ကြကုန်၏။ ဤသို့လျှင် သရီရဓာတ်စေတီ ပုထိုးရှစ်ဆူနှင့် ကိုးခုမြောက် ပြည်တောင်းစေတီ ပုထိုး တစ်ဆူ၊ ဆယ်ခုမြောက်မီးသွေးစေတီပုထိုးတစ်ဆူအား ဖြင့် ဤစေတီပုထိုး တော်ဆယ်ဆူသည် ဖြစ်ပေါ်ခဲ့လေသတည်း။

စကၠဒါးပါးရှိတော်မူသော မြတ်စွာဘုရား၏ သရီရဓာတ်တော်သည် ရှစ်စိတ်(ရှစ်ဒေါဏ)ရှိ၏။ ယောကျ်ားမြတ်ဖြစ်သော မြတ်စွာဘုရား၏ (သရီရဓာတ်တော်) ခုနစ်စိတ်ကို ဇမ္မူဒိတ်ကျွန်း၌ ကိုးကွယ်ပူဇော်ကြကုန်၏။ တစ်စိတ်ကိုမူကား ရာမဂ္ဂာ၌ နဂါးမင်းသည် ကိုးကွယ်ပူဇော်၏။ တစ်ဆူသော စွယ်တော်ကို တာဝတိ သာနတ်တို့သည် ကိုးကွယ်ပူဇော်ကုန်၏။ တစ်ဆူသောစွယ်တော်ကိုကား ဂန္ဓာရပြည်၌ ကိုးကွယ်ပူဇော်ကုန်၏။ တစ်ဆူသော်စွယ်တော်ကိုကား ကာလိင်္ဂမင်း၏တိုင်းနိုင်ငံ၌ ကိုးကွယ်ပူဇော်၏။ တစ်ဆူသောစွယ်တော်ကိုကား နဂါးမင်းသည် ကိုးကွယ်ပူဇော်၏။

ထိုသရီရဓာတ်တော်၏ တန်ခိုးကြောင့်ပင်လျှင် ဤဒဟာပထဝီ မြေပြင်သည် မြတ်သောဓာတ်တော် ပူဇော်ပွဲတို့ဖြင့် တန်ဆာဆင်ထားသကဲ့သို့ တင့်တယ်ပေ၏။ ဤသို့လျှင်မြတ်စွာဘုရား၏ သရီရဓာတ်တော်ကို မြတ်ထက်မြတ်ဖြစ်သော နတ်လူတို့သည် ကောင်းစွာအရိအသေပူကြကုန်၏။

(အကြင်) သရီရဓာတ်တော်ကို နတ်မင်း၊ နဂါးမင်း၊ လူမင်းတို့သည် ပူဇော်ကြလေပြီ၊ ထို့အတူပင် မင်းထက်မင်းမြတ်တို့သည်လည်း ပူဇော်ကြလေပြီ၊ ထို(သရီရဓာတ်တော်) ကို ရရှိလတ်သော် လက်အုပ်ချီမိုးရှိခိုးကြကုန်လော့။ မြတ်စွာဘုရားဟူသည် ကမ္ဘာအရာတို့ဖြင့်သော်လည်း စင်စစ် တွေ့ရခဲ၏။

ညီညွတ်သော သွားတော်လေးဆယ်နှင့် အလုံးစုံသော ဆံတော်မွေတော်တို့သည်ရှိကုန်၏။ နတ်တို့သည် တစ်ဆူစီတစ်ဆူစီ စကြဝဠာအဆက်ဆက်သို့ ပင့်ဆောင်လေကုန်သတည်း။ ။

မောင်အံ့-မဟာဝိဇ္ဇာ (ဘုံဘော)

www.dhammaransi.com

ဗုဒ္ဓသရီရဓာတ်တော် မြတ်စွယ်တော်

ရှင်မဟာကဿပ အမှူးရှိသော ရဟန်းသံဃာငါးရာမျှတို့သည် ပါဝါပြည်မှ ကုသိနာရုံသို့ ကြွလာစဉ်ဝယ် မြတ်စွာဘုရား၏သတင်းကို တိကျသေချာ သိသေးဟန် မတူပါပေ။ ခေတ္တခဏ အပန်းဖြေလျက် သစ်ပင်ခြေ၌ ထိုင်နေတော်မူခိုက် တက္ကတွန်း (အာဇီဝက) ကို အဝေးမှာ လာနေကြောင်း တွေ့မြင်ကြလေရာ "ငါတို့ဆရာ မြတ်စွာဘုရားကို သိပါ၏လော" ဟု မေးတော်မူ၏။ ထိုသို့မေးလေမှ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံမြန်းသည်မှာ ခုနစ်ရက်ရှိပြီဖြစ်ကြောင်း သိကြရတော့သည်။ ထိုအခါ ရှင်မဟာကဿပ၏ နောက်ပါးမှ ရဟန်းငါးရာတို့အနက် ရာဂမကင်းရသေးသော အချို့ရဟန်းတို့သည် "ဘုန်းတော်ကြီးလှစွာသော မြတ်စွာဘုရား၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ပညာမျက်စိ ရှိတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ" ဟု ငိုကြွေးမြည်တမ်းကြကုန်၏။ အရပ်ကြီးပြတ် မြေမှာလူးခတ်ကြကုန်၏။ သခ်ၤါရတရား အတွင်း မြဲခြင်းသဘော မရှိနိုင်ရကား ရာဂကင်းပြီး ရဟန်းတို့မှာမူ အောက်မေ့ချင့်တုံ့ သည်းခံကုန်ကြလေသည်။ ထိုရဟန်းငါးရာတွင် ပါဝင်သော အသိခေါက်ခက် အဝင်နက်လှသည့် တောထွက်ရဟန်း သုဘဒ္ဒမှာမူ အချုပ်အခြယ်မှ လွတ်မြောက်ဘိအလား လိုရာကိုပြုကြပြီး မလိုရာကို မပြုဘဲနေကြရုံသာရှိပြီဟု မပူဆွေး မငိုကြွေးရန်အကြောင်းကို ဆိုလေ၏။ ရှင်မဟာကဿပကမူ မြတ်နိုးချစ်ခင် ဆက်ဆံချင်သော်လည်း ရှင်လျက်နှင့်လည်း ခွဲခွာရတတ်၏။ သေဆုံး၍လည်း ခွဲခွာရတတ်၏။ အရာရာသည် မတည်မြဲကြ၊ ပျက်စီးခြင်းသဘောရှိကြောင်း ကျေးဇူးတော်အရှင် မြတ်စွာဘုရား ဟောကြားဆိုဆုံးမခဲ့ပြီးကြောင်း ဖျောင်းဖျလေ၏။

ထိုစဉ်ဝယ် ကုသိနာရုံပြည်သား မလ္လမင်း အကြီးအကဲလေးဦးတို့က မြတ်စွာဘုရား၏ (အလောင်းတော်တည်ရာ) နဲ့သာထင်းပုံအား မီးရှို့ကုန်သော်လည်း နတ်တို့က မလိုလား၍ လောင်ကျွမ်းခြင်းမရှိ။ နတ်တို့သည် ရှင်မဟာကဿပကိုယ်တော်ကြီးကိုယ်တိုင် မြတ်စွာဘုရား၏ ခြေတော်စုံကို ဦးခိုက်မရှိခိုးရသေးမီ နဲ့သာထင်းပုံ မီးမလောင်ကျွမ်းစေလိုကြ။ ရှင်မဟာကဿပနှင့် ရဟန်းငါးရာတို့ ခြေစုံဦးခိုက် ရှိခိုးလိုက်ပြီးသည်နှင့် (လူတို့မမြင်ရဘဲ) နတ်တို့အာနုဘော်ကြောင့် မီးတောက်လောင်သွားတော့၏။ မီးတောက်လောင်သော မြတ်စွာဘုရား၏ အလောင်းတော်မှ အရေပါး အရေထူ အသားအကြော အစေးတို့၏ ပြာသည်လည်းကောင်း၊ မှိုင်းသည်လည်းကောင်း မထင်၊ သရီရဓာတ်တော်တို့သည်သာ ကြွင်းကျန်ကုန်၏။ ဆင်မြန်းထားရှိသော (သင်္ကန်း) ပုဆိုးအစုံငါးရာအနက် အတွင်းအကျဆုံး (သင်္ကန်း) ပုဆိုးနှင့် အပြင်အကျဆုံး (သင်္ကန်း) ပုဆိုးတို့သာ မီးမလောင်ကုန်။ ကောင်းကင်မှလည်းကောင်း၊ အင်ကြင်းပင်မှလည်းကောင်း ရေမျှားပန်းထွက်ကာ မီးကိုငြိမ်းစေ၏။ ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို မင်းကွန်းဦးထားလျက် လှံချိုင့်ဖြင့် ကာရံ၍ လေးသည်တော်တပ်ဖြင့် ခြံရံစေပြီး ခုနစ်ရက်ပတ်လုံး ကဆိတီးမှုတ်ကာ ပန်းနဲ့သာတို့ဖြင့် ရိသေလေးမြတ် ပူဇော်လတ်ကြကုန်၏။

အဆိုပါ ကြွင်းကျန်ရစ်သော (ဗုဒ္ဓအမွေ) သရီရဓာတ်တော်များကို စေတီပုထိုး တည်ထားပူဇော်ရန် ဗုဒ္ဓရှင်မြတ်နှင့် ဆွေမျိုးတော်စပ်ခြင်း၊ မင်းမျိုးဖြစ်ခြင်း၊ ပုဏ္ဏားမျိုးဖြစ်ခြင်း စသည်ဖြင့် အကြောင်းပြလျက် ရယူထိုက်ကြောင်း အောက်ပါပုဂ္ဂိုလ်တို့က တောင်းဆိုလာကြ၏–

www.dhammaransi.com

(က) ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်း၊
(ခ) ဝေသာလီပြည်သား လိစ္ဆဝီမင်းများ၊
(ဂ) ကပိလဝတ်ပြည်၌ နေကြသော သာကီဝင်မင်းများ၊
(ဃ) အလ္လကပ္ပပြည်သား ဗုလိမင်းများ၊
(င) ရာမရွာသား ကောဠိယမင်းများ၊
(စ) ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားများ၊
(ဆ) ပါဝါပြည်သား မလ္လမင်းများ၊
(ဇ) ပရိနိဗ္ဗာန် စံမြန်းရာ ကုသိနာရုံပြည်သား မလ္လမင်းများ။

ဤသို့ သူလိုချင် ကိုယ်လိုချင်ဖြစ်နေစဉ်ဝယ် ဒေါဏပုဏ္ဏားသည် ထိုမင်းပေါင်းစုံတို့အား "အရှင်တို့၊ ကျွန်ုပ်တို့၏ မြတ်စွာဘုရားမှာ သည်းခံသောဝါဒ ရှိပါသည်။ ထိုမြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ခွဲဝေရေးကြောင့် စစ်ဖြစ်ရန် မသင့်ပါ။ အလုံးစုံသော ငါတို့သည် တစ်ပေါင်းတည်း အညီအညွတ် ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ သရီရဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံ ခွဲဝေကြပါစို့။ မြတ်စွာဘုရားကို လူအများတို့ ကြည်ညိုလျက်ရှိကြပါသည်။ အရပ်ရှစ်မျက်နှာတို့၌ စေတီပုထိုး အနှံ့အပြား တည်ရှိကြပါစေ" ဟုဆို၏။ မင်းသားအပေါင်းက သဘောတူကြလေ၏။ ဒေါဏပုဏ္ဏားအားလည်း ဓာတ်တော်ခြင်သော ပြည်တောင်းကို စေတီပုထိုး တည်ထားကိုးကွယ်ရန် ပေးလေသည်။

ထိုသို့ မြတ်ဗုဒ္ဓ၏ ဓာတ်တော်အမွေ ခွဲဝေပြီးပါမှ ဝိပ္ပလီဝနတိုင်းသား မောရိယမင်းတို့က ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ ဝေစုတောင်းဆိုကြရာ အားလုံးခွဲဝေပြီးကုန်သဖြင့် ပေးရန်မရှိတော့ရကား တေဓောဓာတ် လောင်ကျွမ်းတော်မူရာ (မီးသင်္ဂြိုဟ်ရာ) အရပ်မှ မီးသွေးများကိုသာ ယူဆောင်ကြရတော့၏။

ဓာတ်တော်အမွေ ခွဲဝေရရှိခဲ့ကြသော ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ရာဇဂြိုဟ်ပြည်၌လည်းကောင်း၊ ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည် ဝေသာလီပြည်၌လည်းကောင်း၊ ကပိလဝတ်ပြည်နေ သာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်၌လည်းကောင်း၊ အလ္လကပ္ပပြည်သား ဗုလိမင်းတို့က အလ္လကပ္ပပြည်၌လည်းကောင်း၊ ရာမရွာသား ကောလိယမင်းတို့သည် ရာမရွာ၌လည်းကောင်း၊ ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားကလည်း ဝေဋ္ဌဒီပတိုင်း၌လည်းကောင်း၊ ပါဝါပြည်သား မလ္လမင်းတို့ကလည်း ပါဝါပြည်၌လည်းကောင်း၊ ကုသိနာရုံပြည်သား မလ္လမင်းတို့ကလည်း ကုသိနာရုံပြည်၌လည်းကောင်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုးများ အသီးသီး တည်ထားပူဇော်ကြသည်။

ဒေါဏပုဏ္ဏားလည်း ဓာတ်တော်ခြင်တွယ်သည့်တောင်းကို စေတီပုထိုး တည်ထား ပူဇော်လေ၏။ နောက်ကျ၍ ဓာတ်တော်များ မရ၊ မီးသွေးများသာ ရရှိခဲ့ကြသော ဝိပ္ပလီဝနတိုင်းသား မောရိယမင်းတို့သည်လည်း ထိုမီးသွေးများကိုပင် ဝိပ္ပလီဝနတိုင်း၌ စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ ထို့ကြောင့် ပြည်တောင်းစေတီနှင့် မီးသွေးစေတီများ ပါဝင်လျှင် စုစုပေါင်း စေတီပုထိုးတော် ဆယ်ဆူ ဖြစ်ပေါ်ခဲ့လေသည်။

အထက်၌ ဖော်ပြအပ်သော မြတ်စွာဘုရား၏ သရီရဓာတ်တော်မွေတော်များနှင့် ပတ်သက်၍ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်၊ ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ် (မဟာဝဂ်ပါဠိတော် မြန်မာပြန်)

www.dhammaransi.com

အပိုဒ် ၂၄၀ ၌ "၂၄၀၊ စက္ခုငါးပါး ရှိတော်မူသော မြတ်စွာဘုရား၏ သရီရဓာတ်တော်သည် ရှစ်စိတ် (ရှစ်ဒေါဏ) ရှိ၏။ ယောကျ်ားမြတ်ဖြစ်သော ခြက်စွာဘုရား၏ (သရီရဓာတ်တော်) ခုနစ်စိတ်ကို ဧမ္မ၂ဒိပ်ကျွန်း၌ ကိုးကွယ်ပူဇော်ကြကုန်၏။ တစ်စိတ်ကိုမူကား ရာမရွာ၌ နဂါးမင်းသည် ကိုးကွယ်ပူဇော်၏။ (၁) တစ်ဆူသောစွယ်တော်ကို တာဝတိံသာနတ်တို့သည် ကိုးကွယ်ပူဇော်ကုန်၏။ တစ်ဆူသော စွယ်တော်ကိုကား ဂန္ဓာရပြည်၌ ကိုးကွယ်ပူဇော်ကုန်၏။ တစ်ဆူသောစွယ်တော်ကိုကား ကာလိင်္ဂမင်း၏တိုင်းနိုင်ငံ၌ကိုးကွယ်ပူဇော်ကုန်၏တစ်ဆူသောစွယ်တော်ကိုမူကား နဂါးမင်းသည် ကိုးကွယ်ပူဇော်ကုန်၏။ (၂) ထိုသရီရဓာတ်တော်၏ တန်ခိုးကြောင့်ပင်လျှင် ဤမဟာပထဝီမြေပြင်သည် မြတ်သောဓာတ်တော်ပူဇော်ပွဲတို့ဖြင့် တန်ဆာဆင်ထားသကဲ့သို့ တင့်တယ်ပေ၏။ ဤသို့လျှင် မြတ်စွာဘုရား၏ ဤသရီရဓာတ်တော်ကို မြတ်ထက်မြတ်ဖြစ်သော နတ်လူတို့သည် ကောင်းစွာအရှိအသေပြုကြကုန်၏။ (၃) (အကြင်) သရီရဓာတ်တော်ကို နတ်မင်း၊ နဂါးမင်း၊ လူမင်းတို့သည် ပူဇော်ကြလေပြီ။ ထိုအတူပင် မင်းထက်မင်းမြတ်တို့သည်လည်း ပူဇော်ကြလေပြီ။ (သရီရဓာတ်တော်) ကို ရရှိလတ်သော် လက်အုပ်ချီမိုး ရှိခိုးကြကုန်လော့။ မြတ်စွာဘုရားဟူသည် ကမ္ဘာအရာတို့ဖြင့်သော်လည်း စင်စစ်တွေ့ရခဲ၏။ (၄) ညီညွတ်သော သွားတော်လေးဆယ်နှင့် အလုံးစုံသော ဆံတော်မွေတော်တို့သည် ရှိကုန်၏။ နတ်တို့သည် တစ်ဆူစီ တစ်ဆူစီ စကြဝဠာအဆက်ဆက်သို့ ပင့်ဆောင်လေကုန်သတည်း။ (၅) (သွားတော်လေးဆယ်ဟု ဆိုသော်လည်း စွယ်တော်လေးဆူမှတစ်ပါးသော သွားတော်သုံးဆယ့်ခြောက်ဆူကိုသာလျှင် ယူရာ၏။ ဤငါးဂါထာတို့ကို သီဟိုဠ်မထေရ်တို့ ထည့်သွင်းထားခဲ့သည်ဟု အဋ္ဌကထာ၌ ဆို၏။)

ထိုသို့ဆိုလျှင် ဂန္ဓာရပြည်၌ စွယ်တော်တစ်ဆူ ရောက်တော်မူသည်မှာ သေချာပါ၏။ ဂန္ဓာရပြည်သည် အာဘယ်မှာရှိသနည်း။ အာဘယ်တိုင်းပြည်ကို ခေါ်ဆိုသနည်း။ အချို့ကမူ မဟာဝင်္သပါဠိတော်ပါ ဂန္ဓာရတိုင်းဆိုသည်မှာ အိန္ဒိယနိုင်ငံတွင်းမှ တိုင်းတစ်တိုင်းဖြစ်သည်ဟု ဆို၏။ မြေပြင်အခြေအနေအရလည်းကောင်း၊ ရှေးဟောင်းသုတေသန လေ့လာချက်များအရလည်းကောင်း ဂန္ဓာရတိုင်းသည် ပါကစ္စတန်နှင့် တရုတ်ပြည်အကြား၌ ရှိနေသော ရှေးယခင် အိန္ဒိယနယ်မြေ တိုင်းကိုးတိုင်းအနက်မှ တစ်တိုင်းဖြစ်သည်ဟု ဆို၏။ ထိုဂန္ဓာရတိုင်းမှ တရုတ်ပြည်သို့ ပင့်ဆောင်သွားခဲ့သည်ဟုလည်း မှတ်ယူအပ်၏။ မည်သို့ဆိုစေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ စွယ်တော်မြတ်တစ်ဆူ ကိန်းဝပ်စံပယ်တော်မူသည်မှာ ယင်းဂန္ဓာရတိုင်းမှ စွယ်တော်မြတ်ပင်ဖြစ်ကြောင်း ယူဆရန်ဖြစ်ပေသည်။

ထိုစွယ်တော်မြတ်နှင့် ပတ်သက်၍ တရုတ်မှတ်တမ်းများအရ မြတ်စွာဘုရား၏အမွေစွယ်တော်မြတ်လေးသွယ်အနက် လူသားတို့ထံ၌ စွယ်တော်နှစ်ဆူ ကျန်ရှိရာ တစ်ဆူကို သီရိလင်္ကာနိုင်ငံသို့ ပင့်ဆောင်သွားခဲ့ပြီး ကျန်တစ်ဆူကို ယနေ့ ပါကစ္စတန်နိုင်ငံတွင် တည်ရှိသည့် ရှေးဟောင်း ဥဒယာန (Udyana) ဘုရင့်နိုင်ငံသို့ ပင့်ဆောင်သွားခဲ့ကြ၏။ ထိုဥဒယာနနိုင်ငံမှ ခိုတန် (Khotan) နိုင်ငံ၊ ယနေ့ တရုတ်နိုင်ငံ ဆင်ကျိယန်း (Xinjiang) ပြည်နယ် ဟိတ်ယန် (Hetian) ဒေသသို့ ပင့်ဆောင်ခဲ့ကြသည်။ ခရစ်နှစ် ငါးရာစုခေတ်တွင် တောင်ပိုင်းကီမင်းဆက် (Qi Dynesty) မှ တရုတ်ဗုဒ္ဓဘာသာရဟန်းတစ်ပါးဖြစ်သော ဖာစီယန် (Fa-Xian) သည် ခိုတန်နိုင်ငံမှ တရုတ်ပြည် ကီမင်းဆက်၏မြို့တော် နန်ကင်းမြို့ (Nan Jing) သို့ ပင့်ဆောင်ခဲ့သည်။ ဆွီမင်းဆက် (Sui Dynasty) လက်ထက်၌ မြို့တော်သစ်ဖြစ်သည့် ချန်အန်း (Chang-an) သို့ ပင့်ဆောင်ခဲ့ပြန်သည်။ ထိုနောက်ပိုင်း မင်းဆက်ငါးဆက်ခန့်တွင် ပြည်တွင်း

www.dhammaransi.com

ရေး ရွုပ်ထွေးမှုရှိခဲ့၍ နေရာအမျိုးမျိုးရွှေ့ပြောင်း ပင့်ဆောင် ထိန်းသိမ်းခဲ့ကြရ၏။ နောက်ဆုံး လီယို မင်းဆက် (Liao Dynasty) လက်ထက်၌ ယင်ကင်း (Yen-Jing) ယနေ့ ပီကင်းမြို့ (Bei-Jing) သို့ ပင့်ဆောင်ကိုးကွယ်ခဲ့ကြသည်။ ဒေါ်ဒွန် (Dao Zong) ဘုရင်၏မှတ်တမ်းတွင် ဗုဒ္ဓစွယ်တော်မြတ်အား ခရစ်နှစ် ၁၀၇၁ ၌ ဇောင်ဇီယန်ဘုရား (Zhao-Xian Pagoda) တွင် ဌာပနာခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဇောင်ဇီယန်ဘုရားကို တည်ထားရာ လင်းဂွမ်း (Ling guang) ကျောင်းတော်မှာမူ ခရစ်နှစ် ရှစ်ရာစုက တည်ဆောက်ခဲ့သည်ဟု သိရပါသည်။ ခရစ်နှစ် ၁၉၀၀ ပြည့်က တရုတ်ပြည် စစ်ရေးအခြေအနေ ကြောင့် လင်းဂွမ်း ဘုန်းတော်ကြီးကျောင်းနှင့် ဇောင်ဇီယန်ဘုရားတို့ ပျက်စီးခဲ့လေရာ စေတီ၏ အောက်ခြေ၌ စွယ်တော် ကိန်းဝပ်ရာ ကျောက်သားဓာတ်တော်ကြွတ်ကို တွေ့ကြရသည်။ ကြွတ်အတွင်း၌ သေတ္တာငယ်တွင် သကျမုနိ မြတ်စွာဘုရား၏စွယ်တော်၊ ရေးသားသူ ရှန်မိုး တိယန်ဝိုး၊ ခုနစ်နှစ်မြောက် လေးလ နှစ်ဆယ့်သုံးရက်နေ့ဟု ရေးသားဖော်ပြထားကြောင်း သိရပါ၏။ ထိုရက်စွဲမှာ "လီယိုမင်းဆက်သမိုင်း" စာအုပ်တွင် ပါရှိသောရက်စွဲနှင့် ကိုက်ညီသဖြင့် တ်ရုတ်သမိုင်းကြောင်းအရ မှန်ကန်မှုရှိကြောင်း သုံးသပ်ကြပါသည်။

အချုပ်အားဖြင့် ဆိုရပါမူ ဗုဒ္ဓ၏ဓာတ်တော် အမွေခွဲဝေခဲ့ကြပုံကိုလည်းကောင်း၊ ခွဲဝေရရှိခဲ့သော ဓာတ်တော်များကို စေတီပုထိုးအမျိုးမျိုး တည်ထားကိုးကွယ်ခဲ့ကြသည်ကိုလည်းကောင်း သုတ္တန် ပိဋကတ် အထောက်အထားဖြင့် သိရှိနိုင်ပါ၏။ ထို့နောက်ပိုင်း အဆင့်ဆင့် ပင့်ဆောင်ကြပုံကိုမူ သမိုင်း ရေးရာ အဇထာက်အထားများဖြင့် တွက်ချက်မှန်းဆ အတည်ပြုခဲ့ကြပါ၏။ သို့ဖြစ်ရာ မြတ်ဗုဒ္ဓ၏ သရီရ ဓာတ်တော်စွယ်တော်အမွေအနှစ်များကို မပျောက်မပျက် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရင်း ဗုဒ္ဓ ဘာသာဝင် သူတော်စင်တို့ ရှိသေလေးမြတ် ပူဇော်အပ်လှပါသဖြင့် ကြည်ညိုသဒ္ဓါဟာများနိုင်ကြစေရန် အလို့ငှာ ကုသိုလ်ပုည ခွဲဝေမျှလိုက်ရပါသတည်း။

ကပ္ပိယ စန်းလွင်

မှီငြမ်းစာစောင်များ

(၁) မဟာဝင်္သပါဠိတော် မြန်မာပြန် (သာသနာရေးဦးစီးဌာန)
(၂) ပါဠိသက် ဝေါဟာရ အဘိဓာန် (ဦးထွန်းမြင့်)
(၃) The Buddha's Tooth-relic Pagoda (the Buddhist Association of China)

www.dhammaransi.com

ဗုဒ္ဓစွယ်တော်မြတ် ဖြတ်သန်းရသော ဒေသစာရီခရီး

ဗုဒ္ဓဝင်ကျမ်းများ၏ဥဒါန်းစကားနှင့် တရုတ်ပြည်သူ့သမိုင်းမှတ်တမ်းများအရ ဂေါတမမြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် လူ့ပြည်၌ စွယ်တော်မြတ်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူနေခဲ့ရာ တစ်ဆူသောစွယ်တော်မြတ်မှာ သီဂိလက််ာနိုင်ငံသို့ကြွရောက်ကိန်းဝပ်စံပယ်တော်မူပြီး တစ်ဆူသော စွယ်တော်မြတ်မှာ ထိုစဉ်အခါက ဂူချန်း 'ယနေ့ ပါကစ္စတန်နိုင်ငံ' နယ်နိမိတ်အတွင်းသို့ ကြွရောက် ကိန်းဝပ်စံပယ်တော်မူခဲ့သည်။

ထို့နောက် ဂူချန်းမှ ယွီကျန် ယနေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စင်ကျန်ပြည်နယ် ဟိုကျန် ခရိုင်သို့ ကြွရောက်ကိန်းဝပ်စံပယ်တော်မူခဲ့လေသည်။

၅ရာစုတွင်တောင်ပိုင်း မင်းဆက် ချီနိုင်ငံမှ တရုတ်ရဟန်းရှင်မြတ် ဖသျန် "အေဒီ ၄၂၄-၄၉၈" သည်ပစ္စိမတိုင်း ယွီကျန်သို့ ဒေသစာရီကြွမြန်းခဲ့ရာ အပြန်ခရီးတွင် ဗုဒ္ဓစွယ်တော်မြတ်ကို ချီနိုင်ငံ နေပြည်တော် ယနေ့ နန်းကျင်းမြို့တော်သို့ တစ်ပါးတည်းပင့် ဆောင်လာခဲ့လေသည်။

ဆွမင်းဆက်ခေတ်တွင် ဗုဒ္ဓစွယ်တော်မြတ်အား ချန်အန်းနေပြည်တော်သို့ ဓမ္မလက်ဆောင် အဖြစ် ပို့ဆောင်ခဲ့ခြင်းပြုခဲ့သည်။

မင်းဆက်ငါးဆက် ထီးပြိုင်နန်းပြိုင် (အေဒီ ၉၀၇-၉၆၀) ခေတ်တွင် တရုတ်ပြည်အလယ်ပိုင်း မြေပြန့်လွင်ပြင်ဒေသ၌ စစ်ဘေးစစ်ဒဏ်ကျရောက်နေခဲ့ရာ ဗုဒ္ဓစွယ်တော်မြတ်သည် ထိုစဉ်အခါက မြောက်ပိုင်း လျောင်မင်းဆက်၏ ယဲန့်ကျင်း ယနေ့ပေကျင်း (ပီကင်း) မြို့တော်သို့ အဆင့်ဆင့်ကြွရောက် ကိန်းဝပ်စံပယ်တော်မူခဲ့ကြောင်း လျောင်သမိုင်း၊ အတွဲ ၂၂၊ ကရာဇ်သမိုင်းမှတ်တမ်းများအရ သိရှိရပေသည်။

ရှန်ယုံကရာဇ် နန်းသက်ခုနစ်နှစ်၊ ရှစ်လ (အေဒီ ၁၀၇၁) တွင် ဗုဒ္ဓစွယ်တော်မြတ်အား "ကျောက်ရှင်စေတီတော်" **Zhao Xian Pagoda** သို့ပင့်ဆောင်၍ ကိန်းဝပ်စံပယ်ပူဇော်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများလည်း ရှိခဲ့ပေသည်။ ဤသည်မှာကား ဗုဒ္ဓစွယ်တော်မြတ် ပေကျင်း (ပီကင်း) မြို့တော်သို့ ကြွရောက် ကိန်းဝပ်စံပယ်တော်မူခဲ့သည့် သမိုင်းကြောင်းပင် ဖြစ်ပေသည်။

ကျောက်ရှင်စေတီတော်မြတ်တည်ရာ လင်ကွမ်စစ်ဘုရားကျောင်းသည် ၈ ရာစုတွင် စတင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စေတီတော်မြတ်ကို ဘုရားကျောင်းဝင်းအတွင်း အရှေ့တောင်ထောင့် တွင် တည်ထားပြီး အဋ္ဌဂံထောင့် ရှစ်ထောင့်ချိုး ဘုံအဆင့် ၁၀ ဆင့်ပါရှိသည့် အုတ်စေတီ တစ်ဆူ ဖြစ်သည်။ စေတီတော်၏အုတ်များတွင် ဗုဒ္ဓရုပ်ပွား၊ ဆင်းတုတော်များ ထွင်းထုထားခြင်း၊ ခြူးပန်းများ ဖော်ခပ်ထားခြင်းကြောင့် ယေဘုယျအားဖြင့် "ပုံတော် တစ်ထောင်စေတီ" ဟူ၍ ဘွဲ့တော် သမုတ်ခဲ့ကြလေသည်။ နှစ် သုံးလေးရာအတွင်း လင်ကွမ်စစ်ဘုရားကျောင်းသည် တစ်လျှောက်လုံး ပေကျင်း (ပီကင်း) မြို့တော်၏သမိုင်းဝင် ဗုဒ္ဓမြတ်ဌာနေတစ်ခု ဖြစ်ခဲ့ပေသည်။

၁၉၀၀ ပြည့်နှစ်တွင် နယ်ချဲ့ရှစ်နိုင်ငံမှ ကျူးကျော်ရေးတပ်များ ဝင်ရောက်လာပြီး အကြီး အကျယ် မီးရှို့လုယက်ခဲ့ကြသဖြင့် ပေကျင်းမြို့တော်သည် ကြီးမားစွာ ဖျက်ဆီးမှု ခံခဲ့ရလေသည်။

2207-1

www.dhammaransi.com

ဝေးရပ်ဆင်ခြေဖုံးရှိ လင်ကွမ်စစ်ဘုရားကျောင်းနှင့် ကျောက်ရှင်စေတီတော်မြတ်တို့သည်လည်း ကျူးကျော်ရေးသမားများ၏ အမြောက်ဆန်ကြား၌ အုတ်ကြိုးအုတ်ပဲ့ဘဝသို့ ကျရောက်ခဲ့ရသည်။ အရေးအခင်းကြီး ပြီးသွားသည့်နောက်၌ တရုတ်ရဟန်းများက ပျက်စီးမှုများကို သိမ်းဆည်းခဲ့ကြရာ စေတီတော်မြတ် ဌာပနာတိုက်အတွင်းတွင် ဗုဒ္ဓမြတ်စွယ်တော်အား ကြည်ညိုပူဇော်ဌာပနာထားသည့် ကျောက်သေတ္တာကြီးတစ်လုံးကို တွေ့ရှိခဲ့ကြလေသည်။ ကျောက်သေတ္တာကြီးထဲတွင် အကျော် (သစ်မွှေးသား) ဖြင့် ပြုလုပ်ထားသော ဘူးတစ်ဘူးရှိနေသည်။ ဘူးပေါ်၌ "သကျမုနိဗုဒ္ဓမြတ်စွယ်တော်" တျန်ဂ့ေဇကရာဇ် နန်းသက် ၇ နှစ် ၄ လ ၂၃ ရက်နေ့ ဆန်းဂ့ေရးသည်" ဟူ၍ ကမ္ဗည်းတင်ထားသည့် စာတန်းပါရှိလေသည်။ စေတီတော်၏ထိပ်ဖူး ကျောက်ဆစ်ပန်းခွက်မှာ ကံကောင်းထောက်မ၍ မပျက်မယွင်းဘဲ စင်းလုံးချောရှိပြီး စေတီတော်တည်သည့် ခု၊ နှစ်၊ လ များ ထုခပ်ထားပေသည်။ "လျောင်သမိုင်း"ရေးသားဖော်ပြချက်များနှင့် လုံးဝကိုက်ညီနေပေသည်။ စေတီတော်မြတ်တည်ခဲ့သည့် ဒါယိကာမမှာ "ကျင့်" မျိုးရိုးအမည်ရှိ လျောင်နိုင်ငံ၏ နန်းရင်းဝန်ချုပ် ယယ်လွီရှိုင်း၏ မယ်တော်ကြီးပင်ဖြစ်သည်။ သစ်မွှေးဘူးပေါ်တွင် နာမည်ရေးထိုးထားသည့် ဆန်းဂ့ေဆိုသူမှာမူ မင်းဆက်ငါး ဆက်ခေတ်က မြောက်ပိုင်း ဟန်နိုင်ငံမှ ရဟန်းပုဂ္ဂိုလ်ဖြစ်ကြောင်း၊ မင်းဟိုနောက်ဆက်တွဲ ရဟန်းမြတ်များ ထေရပွတ္တိကျမ်းထဲတွင် အဆိုရှိခဲ့သည်။ တျန်ဂ့ေဆိုသည်မှာ မြောက်ပိုင်း ဟန် ဧကရာဇ်မင်း၏ သက္ကရာဇ်နှစ်ဖြစ်သည်။ အေဒီ ၉၆၃ ခုနှစ်ပင် ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် အေဒီ ၁၀၇၁ ခုနှစ်တွင် စေတီတော်တွင်း စတင်ကိန်းဝပ်စံပယ်ချိန်မှ ၁၉၀၀ ပြည့်နှစ် ပေါထွန်းလာချိန်အထိ ကျောက်ရှင်စေတီတော်မြတ်အတွင်း၌ နှစ်ပေါင်း ၈၃၀ မျှ ပူဇော် ထားရှိခဲ့လေသည်။

၁၉၅၇ ခုနှစ်တွင် ပေကျင်း (ပီကင်း) မြို့တော် ရှိုးစန်းရှိ လင်ကွမ်ဆစ်ဘုရားကျောင်း မူလ မြတ်ဌာနေ ကျောက်ရှင်စေတီတော်မြတ်အနီးတွင် စေတီတော်သစ်တစ်ဆူ တည်ထားပြီး ဗုဒ္ဓ မြတ်စွယ်တော်ကို ပူဇော်ထားရှိပေသည်။ ဗုဒ္ဓမြတ်စွယ်တော်သည် တရုတ်ပြည်တွင် နှစ်ပေါင်း ၁၅၀၀–၁၆၀၀ မျှ ကိန်းဝပ်စံပယ်တော်မူခဲ့ပြီး ဖြစ်ပေသည်။

ပြုစုတည်းဖြတ်သူ မစွတာ တောင်ရှုရင်
ဒုတိယ ဥက္ကဋ္ဌ
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့
(ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးအဖွဲ့)

မြန်မာဘာသာပြန်ဆိုသူ လင်းဝေ

www.dhammaransi.com

မြတ်စွယ်တော်ထွတ်အဖူး

မဟာကဗျာလေးချိုးကြီး

(၁) တရုတ်သမ္မတနိုင်ငံတော် ဂန္ဓာလရာဇ်စိန့်တိုင်းဆီက အဟုတ် အမှန်ပ ပြိုင်စံမပေါ် မြန်စွာလှစ်လှစ်ပြီး ချိန်.နှိုင်းပါလို့ တစ်စိတ်တစ်ပိုင်း အတိတ်သမိုင်းကို ပြောရရင်ဖြင့် ဂေါတမသခင် သောဘဂဝါအရှင် အထက်လက်ဝဲစွယ်တော်ဓာတ်ကိုလ တကယ်နော် စပ်မူ နွယ်လက်မပြတ်သူ တရုတ် " လျော " (Liao) မင်းတို့က အဟုတ်ကိုပဲ တောတွင်း " ရှိရှန် " ခေါ် ပစ္စိမတောင်ရိုး " ပါတချူ " (Pa Ta Chu) တောင်ခါးပန်းမှာတဲ့

ချောင်စခန်းသာယာ မြောင်စမ်းအဖြာဖြာ အထွေထွေအလီလီ မြေညီအရပ်တွင်ဖြင့် မွေသရီ စေတီတော်မြတ်ကိုတဲ့ ထား:တည်ခဲ့ရာ။ ။

(၂) သို့ပါသော်သဘောမှန်စွ၊ လောကဓံအရ၊ ပြောရန်က ရှိသေး:သပေါ့ သတိမွေးကြ၊ အသိပေး:မ(ယ်)ပ၊ မချိတွေး:စရာ့ဖြေဆည်မတတ်ဖွယ် မပြတ်တကယ်ခေတ်အဆက်ဆက် အဖြစ်အပျက်အတန်တန်ကြုံခဲ့ရ သို့ကြုံခဲ့ပေမင့် { (ဘဲ့ကျင်: (ပီကင်:) မြို့တော် " ကွမ်ချီတဆု " ဗုဒ္ဓဘာသာကျောင်းတော်မှာဖြင့် } ဘုံဗွေအဆင့်ဆင့်နဲ့ ဂုဏ်သရေတင့် ပါလို့ ခုံရွှေမြင့်ပဒုမာ ကြာကလပ်ပေါ်မဟာစေတီအတွင်းမှာလ

ရတနာရွှေရည်တဝင်း:ဝင်းနှင့် မြတ်စွယ်တော်ထွတ်အဖူး:ဟာဖြင့် ညွတ်နူး:ဖွယ် ညိုဝါ နီရောင် ကွန့်မြူးပါလို့ ထူး:ဘိမြတ်စွာ။ ။

(၃) သြော် ..... ယခုအခါ ထူးမြတ်စွာ အသရေလျှပ်ပါတဲ့ မွေဓာတ် ဘယ်သော်မတူတဲ့ ထိုစွယ်တော်တစ်ဆူကိုလ လေးဆယ့်ငါး: ရက်တာကြာကြာ၊ မြန်မာဇမ္ဗူမှာ ဖူးမြော် ကိုးကွယ်ကြရပြန်တော့

သဒ္ဓါသူတွေ ဟာ အထူးနော် အကျိုးတကယ်ရကြပြီပေါ့

သြ ..... ဘဂဝါ စွယ်တော်ကို ဦးတော်အမျိုးအသွယ်သွယ်ချလို့ဖြင့် မဝနိုင်ဘူး: ဖရှး: (ဘုရား:)၊ (ဒါကတော့ ရတောင်ရခဲတဲ့ အခွင့်အရေးကြီးကိုရှင့်) [သို့မို့ကြောင့်] အဟောဝတ အဟောဝတလို့ သဘောကျကြတာ၊

(ဒါပေမယ့်) ကျွန်မတို့ဘဝကဖြင့် သံသရာတစ်ကြောမှာ သောကော၊ ရောကော၊ သောကော၊ ရောကောနှင့် မရေရာသေး၊

(သြ ..... ဒါ့ကြောင့်မို့) ဇောမနော တကြွကြွနှင့် ဒါန၊ သီလ၊ ဘာဝနာအရေး: ရဟန်းရှင်လူ မြန်မာပြည်သူတို့က ကောင်းမှုအစုစု ပြုကြရပြီး:မို့ သာဓုသြဘာ ထောမနာ အတန်တန်ပေး:။

www.dhammaransi.com

(၄) တရုတ် – မြန်မာ

အဟုတ်အမှန်ပါ ချစ်ကြည်ရေး အဆောင်အရွက်ဟာဖြင့် နောင်တစ်သက်တာ
အဆက်ဆက် အကမ္ဘာဘာ မှန်စွာအဟုတ် မြန်မာ–တရုတ်ဆိုတာ ဂန္ဆဝင် စံတင်
မှတ်မည်ပ မြန်တခွင် စျာန်ယာဉ်မပြတ်ပါဘု
အတန်တန်ပင် စွယ်တော်ရှင်ဓာတ်ဟာဖြင့်၊
အပြီးမလပ်စေပါ ခရီးမြတ်ဒေသစာ အောက်အထက် မြန်မာနိုင်ငံကို ကြွခဲ့ပြီးပြီမို့
ဘဝရဲ့ခရီးမှာ ကြဲသမျှ၊ ဖန်သမျှအရေး အသီးသီးတွင်လ
ရန်ဘယ အမှန်ပ မြန်စွ၊ မနေးမပြီး အဝေးကြီးဝေး အအေးကြီးအေးရအောင်လို့
[ကျွန်မတို့ကတော့] အုံးကြာပြန့်မှာလ ထုံးအလာ၊ နှုန်းစရာ၊ သုံးစာအခဲ့တွေ
မရေးတတ်ပေမင့်
ဟော ..... ကဝတ်ဆံ ထုံးတာကို ဖြန့်ပါလို့
အသွားသာယာလှတဲ့တရား ကဗျာဝစန ဓမ္မတေးသန့်သန့်တွေနှင့်
မွေးမွေးပျံ့ပျံ့ နွေးနွေးဖန့်ဖန့် လေးလေးခန့်ခန့် ပဏာမရှိခိုးဦးတင် ကန်တော့
လိုက်ပါသေး။ ။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ကထိက ဒေါ်မြင့်သန်း

www.dhammaransi.com

ကြိုတောင့်ကြိုခဲ့ ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲ

၁၉၉၄ ခု၊ ဧပြီလ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ အပူဇော်ခံရန် ဒေသစာရီ ကြွချီလာတော့မည်ဖြစ်သည်။ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၏ ထူးခြားသောအထိမ်းအမှတ်တစ်ခုဖြစ်၍ မြန်မာနိုင်ငံအစိုးရ၏ စေတနာသဒ္ဓါတရား ထက်သန်စွာ ကြိုးစားအားထုတ်မှုကြောင့် မြန်မာပြည်သူပြည်သားဗုဒ္ဓဘာသာဝင်များမှာ ဗုဒ္ဓမြတ်စွယ်တော်ကို ကြိုတောင့်ကြိုခဲလှသော အခွင့်အရေးတစ်ရပ်အနေဖြင့် ဖူးမြော်ကြည်ညိုပူဇော်ခွင့်ရကြပေတော့မည်။

ဓာတ်တော်မွေတော်များကို နောင်လာနောက်သား များ ဖူးမြော်ကြည်ညိုခွင့် ရနိုင်အောင် မြတ်စွာဘုရားကိုယ်တော်တိုင်က အဓိဋ္ဌာန်ပြုတော်မူခဲ့သည့်ပြင် သာသနာတော်ခေတ်အဆက်ဆက် တန်ခိုးကြီးသော ရဟန္တာများ၊ နတ်ဗြဟ္မာများ၊ သာသနာကိုကြည်ညိုကြသော သာသနာ့ဒါယကာဘုရင်မင်းများကလည်း စောင့်ရှောက်ပေးခဲ့ကြသည်။

"နိဗ္ဗုစ်ပြီ၊ ရှုမအိသား၊ သိဂီရွှေလော်၊ အလောင်းတော်ကို၊ ထိုးရောက်ဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနော၊ ဓာတ်တော်ဇောလျှင်၊ ရှင်စောဉာဏ်စက်၊ ဓိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ်ကြွင်းတယ်ကို"

ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုးတွင်ပါရှိသည့်အတိုင်း ဂေါတမမြတ်စွာဘုရားသည် အသက်တစ်ရာတမ်းတွင် ပွင့်တော်မူသော မြတ်ဘုရားဖြစ်၍ ပရိနိဗ္ဗာန်ပြုချိန်တွင် မြတ်စွာဘုရားအား ဖူးတွေ့ခွင့် မရလိုက်သောသူများ ကြည်ညိုဖူးမြော်ခွင့်ရရှိကြစေရန် ဓာတ်တော်မွေတော် ကြွင်းကျန်ရစ်စေဖို့ အဓိဋ္ဌာန်ပြုခဲ့သည်။ မြတ်ဘုရား၏ အဓိဋ္ဌာန်ချက်အတိုင်း ရှစ်စိတ်မျှအတိုင်း အတာရှိသော ဓာတ်တော်တို့ ကြွင်းကျန်ရစ်ခဲ့သည်။ "ငါဘုရား ပရိနိဗ္ဗာန်စံယူလင့်ကစား မုန့်ညင်းစေ့ခန့်မျှရှိသော ငါ၏ဓာတ်တော်ကို ပင့်ဆောင်ကာ စေတီတည်ထားပူဇော်ကြသူများသည် နတ်ရွာသုဂတိသို့ လားရောက်ကြပါစေ" ဟူသောရည်ရွယ်ချက်ဖြင့် သရီရဓာတ်တော်များ၊ အဆူဆူကွဲပြားရန် အဓိဋ္ဌာန်တော်မူခဲ့ခြင်းဖြစ်သည်။ ဂေါတမမြတ်စွာဘုရားအလောင်းအား ဘုရားဖြစ်မည်ဟု ဗျာဒိတ်ကြားတော်မူကြသည့် နှစ်ကျိပ်လေးဆူသော ဘုရားတို့တွင် ရေဝတမြတ်စွာဘုရား၊ သောဘိတမြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ သုမေဓာမြတ်စွာဘုရား၊ အတ္ထဒဿီမြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရား၊ ဝေဿဘူ မြတ်စွာဘုရားနှင့် ကောဏာဂမန မြတ်စွာဘုရားတို့သည် ပရိနိဗ္ဗာန်ပြုတော်မူကြသည့် အခါ ဓာတ်တော်များ အစိတ်စိတ်အမြွှာမြွှာကွဲပြားစေရန် အဓိဋ္ဌာန် ပြုတော်မူခဲ့ကြသည်။

အဓိဋ္ဌာန်ခြင်း မပြုသောမြတ်ဘုရားတို့၏ ဓာတ်တော်သည်ကား ထုံးတမ်းစဉ်လာမမူတာအရ အစိတ်စိတ်မကွဲပြားဘဲ ရွှေတုံးကြီးကဲ့သို့ တစ်လုံးတစ်ခဲတည်း တည်ရှိကြသည်။

မြတ်စွာဘုရား၏ ရုပ်ကလာပ်တော်ကို တေဇောဓာတ်မီးလောင်ကျွမ်းပြီးနောက် ကျန်ရှိသောဓာတ် တော်များတွင် သွားတော်လေးဆယ်၊ စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ ဖြစ်သော ဓာတ်တော်တို့သည် သက်တော်ရှိစဉ်က ပုံအသွင်အတိုင်း အစိတ်စိတ်မကွဲပြားဘဲ တည်ရှိကြ သည်။ ကြွင်းသော အသားတော်၊ အရိုးတော်၊ အသွေးတော်၊

www.dhammaransi.com

အကြောတော်တို့မှဖြစ်သော ဓာတ်တော် များသည် တဇောဓာတ်လောင်စဉ်က အစိတ်စိတ်ကွဲပြား၍ ကြီးသောဓာတ်တော်တို့သည် ပဲနောက်စေ့ အရွယ်ရှိ၍ ရွှေအဆင်းနှင့်တူသည်။ ငါးပြည်သား ခန့်ကြွင်းကျန်ရစ်သည်။ အလတ်စား ဓာတ်တော်များသည် ဆန်ကျိုးခန့်ပမာဏရှိ၍ ပုလဲအဆင်းနှင့်တူသည်။ ငါးပြည်သား ခန့်ကျန်ရှိသည်။ အငယ်ဆုံး ဓာတ်တော်များမှာ မုန့်ညင်းစေ့ခန့် ပမာဏရှိသည်။ မုလေးပန်း(မြတ်လေးပန်း) ငုံ အဆင်းနှင့်တူသည်။ ခြောက်ပြည်သား ခန့် ကျန်ရှိ သည်ဟု ကျမ်းဂန်များက ပြဆိုကြသည်။

တဇောဓာတ်မီးလောင်ကျွမ်းပြီးနောက် ကျန်ရှိသောဓာတ်တော်များကို ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်ကပိလဝတ်ပြည်အလွန်ကပ္ပပြည်၊ ကောလိယမင်းတို့၏ ရာမဂ္ဂာ၊ ဝေဌဒီပကပုဏ္ဏားရွာ၊ မလ္လာမင်းတို့၏နေရာ ပါဝါပြည်နှင့် ကုသိနာရုံပြည်တို့မှ ရှစ်ပြည်ထောင်မင်းများအား ဆရာဖြစ်သော ဒေါဏ ပုဏ္ဏားကြီးက ရှစ်ပုံအညီအမျှခွဲဝေပေးလိုက်သည်။ ယင်းဓာတ်တော်များကို ဆိုင်ရာမင်းများက မိမိတို့တိုင်းပြည်၌ စေတီတည်ထားပူဇော်ကြသည်။ ဒေါဏပုဏ္ဏားကြီးသည် ဓာတ်တော်ခြင်သော ပြည်တောင်းကို ငှာပနာ၍ စေတီတည်ထားကိုးကွယ်ရသည်။ ပိပ္ပလိဝန တိုင်းသားတို့သည် တဇောဓာတ်လောင်ကျွမ်းရာအရပ်မှ မီးသွေးတို့ကိုယူ၍ စေတီတည်ထားကိုးကွယ်ကြသည်။

အချို့သော နတ်ဗြဟ္မာ၊ ရဟန္တာအရှင်မြတ်တို့သည် တဇောဓာတ်မီးလောင်ကျွမ်းနေစဉ် မီးမငြိမ်းမီ ကာလကပင် မိမိတို့၏ တန်ခိုးဖြင့် မြတ်ဘုရားရှင်၏ သွားတော်လေးဆယ်ကို စကြဝဠာအသီးသီးသို့ ယူဆောင်ကာ ပူဇော်ကြသည်။ အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော သရဘူမထေရ်သည်လည်း မိမိတန်ခိုးဖြင့် လည်ရိုးတော်ဓာတ်ကို ယူဆောင်ပြီး သီဟိုဠ်ကျွန်း မဟိယင်္ဂဏကောဓာတုစေတီတော်၌ ဌာပနာ၍ ပူဇော်ခဲ့သည်။

မကွဲမပြားဘဲ မူလအတိုင်းရှိသော မြတ်စွာဘုရား၏ဓာတ်တော်ခုနစ်ဆူတို့တွင် နဖူးသင်းကျစ်တော်သည် သီဟိုဠ်ကျွန်းရှိ မင်္ဂလာစေတီတော်၌ ကိန်းဝပ်တည်ရှိပြီး လက်ဝဲညပ်ရိုးတော်ကို ဗြဟ္မာပြည်၌ တည်ထားပူဇော်သည်။ လက်ယာညပ်ရိုးတော်မှာ သီဟိုဠ်ကျွန်းရှိ ထူပါရုံစေတီတော်၌ ကိန်းဝပ်တော်မူ လျက်ရှိကာ အထက်လက်ယာစွယ်တော်မှာမူ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်၌ကိန်းဝပ် စံပယ်လျက်ရှိသည်။ အောက်လက်ယာစွယ်တော်သည် နဂါးပြည်ရှိ ရတနာစေတ်တော်တွင် စံပျော်တော် မူလျက်ရှိပြီး အထက်လက်ဝဲစွယ်တော်မှာကား ဂန္ဓာရတိုင်း (ယခုအခါတရုတ်ပြည်)၌ ကိန်းဝပ်အပူဇော်ခံ လျက်ရှိသည်။ အောက်လက်ဝဲစွယ်တော်ကိုမူ ကလိင်္ဂရာဇ်ပြည် ဒန္တပူရမြို့၌ တည်ထားပူဇော်ကြ၍ ယခုအခါသီဟိုဠ်ကျွန်း၌ ပူဇော်ထားကြောင်း ကျမ်းဂန်များ၌ တွေ့ရှိရသည်။

အရှင်မဟာကဿပမထေရ်ကြီးသည် ဓာတ်တော်ဝေစုရသော မင်းများထံမှ ဓာတ်တော်များကို ပူဇော်လောက်ရုံမျှ ချန်ထားပြီး ရာဇဂြိုဟ်ပြည်သို့ တန်ခိုးတော်ဖြင့်ဆောင်ယူ၍ အဇာတသတ်မင်းကြီးထံ ပေးအပ်သည်။ အဇာတသတ်မင်းကြီးသည် နှောင်သောအခါ မိစ္ဆာဒိဋ္ဌအယူရှိသူတို့ မဖျက်ဆီးနိုင်စေရန် အတောင်ရှစ်ဆယ်နက်သော လျှို့ဝှက်ဓာတ်တော်တိုက်ကြီးကို တည်ဆောက်၍ ဓာတ်တော်များမြုပ်နှံဝှက်ထားခဲ့သည်။ ယင်းဓာတ်တော်တိုက်၌ နှောင်အခါ ပိယဒါသ မည်သောမင်းသားသည် ထီးဖြူတော်စိုက်ဆောက်၍ အသောကမည်သော တရားမင်းဖြစ်လိမ့်မည်။ ထိုအသောကမင်းသည် ဤဓာတ်တော်များကို ဇမ္ဗူထိပ်ကျွန်းအနှံ့ပြန့်အောင် ပြုရစ်လိမ့်မည်ဟု အကွရာတ်ဆိပ် ထွင်းထုရေးနိပ်ကာ ထားစေခဲ့သည်။

www.dhammaransi.com

ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာနှစ်ပေါင်း ၂၀၀ ကျော်သို့ရောက်ရှိသည့်အခါ အသောကမင်းတရားသည် ထိုဓာတ်တော်များကို တူးဖော်ထုတ်ယူ၍ မိမိဆောက်လုပ်သော ကျောင်းတိုက်ပေါင်းရှစ်သောင်းလေးထောင်တို့၏အတွင်း၌ ဓာတ်တော်များကို စေတီတည်ထားကာ သာသနာတော်ပြန့်ပွားစည်ပင်အောင် ဆောင်ရွက်ခဲ့သည်။

ဤကဲ့သို့ သာသနာခေတ်အဆက်ဆက်တွင် မြတ်ဘုရား၏ဓာတ်တော် မွေတော်များ ညီညွတ်သော သွားတော်လေးဆယ်၊ ဆံတော်မွေတော်ဓာတ်များ၊ မြတ်ဘုရား၏အသုံးအဆောင် ပရိဘောဂပစ္စည်းများကို ရဟန္တာနှင့် နတ်ဗြဟ္မာများ၊သာသနာကို ကြည်ညိုမြတ်နိုးကြသော သာသနာ့ဒါယကာမင်းကောင်းမင်းမြတ်များက အလေးအမြတ်ပြုကာ ထိန်းသိမ်းစောင့်ရှောက် ပူဇော်ခဲ့ကြသဖြင့် ယနေ့သာသနာသက္ကရာဇ် ၂၅၃၇ ခုနှစ်တိုင်အောင် မြတ်ဘုရား၏ သရီရဓာတ်တော်တို့ကို ဖူးတွေ့ခွင့် ရနေကြခြင်းဖြစ်သည်။

ယခုအခါ သာသနာသည် ထွန်းလင်းစည်ပင် ပြန့်ပွားလျက်ရှိပါ၏။ မြတ်စွာဘုရား၏ အဓိဋ္ဌာန်ချက်ဖြင့် ဓာတ်တော်မွေတော်များလည်း စကြဝဠာအနှံ့ ဖြန့်ကျင်းရောက်ရှိကာ သဒ္ဓါတရားထက်သန်သူတို့ ၏ ပူဇော်ကြည်ညိုမှုကို ခံယူလျက်ရှိနေကြပါသည်။

ဘုရားရှင်၏ သာသနာနှင့် ကြုံကြိုက်ရန် ခဲယဉ်းလှကြောင်း ဘုရားဟောရှိခဲ့ပါသည်။ ဂေါတမမြတ်စွာဘုရားပင်လျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလတွင်း၌ ဘုရားရှင်၏ သာသနာနှင့် ၂၄ ဘဝ သာကြုံတွေ့ခဲ့ရပါသည်။

ယခုမြန်မာနိုင်ငံရှိ ပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်များသည် အလွန်ကံကောင်းလှစွာ ဘုရားသာသနာနှင့် ကြုံကြိုက်ကြရပြီး မြတ်ဘုရား၏ ဓာတ်တော်မွေတော် မြတ်စွယ်တော်ကို ဖူးမြော်ကြည်ညိုခွင့် ရရှိနေပြီဖြစ်သည်။ ရေမြေရပ်ခြား တိုင်းတစ်ပါးဖြစ်သော တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ခမ်းခမ်း နားနား ထူးခြားသပ္ပာယ်ကြည်ညိုဖွယ်ရာ ကြွမြန်းလာသော ဗုဒ္ဓမြတ်စွယ်တော်ကို သဒ္ဓါရွှန်းစိုကြည်ညိုခွင့် ရရှိနေကြပေပြီ။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါများက အရိုးတော်၊ သွားတော်၊ မျက်ဖြူတော်တို့မှ သဒ္ဓါတခေါ်ဖြူသော ရောင်ခြည်တော်တို့သည် တကြွကြွ တဝင်းဝင်း ထွန်းလင်းပပ ကွန့်မြူးကြသည်ကိုကြည်ညိုဖွယ်ရာမှန်းဆကြည့်နိုင်ပါသည်။ ဓာတ်တော်မွေတော်တို့သည် ဘုရား၏ ကိုယ်စားတော်များ ဖြစ်ပါသည်။ မြတ်စွာဘုရား၏ ဆန္ဒတော်အရမုနည်းစေ့မျှရှိသော ဓာတ်တော်ကိုပင်လျှင် စေတီ တည်ထား ပူဇော်သူများသည် နတ်ရွာသုဂတိသို့ ရောက်ရှိကြမည်ဖြစ်ကြောင်း ပြဆိုခဲ့ပြီးဖြစ်ပါသည်။

"စေတီအတူ၊ စိတ်မူတည်ကြည်၊ ရောက်မည်နတ်ရွာ၊ တွေ့ခါသိလွယ်၊ မြတ်နွယ်အမျိုး၊ ရိုကျိုးခံရ၊ ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာဖြင့်၊ ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊ ကြီးမူပညာ၊ နက်စွာထက်ရွှင်၊ လျင်မြန်ဆန်းကျယ်၊ ကောင်းကြွယ်စကား၊ ဆိုနိုင်ငြားသည်၊ ဘုရားဂုဏ်တော်ပွားကျိုးတည်း" ဟူ၍ ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရားကြီးက ဘုရားဂုဏ်တော်ပွားသဖြင့် ရရှိသည့်အကျိုးကို မိန့်ကြားတော်မူခဲ့ဖူးပါသည်။ ထူးမြတ်ပွင့်ပေါ်၊ မြတ်စွယ်တော်ကိုလည်း ဂုဏ်တော်ကိုရည်မှန်းပြီး ရွှင်လန်းကော်ရော်၊ ပူဇော်နိုင်ကြတော့်မည် ဖြစ်ပါသတည်း။

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော်အား ဒေဝါဝင်း၊ ရာဇာဝင်းခင်းကာ သောင်းသောင်းဖြဖြကြိုဆို ပင့်ဆောင်ရာလမ်းတစ်လျှောက် ပြည်သူတို့ ရှိခိုးဦးခိုက်ပူဇော် ပိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ အနီးကပ်ဖူးမြော်ကြည်ညို

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ စွယ်တော်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ အစိုးရတို့၏ ချစ်ကြည်ရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်ဖြင့် မြန်မာနိုင်ငံရှိ အများပြည်သူ ဗုဒ္ဓဘာသာဝင်များ ကြည်ညိုဖူးမြော်နိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့မှ ပင့်ဆောင်ခဲ့ရာ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် ဆိုက်ရောက်တော်မူလာရာ အများပြည်သူ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့က ရိုသေညွတ်ကျိုး ရိုခိုးဦးခိုက် ပူဇော်ခြင်း အမျိုးမျိုးတို့ဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ရှေးဦးစွာ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ရန်အတွက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘိတ ဦးဆောင်သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီး၊ ဆရာလေးများ၊ တရုတ် ဗုဒ္ဓဘာသာဝင်များ၊ အခြေခံပညာဦးစီးဌာနနှင့် အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ ကျောင်းများနှင့် တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ၊ မြန်မာနိုင်ငံ သဘင်၊ ဂီတ၊ ရုပ်ရှင်၊စာပေနှင့် ပန်းရိုးရာ အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် ဝတ်အဖွဲ့၊ ဆူးလေ စေတီတော် ဂေါပကအဖွဲ့နှင့် ဝတ်အဖွဲ့၊ ဗိုလ်တထောင် စေတီတော် ဂေါပကအဖွဲ့နှင့် ဝတ်အဖွဲ့၊ ကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့နှင့် ဝတ်အဖွဲ့၊ ကျိုက္ကဆံ စေတီတော် ဂေါပကအဖွဲ့နှင့် ဝတ်အဖွဲ့၊ မယ်လမု စေတီတော်ဂေါပကအဖွဲ့နှင့်ဝတ်အဖွဲ့၊ ဥက္ကလာပစေတီတော် ဂေါပကအဖွဲ့နှင့် ဝတ်အဖွဲ့၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဟိန္ဒူဘာသာရေး အဖွဲ့ဝင်များ၊ ဒေဝါဝင်း ရာဇာဝင်းတွင် ပါဝင်ကြသည့် ဗြဟ္မာ၊ သိကြား၊နှင့်နတ်များ၊ မဂ်လာဒုံတပ်နယ် အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိအရာခံ အကြပ်စစ်သည်များနှင့် မိသားစုများသည် သတ်မှတ်ထားသည့် နေရာများတွင်အသီးသီး နေရာယူကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အဖွဲ့ဝင်များ၊ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် တရားသူကြီးချုပ်၊ နိုင်ငံတော်ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ ၄င်းတို့၏ ဇနီးများ၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး မစ္စတာ လျှန်ဖုန်းနှင့် သံရုံးအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပမှ သတင်းစာဆရာများ၊ အထူးဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များသည် သတ်မှတ်ထားသည့်နေရာအသီးသီးတွင် ရောက်ရှိနေရာယူကြသည်။

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးအဖွဲ့ ခေါင်းဆောင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယအဖွဲ့ ခေါင်းဆောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်ဆက်တို့ ဦးဆောင်၍ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသည့် လေယာဉ်သည် နံနက် ၁၁ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ ထိုးစည်များ၊ ကြေးစည်များတီးခတ် ကြိုပြီး ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုကန်တော့ကြကာ တရုတ်ဗုဒ္ဓဘာသာအဖွဲ့ဝင်များက တရုတ်ဘာသာဖြင့် တရားတော်များကို ရွတ်ဆို၍ ပူဇော်ကန်တော့ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့မှ ပင့်ဆောင်ခဲ့သည့် ဗုဒ္ဓမြတ်စွယ်တော်အား လေယာဉ်တံခါးဝတွင် အသင့်စောင့်ကြိုနေကြသည့် နတ်သားများက ရတနာထမ်းစင်ပေါ်သို့ ပြောင်းရွှေ့ပင့်ဆောင်ကြသည်။

ဆက်လက်၍ ရတနာထမ်းစင်တော်ကို နတ်သားများက ထမ်းလျက် ကနက္ကဒဏ်ထီးဖြူများ၊ ရွှေထီးများမိုး၍ ဗြဟ္မာကြီးများနှင့် သိကြားမင်းဦးဆောင်သည့် ဒေဝါဝင်း၊ ဘုရင်နှင့် မိဖုရားတို့ ဦးဆောင်သည့် ရာဇာဝင်းများခင်းလျက် လေယာဉ်ကွင်းအတွင်းပင့်ဆောင်လာရာ တိပိဋကနိကာယ ဥပဋ္ဌာကအနုပညာအဖွဲ့နှင့်မြန်မာနိုင်ငံ သဘင်အစည်းအရုံးဝင်များက ငြိမ့်ငြောင်းသာယာသော ဓမ္မတေးတို့ဖြင့်လည်းကောင်း ဝတ်အဖွဲ့ဝင်များက ဝတ်ရွတ်စဉ်များဖြင့်လည်းကောင်း ပရိသတ်ကြီးက လက်အုပ်ချီမိုးရှိခိုး၍လည်းကောင်း ရိုသေညွတ်ကျိုးပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် သောင်းသောင်းဖြဖြ ဂါရဝပြု ပူဇော်ကြသည်။

ကော်ဇော်နီခင်းထားသည့် နတ်လမ်းတစ်လျှောက်မှ ရတနာထမ်းစင်ဖြင့် ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်လာကြပြီး ခေတ္တအပူဇော်ခံတော်မူရာ နိုင်ငံတော်အကြိုးအကဲများနှင့် ဧနီးများ၊ ဗုဒ္ဓဘာသာဝင်သူတော်စင်များက လက်ဆယ်ဖြာ ထိပ်မှာမိုး၍ သဒ္ဓါတရားထက်သန်စွာ ပူဇော်သက္ကာရပြုကြသည်။

ခေတ္တ အပူဇော်ခံတော်မူပြီးနောက် ဗုဒ္ဓမြတ်စွယ်တော်အား ရတနာဆင်ဖြူတော်ဆွဲသည့် ရတနာရထားပေါ်သို့ ထပ်မံပင့်ဆောင်ကြပြီး ရတနာရထားသည် အခြွေအရံ ဆင်လေးစီးခြံရံကာ ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မွန်းလွဲ ၁ နာရီတွင် ကိန်းဝပ်စံပယ်တော်မူမည့် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသဏလိုဏ်ဂူတော်ကြီးသို့ စတင်ပင့်ဆောင်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်အားပင့်ဆောင်ရာတွင် ရှေ့ဆုံးမှ ပြည်သူ့ရဲ(ယာဉ်ထိန်း)လမ်းရှင်းဆိုင်ကယ်၊ ယင်းနောက်မှ ဆော်သြရေးမော်တော်ယာဉ်၊ ပြည်သူ့ရဲ(ယာဉ်ထိန်း) လမ်းပြဆိုင်ကယ် ငါးစီး၊ တပ်ထိန်းယာဉ်၊ စည်တော်အဖွဲ့ယာဉ်၊ ဒေဝါဝင်းအဖွဲ့ယာဉ်တို့က ဦးဆောင်ပြီး ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသည့် ရတနာရထားအား ရတနာဆင်ဖြူတော်က ဆွဲလာကာ ဆင်ဖြူတော်လေးစီးတို့က နောက်မှ ခြံရံလိုက်ပါလာကြသည်။

ထို့နောက်မှ ရာဇာဝင်းခင်းအဖွဲ့ စီးနင်းလိုက်ပါလာသည့်ယာဉ်၊ သံဃာတော်များစီးနင်းလိုက်ပါလာ သည့်ယာဉ်ငါးစီး၊ ဂီတပညာရှင်များ စီးနင်းလိုက်ပါလာသည့် ယာဉ်တစ်စီး၊ ရုပ်ရှင်ပညာရှင်များ စီးနင်းလိုက်ပါလာသည့်ယာဉ်တစ်စီး၊ သဘင်ပညာရှင်များ စီးနင်းလိုက်ပါ

www.dhammaransi.com

လာသည့်ယာဉ်တစ်စီး၊ ပန်း ပညာရှင်များ:စီးနင်းလိုက်ပါလာသည့် ယာဉ်နှစ်စီး၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ:စီးနင်းလိုက်ပါ လာသည့် ယာဉ်နှစ်စီး၊ တရုတ်ဗုဒ္ဓဘာသာအသင်းသူ အသင်းသား:များ စီးနင်းလိုက်ပါလာသည့် ယာဉ် ၁၃ စီး၊ အဆင့် မြင့်ပညာဦး:စီးဌာနမှ ကျောင်းသား ကျောင်းသူများ:စီးနင်းလိုက်ပါလာသည့် ယာဉ်ငါး:စီး၊ အခြေခံပညာ ဦး:စီးဌာနမှ ကျောင်းသား ကျောင်းသူများ: စီးနင်းလိုက်ပါလာသည့် ယာဉ်ငါး:စီး၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ:နှင့် ဝတ်အဖွဲ့ဝင်များ:စီးနင်းလိုက်ပါလာသည့်ယာဉ်ကိုး:စီး၊ ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်များ:နှင့် ဝတ်အဖွဲ့ဝင်များ:စီးနင်းလိုက်ပါလာသည့်ယာဉ်ခြောက်စီး၊ ဗိုလ်တထောင်စေတီတော် ဂေါပက အဖွဲ့ဝင်များ:နှင့် ဝတ်အဖွဲ့ဝင်များ:စီးနင်းလိုက်ပါလာသည့်ယာဉ်ခြောက်စီး၊ ကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့ဝင်များ:နှင့် ဝတ်အဖွဲ့ဝင်များ:စီးနင်းလိုက်ပါလာသည့် ယာဉ်ခြောက်စီး၊ ကျိုက္ကဆံ့ စေတီတော် ဂေါပကအဖွဲ့ဝင်များ:နှင့် ဝတ်အဖွဲ့ဝင်များ:စီးနင်းလိုက်ပါ လာသည့်ယာဉ်ခြောက်စီး၊ မယ်လမု စေတီတော် ဂေါပကအဖွဲ့ဝင်များ:နှင့် ဝတ်အဖွဲ့ဝင်များ:စီးနင်း လိုက်ပါလာသည့်ယာဉ်နှစ်စီး၊ ဥက္ကလာပ စေတီတော် ဂေါပကအဖွဲ့ဝင်များ:နှင့် ဝတ်အဖွဲ့ဝင်များ:စီးနင်း လိုက်ပါလာသည့်ယာဉ်နှစ်စီး၊ ဟံန္တာ ဘာသာရေးအဖွဲ့ဝင်များ:စီးနင်းလိုက်ပါလာသည့် ယာဉ်လေး:စီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း:ဝင်များ: စီးနင်းလိုက်ပါလာသည့် ယာဉ်ငါး:စီး၊ ကြက်ခြေနီ သူနာပြု တပ်ဖွဲ့ဝင်များ: စီးနင်းလိုက်ပါလာသည့် ယာဉ်လေး:စီး၊ မီးသတ်တပ်ဖွဲ့ဝင်များ:စီးနင်း လိုက်ပါလာ သည့် ယာဉ်လေး:စီး၊ စည်တော်အဖွဲ့ စီးနင်းလိုက်ပါလာသည့်ယာဉ် သူနာပြုယာဉ်နှင့်ဌာနဆိုင်ရာယာဉ်များ:နောက်မှ အစီအစဉ်အတိုင်း လိုက်ပါလာကြပြီး: ဝတ်ရွတ်စဉ်များ:ကိုရွတ်ဖတ်ပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်အား: လေယာဉ်ကွင်း:အဝင်လမ်း၊ ပြည်လမ်း၊ ကမ္ဘာအေး:စေတီလမ်း:များ: အတိုင်း: မဟာပါသဏ လိုဏ်ဂူတော်သို့ ပင့်ဆောင်ရာတွင် လမ်း:ဘေး:ဝဲယာတို့မှ အသက်ငယ်ရွယ်သူ များ:မှအစ သက်ကြီး:ရွယ်အို ဘိုး:ဘွား:များ:အပါအဝင် ထောင်ပေါင်း:များ:စွာသော ရဟန်း:ရှင်လူ ပြည်သူများ:က ကြိုတောင့်ကြိုခဲလှသည့် အခွင့်အရေး:တစ်ရပ်ကို လက်လွတ်မခံကြဘဲ တန်ခူး:လ၏ နေပူရှိန်ကို အန်တုကာ ဗုဒ္ဓမြတ်စွ(ယ်တော်အား: ဂါရဝပြု ကြိုဆိုဖူး:မြော်ကြည်ညိုကြသည်။

ထို့အပြင်ရန်ကုန်လေဆိပ်အထွက် ပြည်လမ်း:တွင်မုခ်ဦး:တစ်ခု၊ မရမ်း:ကုန်း:လမ်း:ဆုံ ကမ္ဘာအေး: စေတီလမ်း:တွင်မုခ်ဦး:တစ်ခုနှင့် ကမ္ဘာအေး:ကုန်း:မြေအဝင်၌ မုခ်ဦး:တစ်ခုတို့ကို ဆောက်လုပ်ထား:ပြီး: မုခ်ဦး:ထိပ်စီး:တွင်ဗုဒ္ဓမြတ်စွယ်တော်အား: လေးမြတ်စွာပူဇော်ပါ၏ စာသား:ကို ရေး:သား:ထား:သည်။

ထို့အတူ လမ်း:ဘေး:ဝဲယာ တစ်ဖက်တစ်ချက်တွင်လည်း: ရာဇမတ်များ:ကို ခမ်း:နား:စွာ ကာရံထား: ရှိပြီး: သာသနာ့အလံများ:လွှင့်ထူထား:သော မဏ္ဍပ်များ:မှလည်း: ဝတ်အဖွဲ့များ:က ဝတ်ရွတ်စဉ်များ:ကို ရွတ်ဖတ်ပူဇော်ကြသည်။

အလား:တူပင် ဗုဒ္ဓမြတ်စွယ်တော်အား: ပင့်ဆောင်လာရာလေဆိပ်အနီး:တွင် အင်း:စိန်မြို့နယ် ပြည်သူများ၊ လေဆိပ်အဝင်လမ်း:တွင် စမ်း:ချောင်း:မြို့နယ်နှင့် လှိုင်မြို့နယ် ပြည်သူများ၊ ပြည်လမ်း ၉ မိုင် တွင် ကမာရွတ်မြို့.နယ်နှင့် ကြည့်မြင်တိုင်မြို့.နယ် ပြည်သူများ၊ ပြည်လမ်း ၈ မိုင်လမ်း:ဆုံတွင် မရမ်း:ကုန်းမြို့.နယ် ပြည်သူများ၊ နဝဒေး:ရုပ်ရှင်ရုံရှေ့.တွင် လသာမြို့.နယ်၊လမ်း:မတော်မြို့.နယ်နှင့် ပန်း:ဘဲတန်း:မြို့.နယ်ပြည်သူများ၊ သာသနာရေး:ဝန်ကြီး:ဌာနရုံး:ရှေ့.တွင် ဗဟန်း:မြို့.နယ်နှင့် ကျောက်တံတား:မြို့.နယ် ပြည်သူများ:က မဏ္ဍပ်များ:တည်ဆောက်ကာ ဂါထာတော်များ၊ ဂုဏ်တော်များ: ဝတ်ရွတ်စဉ်များ:ကို ရွတ်ဆိုပူဇော်ကြသည်။

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ရောက်ရှိတော်မူသည်မှ မဟာပါသာဏ လိုဏ်ဂူတော် သို့ပင့်ဆောင် အပူဇော်ခံသည်အထိ ဗဟိုရုပ်ရှင်၊ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း)နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက ရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် သတင်းဓာတ်ပုံများကို မှတ်တမ်းတင်ကြသည်။

လေဆိပ်အဝင်လမ်းပြည်လမ်းနှင့် ကမ္ဘာအေးစေဘီလမ်းတစ်လျှောက်မှ ရတနာဆင်ဖြူတော် ဆွဲသည့် ရတနာရထားဖြင့် ပင့်ဆောင်ကြွချီတော်မူလာသည့် ဗုဒ္ဓမြတ်စွယ်တော်သည်မဟာပါသာဏ လိုဏ်ဂူတော်သို့မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရောက်ရှိတော်မူလာပြီး မဟာပါသာဏလိုဏ်ဂူ ကြီး၏ တောင်ဘက်မုခ်ဦးမှ လိုဏ်ဂူတော်ကြီးအတွင်းရှိ ရတနာပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ကြရာ ပရိသတ်များက လက်အုပ်ချီမိုး ရှိခိုး၍အလေးအမြတ် ဂါရဝပြု ပူဇော်ဖူးမြော်ကြသည်။

ထို့နောက်မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်နှင့်ဓမ္မလက်ဆောင် နန်းစဉ်မြဘုရားတို့အား ပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း၊ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ၄င်းတို့၏ဇနီးများ၊ ဘာသာရေး သာသနာရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဧည့်သည်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဘုန်းတော်ကြီးများက ဗုဒ္ဓမြတ်စွယ်တော်နှင့် စပ်ဆိုင်သည့် ဂါထာတော်များကို မြန်မာဘာသာနှင့် တရုတ်ဘာသာတို့ဖြင့် ရွတ်ဆိုပူဇော်ကြပြီး မြန်မာနိုင်ငံ ဂီတ အစည်းအရုံးမှ မဟာဂီတပညာရှင်များက ဓမ္မတေးဂီတ သီကျူးပူဇော်၍လည်းကောင်း၊ ဝတ်အဖွဲ့များက ဗုဒ္ဓမြတ်စွယ်တော်နှင့် စပ်ဆိုင်သည့်ဂုဏ်တော်များ၊ ကျေးဇူးတော်များ၊ ဝတ်ရွတ်စဉ်များကို ရွတ်ဆို၍လည်းကောင်း ပူဇော်ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ မိသားစုများသည် ဗုဒ္ဓမြတ်စွယ်တော်အား အနီကပ်ကြည်ညိုဖူးမြော်ကန်တော့ကြပြီး မြတ်စွယ်တော်အလှူငွေပုံးထဲသို့ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ယနေ့မှ မေ ၄ ရက်နေ့အထိ ကိန်းဝပ်စံပယ်တော်မူလျက် နေ့စဉ် ၂၄ နာရီပတ်လုံး ရဟန်းရှင်လူ ပြည်သူအများ၏ ပူဇော်ခြင်းကို ခံယူတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

www.dhammaransi.com

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်
ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဒေသစာရီကြွချီတော်မူမည့် ခရီးစဉ်

(၂၀-၄-၉၄ နေ့မှ ၅-၆-၉၄ နေ့ အထိ)

၂၀-၄-၉၄ (ဗုဒ္ဓဟူးနေ့)

၀၇:၀၀ နာရီ ... တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့မှ ဗုဒ္ဓမြတ်စွယ်တော်ကို လေယာဉ်ပျံဖြင့် (ဒေသစံတော်ချိန်) စတင်ပင့်ဆောင်ပါမည်။

၁၁:၃၀ နာရီ ... ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိပါမည်။

(မြန်မာစံတော်ချိန်) ဗုဒ္ဓမြတ်စွယ်တော်ကို ဒေဝါဝင်း၊ ရာဇာဝင်းခင်းလျက် လူထုပရိသတ် ငါးထောင် ကျော်က လေးမြတ်စွာ ကြိုဆိုပူဇော်ကြပါမည်။

ဗုဒ္ဓ မြတ် စွယ် တော် ကို လေယာဉ်ပေါ်မှ ရတနာထမ်းစင်တော်ဖြင့် ဂန္ဓကုဋီ စံကျောင်း ပြာသာဒ်တော်သို့ ပင့်ဆောင်ပါမည်။

ဗုဒ္ဓမြတ်စွယ်တော်ကို ဆင်ဖြူတော်ဆွဲသော ရတနာရထား ယာဉ်ဖြင့်ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ စတင်ပင့်ဆောင်ပါမည်။

၁၄:၀၀ နာရီ ... မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ရောက်ရှိ ကိန်းဝပ် စံပယ်တော်မူပါမည်။

၂၁-၄-၉၄ (ကြာသပတေးနေ့) မှ ၄-၅-၉၄ (ဗုဒ္ဓဟူးနေ့) အထိ

ဗုဒ္ဓမြတ်စွယ်တော်သည် ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ရက်သတ္တနှစ်ပတ်တိုင်တိုင် ကိန်းဝပ်စံပယ်တော်မူလျက် နေ့စဉ် ၂၄ နာရီပတ်လုံး ရဟန်းရှင်လူ ပြည်သူအများ၏ အပူဇော်ခံတော်မူပါမည်။

၅-၅-၉၄ (ကြာသပတေးနေ့)

၀၆:၀၀ နာရီ ... ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီ စတင် ကြွချီတော်မူပါမည်။

၁၀:၀၀ နာရီ ... ပဲခူးမြို့သို့ ရောက်ရှိ အပူဇော်ခံပါမည်။

၁၁:၀၀ နာရီ ... ပဲခူးမြို့မှ ဒေသစာရီ ကြွချီတော်မူပါမည်။

၁၅:၃၀ နာရီ ... ညောင်လေးပင်မြို့တွင် တစ်ညတာ ကိန်းဝပ် စံပယ်တော်မူ၍ ရဟန်းရှင်လူ ပြည်သူအများ၏ အပူဇော်ခံတော်မူပါမည်။

www.dhammaransi.com

၆-၅-၉၄ (သောကြာနေ့)

၀၆:၀၀ နာရီ ... ညောင်လေးပင်မြို့မှ ဗုဒ္ဓမြတ်စွယ်တော် ဒေသ စာရီ စတင် ကြွချီတော်မူပါမည်။
၁၀:၀၀ နာရီ ... ဖြူးမြို့သို့ ရောက်ရှိ အပူဇော်ခံပါမည်။
၁၁:၀၀ နာရီ ... ဖြူးမြို့မှ ဒေသစာရီ ကြွချီတော်မူပါမည်။
၁၅:၃၀ နာရီ ... တောင်ငူမြို့တွင် တစ်ညတာ ကိန်းဝပ်စံပယ်တော်မူ၍ ရဟန်းရှင်လူ ပြည်သူ အများ၏ အပူဇော်ခံတော်မူပါမည်။

၇-၅-၉၄ (စနေနေ့)

၀၆:၀၀ နာရီ ... တောင်ငူမြို့မှ ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီ စတင် ကြွချီတော်မူပါမည်။
၁၀:၀၀ နာရီ ... ရေတာရှည်/ဆွာမြို့သို့ ရောက်ရှိ အပူဇော်ခံပါမည်။
၁၁:၀၀ နာရီ ... ရေတာရှည်/ဆွာမြို့မှ ဒေသစာရီ ကြွချီတော်မူပါမည်။
၁၅:၃၀ နာရီ ... ပျဉ်းမနားမြို့တွင် တစ်ညတာ ကိန်းဝပ် စံပယ်တော်မူ၍ ရဟန်းရှင်လူ ပြည်သူ အများ၏ အပူဇော်ခံတော်မူပါမည်။

၈-၅-၉၄ (တနင်္ဂနွေနေ့)

၀၆:၀၀ နာရီ ... ပျဉ်းမနားမြို့မှ ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီ စတင် ကြွချီတော်မူပါမည်။
၁၀:၀၀ နာရီ ... ရမည်းသင်းမြို့သို့ ရောက်ရှိ အပူဇော်ခံပါမည်။
၁၁:၀၀ နာရီ ... ရမည်းသင်းမြို့မှ ဒေသစာရီ ကြွချီတော်မူပါမည်။
၁၅:၃၀ နာရီ ... မိတ္ထီလာမြို့တွင်တစ်ညတာကိန်းဝပ်စံပယ်တော်မူ၍ ရဟန်းရှင်လူ ပြည်သူအများ၏ အပူဇော်ခံတော်မူပါမည်။

၉-၅-၉၄ (တနလ်ာနေ့)

၀၆:၀၀ နာရီ ... မိတ္ထီလာမြို့မှ ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီ စတင် ကြွချီတော်မူပါမည်။
၁၁:၀၀ နာရီ ... ကျောက်ဆည်မြို့သို့ ရောက်ရှိ အပူဇော်ခံပါမည်။
၁၂:၀၀ နာရီ ... ကျောက်ဆည်မြို့မှ ဒေသစာရီ ကြွချီတော်မူပါမည်။
၁၅:၃၀ နာရီ ... မန္တလေးမြို့တွင် ကိန်းဝပ်စံပယ်တော်မူပါမည်။

၁၀-၅-၉၄ (အင်္ဂါနေ့) မှ ၁၈-၅-၉၄ (ဗုဒ္ဓဟူးနေ့) အထိ

ဗုဒ္ဓမြတ်စွယ်တော်သည် မန္တလေးမြို့တွင် ကိုးရက်တိုင်တိုင် ကိန်းဝပ်စံပယ်တော်မူ၍ ရဟန်းရှင်လူ ပြည်သူအများ၏ အပူဇော်ခံတော်မူပါမည်။

www.dhammaransi.com

၁၉-၅-၉၄ (ကြာသပတေးနေ့)

၀၆:၀၀ နာရီ ... ဗုဒ္ဓမြတ်စွယ်တော်သည် အပူဇော်ခံသည့် ဂန္ဓကုဋိစံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်သို့ ဒေသစာရီ စတင် ကြွချီတော်မူပါမည်။

၀၇:၀၀ နာရီ ... လေယာဉ်ပေါ်သို့ ရောက်ရှိ ကိန်းဝပ်စံပယ်တော်မူပါမည်။

၀၇:၃၀ နာရီ ... ရန်ကုန်မြို့သို့ လေယာဉ်ပျံဖြင့် ဒေသစာရီ ကြွချီတော်မူပါမည်။

၀၉:၀၀ နာရီ ... ရန်ကုန်မြို့၊ မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိပါမည်။

၀၉:၃၀ နာရီ ... ဒေဝါဝင်း၊ ရာဇာဝင်းဖြင့် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ပင့်ဆောင်ပါမည်။

၁၉-၅-၉၄ (ကြာသပတေးနေ့) မှ ၄-၆-၉၄ (စနေနေ့) အထိ

ဗုဒ္ဓမြတ်စွယ်တော်သည် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ၁၇ ရက်တိုင်တိုင် ကိန်းဝပ် စံပယ်တော်မူလျက် နေ့စဉ် ၂၄ နာရီပတ်လုံး ရဟန်းရှင်လူ ပြည်သူအများ၏ အပူဇော်ခံတော်မူပါမည်။

၅-၆-၉၄ (တနင်္လာနေ့)

၁၁:၀၀ နာရီ ... ဒေဝါဝင်း၊ ရာဇာပင်းခင်းလျက် ဆင်ဖြူတော်ဆွဲ ရတနာရထား:ယာဉ်ပေါ်သို့ ပင့်ဆောင်၍ မင်္ဂလာဒုံလေဆိပ်သို့ ဒေသစာရီ ကြွချီတော်မူပါမည်။

၁၃:၃၀ နာရီ ... မင်္ဂလာဒုံလေဆိပ်တွင်ဆင်ဖြူတော်ဆွဲရတနာရထား:ယာဉ်မှ ဗုဒ္ဓမြတ်စွယ်တော်ကို ရတနာထမ်:စင်တော်ဖြင့် လေယာဉ်ပေါ်သို့ ပင့်ဆောင်ပါမည်။

၁၄:၀၀ နာရီ ... တရုတ်ပြည်သူ.သမ္မတနိုင်ငံသို့ လေယာဉ် စတင်ပျံသန်း:ထွက်ခွာပါမည်။

www.dhammaransi.com

သိန်းယိုင်ကျွန်း ဗုဒ္ဓမြတ်စွယ်တော်နှင့် ဘုရင့်နောင်မင်းတရားကြီး

ဒုတိယ မြန်မာနိုင်ငံတော်ကို မင်းကြီးညို၊ တပင်ရွှေထီးနှင့် ဘုရင့်နောင်မင်းသုံးပါးတို့ တည်ထောင်ကြရာ ဘုရင့်နောင် လက်ထက်တွင် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ နန်းစိုက်သော နေပြည်တော် ဟံသာဝတီသည် ပင်လယ်ကမ်းရိုးတန်းနှင့် အလှမ်းမကွာသော နေရာ၌ တည်ရှိသည်။ ထို့အပြင် မုတ္တမ၊ တနင်္သာရီ၊ သန်လျင်၊ ဒလ၊ တွံတေး၊ ပုသိမ်စသော ပင်လယ်ဆိပ်ကမ်းမြို့များ စည်ပင်ဝပြောစွာရှိသဖြင့် ပင်လယ်ရပ်ခြား တိုင်းနိုင်ငံများနှင့် အကူးအသန်းအဆက်အသွယ်များခဲ့သည်။ မာလက္ကာ၊ မာလာယု၊ အစည်၊ ဂျာဝါး၊ သိန်းယိုင်းကျွန်း (သီရိလင်္ကာ) မဒ္ဒြိမဒေသ (အိန္ဒိယ) ဟူသော အရှေ့တောင်အာရှနှင့် တောင်အာရှ နိုင်ငံများနှင့်လည်းကောင်း၊ ပေါ်တူဂယ်၊ အီသပန်ညို (Espano စပိန်) အစ်တာလျံ၊ အင်္ဂလန်စသော မြေထဲပင်လယ်နှင့် အနောက် ဥရောပနိုင်ငံတို့နှင့်လည်းကောင်း၊ သံတမန်ဆက်သွယ်ရေးနှင့် ရောင်းဝယ်ဖောက်ကားရေးများပြုလုပ်သည်။ ဟံသာဝတီနေပြည်တော်သို့ ရောက်လာကြသော ပင်လယ်ရပ်ခြားကုန်သည်များနှင့် သံတမန်များသည် ဘုရင့်နောင် မင်းတရားကြီးထံ ဝင်ရောက်ခစားကြရာ သူတို့ ကိုယ်တွေ့ မျက်မြင်ဖြစ်သော ဘုရင့်နောင်မင်းတရားကြီးအကြောင်း၊ ဟံသာဝတီ ရွှေမြို့တော်နှင့် ကမ္ဘောဇသာဒီ ရွှေနန်းတော်အကြောင်းနှင့် ဘုရားကျောင်းကန် သာသနိက အဆောက်အအုံများ အကြောင်းကို သူတို့ရေးသားသော ခရီးသွား မှတ်တမ်းများနှင့် အစီရင်ခံစာများ၌ ရေးသားဖော်ပြခဲ့ကြသည်။

သိန်းယိုင်ကျွန်းနှင့် မဒ္ဒြိမဒေသတို့နှင့် ဆက်သွယ်ရာတွင် နိုင်ငံရေးနှင့် ရောင်းဝယ် ဖောက်ကားရေးအပြင် ဘာသာရေးနှင့် ယဉ်ကျေးမှုသည်လည်း အဓိက အကြောင်းရပ်များဖြစ်သည်။ အထူးသဖြင့် သိန်းယိုင်ကျွန်း ဘုရင်များနှင့် ဘုရင့်နောင်မင်းတရားကြီးသည် သံတမန်ဆက်သွယ်ရေး များသည်။ တိုင်းပြူပြည်ပြူ သာသနာပြု မင်းဖြစ်သောကြောင့် ဘုရင့်နောင်မင်းတရားကြီးသည် သာသနာ့ဒါယကာမင်းဖြစ်သည်နှင့်အညီ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို အားပေးခြီးမြှင့်ခဲ့သည်။ နိုင်ငံတော်အတွင်း တောင်ပေါ်မြေပြန့် အနှံ့အပြား၌ မိစ္ဆာဒိဋ္ဌိကိုးကွယ်မှုပပျောက်စေရန်၊ ဗုဒ္ဓသာသနာပြန့်ပွားထွန်းကားစေရန်၊ သာသနာပြု ရဟန်းတော်များစေလွှတ် သာသနာပြုစေခြင်း၊ ဘုရားကျောင်းကန်စေတီပုထိုးများ ဆောက်လုပ်ခြင်း၊ ပိဋိကတ်တော်များ ဖြန့်ဝေ လှူဒါန်းခြင်းပြုသည်။ ပြည်ပသို့လည်း သာသနာပြုလုပ်ငန်းများ လုပ်ရန် ရဟန်းတော်များပါသော သံတမန်အဖွဲ့များကို စေလွှတ်သည်။

အေဒီ- ၁၅၅၅ ခုနှစ်တွင် သိန်းယိုင်ကျွန်း ကန္ဒီမြို့ရှိ ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော် ကိန်းဝပ်ရာ ကျောင်းတော်သို့ သံဃာတော်များကို စေလွှတ်၍ အဖိုးတန် ရတနာပစ္စည်းများကို လှူဒါန်းစေသည်။ မြတ်စွယ်တော်ကျောင်းတွင် ထာဝရဆီမီးထွန်းခြင်းနှင့် ဝေယျာဝစ္စ တာဝန်ထမ်းသူများကို ထောက်ပံ့ရန် လယ်ယာ ဥယျာဉ်များကို ဝယ်ယူထားစေသည်။ ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ပန်းတမော့၊ ပန်းထိမ်အစရှိသော အနုပညာရှင်တို့ကိုလည်း သိန်းယိုင်ကျွန်းသို့ စေလွှတ်၍ မြတ်စွယ်တော်ကျောင်း တင့်တယ်လှပရေးအတွက် မွမ်းမံခြယ်သစေသည်။ အင်းဝမင်းသီဟသူရကဲ့သို့ ဘုရင့်နောင်မင်းတရားကြီးသည် မိမိဆံပင်နှင့် မိဖုရားကြီးဆံပင်တို့ကို ဖြတ်၍

www.dhammaransi.com

ရတနာစီခြယ်ထား:သော ရွှေသား:လက်ကိုင်တပ်ထား:သော တံမြက်ပြုလုပ်ပြီး မြတ်စွယ်တော်ကြုတ် သန့်ရှင်း:ရေးအတွက် ပေး:ပို့လှူဒါန်း:သည်။

အေဒီ- ၁၅၆၀ ခုနှစ်တွင် ပေါ်တူဂီတို့သည် သိန်း:ယိုင်္ဂကျွန်း:သို့ ဝင်ရောက်ကျူး:ကျော်ကြကာ ကန္ဒီရိမြတ်စွယ်တော်ကျောင်း:က အဖိုး:တန်ပစ္စည်း:တို့ကို လုယူပြီး မြတ်စွယ်တော်ကို သူတို့အခြေစိုက်စခန်း:ပြုထား:သော ဂိုအာ:သို့ဆောင်ယူသွား:ကြသည်။ ဤသတင်း:ကိုကြား:သော ဘုရင့်နောင်မင်း:ကြီး:သည်မြန်မာ့ဆိပ်ကမ်း:၌ ရောက်လာဆိုက်ကပ်လျက်ရှိသော ပေါ်တူဂီသင်္ဘောတစ်စင်း:နှင့် သံတော်မှာ:ကို ဂိုအာ:သို့ စေလွှတ်လိုက်ကာ မြတ်စွယ်တော်ကို ငွေသား:ရွှစ်သိန်း:နှင့် ရွေး:ယူရန် စကား:ကမ်း:စေသည်။ မြတ်စွယ်တော်ကိုရပါက ပေါ်တူဂီပိုင်ဖြစ်သော မာလက္ကာသို့ လိုအပ်နေသော ဆန်ရိက္ခာကို လိုသလောက် ပေး:ပို့ လှူဒါန်း:ဦး:မည်ဖြစ်ကြောင်း:ကိုလည်း ထပ်မံ စကား:ပါ:လိုက်သည်။ ဂိုအာ:ရှိ ပေါ်တူဂီဘုရင်ခံက ဘုရင့်နောင်မင်း:တရား:ကြီး:၏ ကမ်း:လှမ်း:ချက်ကိုလက်ခံလိုလှသည်။ သို့သော်သူ၏ စစ်သည်ဗိုလ်ပါတို့ကမူ မြတ်စွယ်တော်ကို သင်္ဘောတွင်တင်ပြီး ဟံသာဝတီရွှေမြို့ကို ဆောင်ယူသွား: ပါက ခရီး:တစ်လျှောက် ဗုဒ္ဓဘာသာဝင်တို့ လှူဒါန်း:ကြသော အလှူငွေနှင့် ကျောက်သံပတ္တမြား: ရွှေငွေ လက်ဝတ်ရတနာမြောက်မြား:စွာရရှိမည်ဖြစ်ပြီး: ပေါ်တူဂီစစ်တပ်အတွက် လက်နက်ဝယ်ရန် ရန်ပုံငွေ များ:ရနိုင်မည်ဟု အကြံပေး:ကြသည်။ အခြား:သော ဗုဒ္ဓဘာသာဝင် နိုင်ငံများ:မှ ဘုရင်တို့ကလည်း မြတ်စွယ်တော်ရရှိရေး:အတွက် စကား:ကမ်း:လာကြသည်။ ဤ သတင်း:ကို ပေါ်တူဂီဂိုဏ်း:ချုပ် ဘုန်း:ကြီး:ကြာ:သောအခါ ဘုရင်ခံထံသွား:၍ ဗိုလ်ပါပရိသတ်စုရှေ့တွင် တရား:ဟောရာတွင် ခရစ်ယန် ဘာသာဖြန့်ရာတွင် အနှောင့်အယှက်ဖြစ်စေမည့် အရာခပ်သိမ်း:ကို ဖယ်ရှား:ဖျက်စီး: ပစ်သင့်ကြောင်း: တိုက်တွန်း:သည်။

၁၅၆၁ ခုနှစ်တွင် မြန်မာသံတော်တို့ အပါအဝင် ပရိသတ်ဗိုလ်ပုံအများ:ရှေ့မှောက်၌ ဂိုဏ်း:ချုပ်ဘုန်း:ကြီး:က မြတ်စွယ်တော်ကို ဆုံတွင်ထည့်၍ အမှုန့်ထောင်း:လိုက်ပြီး: အမှုန့်များ:ကို မီး:ရှို့၍ ပြာများ:ကို မြစ်ထဲသို့ သွန်ချလိုက်သည်။ သို့သော် ဖျက်ဆီး:ခံရသော စွယ်တော်မှာ အတုသာဖြစ်သည်။ မြတ်စွယ်တော်အစစ်နှင့် ရတနာကြုတ်ကို လုံခြုံရာသို့ ပြောင်း:ရွှေ့ဝှက်ထား:ပြီး: စွယ်တော်ကျောင်း:တော်တွင် အတုသာထား:ခဲ့သည်။

၁၅၇၄ ခုနှစ်တွင် ကိုလံဘိုဘုရင်က သူ၏ နန်း:ရင်း:ဝန်ကြီး:၏ သမီး:တော်နှင့် ဓမ္မလက်ဆောင်တော်များ:ကို ဘုရင့်နောင်မင်း:တရား:ကြီး:ထံဆက်သရန် သံအဖွဲ့စေလွှတ်သည်။ ဓမ္မလက်ဆောင်တော်များ:တွင် စွယ်တော်ပွား:တစ်ဆူပါသည်။ သိန်း:ယိုင်္ဂကျွန်း:တွင် ဗုဒ္ဓသာသနာတော်ကျဆင်း:ညှိုး:မှိန်လာသောကြောင့် အကူအညီတောင်း:ရာတွင် ဘုရင့်နောင်မင်း:တရား:ကြီး:က သာသနာပြု ရဟန်း:တော်များ:နှင့် ပစ္စည်း:လေး:ပါး:ကို ပေး:ပို့ကူညီခဲ့သော ကျေး:ဇူး:ကို တုံ့ပြန်သောအား:ဖြင့် သမီး:ကညာဆက်ပြီး: ဓမ္မလက်ဆောင်တော်များ:ပေး:ပို့လာခြင်း:ဖြစ်သည်။ သမီး:တော်ကို မိဖုရား:မြှောက်ပြီး: စွယ်တော်ပွား:နှင့် ဓမ္မလက်ဆောင်တော်များ:ကို မဟာစေတီတွင် ဌာပနာ၍ ကိုး:ကွယ်သည်။

အေဒီ ၁၅၇၆ ခုနှစ်တွင် သိန်း:ယိုင်္ဂကျွန်း:တွင် ပြည်တွင်း:မငြိမ်မသက်ဖြစ်လာသည်။ ပုန်ကန်မှုများ:ကြောင့် သိန်း:ယိုင်္ဂနိုင်ငံသည် လေး:ပိုင်း:ကွဲသွား:သည်။ ကွတ်တည်မင်း:၊ ခန်တည်မင်း:၊ သီတာဝက်မင်း:နှင့် ဓမ္မပါလမင်း:တို့ ထီး:ပြိုင်နန်း:ပြိုင်မင်း:မူကြသည်။ ဓမ္မပါလမင်း:သာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး: ကျန်မင်း:သုံး:ပါး:တို့ကား: မိစ္ဆာဝါဒီများ:ဖြစ်သောကြောင့် ဗုဒ္ဓသာသနာကို ဖျက်ဆီး:ကြသည်။

www.dhammaransi.com

ဓမ္မပါလမင်းကိုလည်း အန်တု ထောင်ထားကြသည်။ ထို့ကြောင့် နိုင်ငံပြန်လည်စည်းလုံးရေးနှင့် ဗုဒ္ဓသာသနာပြန်လည်ထွန်းကားရေးအတွက် အာဏာစက် အကူအညီပေးရန် ဓမ္မပါလမင်းက ဘုရင့်နောင်မင်းတရားကြီးထံ သံစေ၍ အကူအညီတောင်းလွှာသည်။ ဘုရင့်နောင် မင်းတရားကြီးက "လူပီးစီးခက်ထန်" သော ရဲမက်တို့ကို ရွေးချယ်စေလွှတ်ကြောင်းကို မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲစာမျက်နှာ ၃၅-၃၆တွင်အောက်ပါအတိုင်းဖော်ပြထားသည်။

'ယိုးဒယားသား ၁၀၀၊ တနင်္သာရိသား ၁၀၀၊ လင်းဇင်းသား ၁၀၀၊ ကျိုင်းတုံသား ၁၀၀၊ ကသည်းသား ၁၀၀၊ ထားဝယ်သား ၁၀၀၊ မိုင်းမောသား ၁၀၀၊ စည်ခွင်သား ၁၀၀၊ တရုတ်သား ၁၀၀၊ ရှမ်းစလုံသား ၁၀၀၊ မွန် ၅၀၀၊ မြန်မာ ၅၀၀ သော ရဲမက်တော်တို့ကို အထူးထူးသော မောက်တို့၊ မောက်ရှည်၊ မိန်ညို၊ သံချပ်နှင့် ရွှေဒိုင်း၊ရွှေလွှား၊ ရွှေကာ ရွှေလုံစွဲစေ၍ စန္ဒသူရိယကို တပ်မှူး၊ ရာဇဗညားကို တပ်စစ်ကဲခန့်တော်မူသည်။ ထိုသူတို့ စီးစရာ ဆင်နှစ်စီးနှင့်တကွ ဆုလာဘ်ပေးစရာလည်း ငွေမျာပေးတော်မူလိုက်သည်။ သိန်းယိုင်္ဂမင်းသို့လည်း ဆင်အစီးနှစ်ဆယ်နှင့် တကွ မင်းဆောင်မင်းယောင်၊ မင်းခမ်းမင်းနားမျာ ပေးတော်မူလိုက်သည်။ ယင်းသို့ အစီရင်ခန့်ရန်တော်မူ၍ စစ်သည်တော် နှစ်ထောင့် ငါးရာတို့ကို သဘော်ငါးစင်းတွင် တစ်စင်းငါးရာစီ စီးစေ၍ လွှင့်ရသည်။'

ထောင်ထားကြသော မင်းသုံးပါးတို့၏ အထောက်တော်တို့သည် သိန်းယိုင်္ဂကျွန်းသို့ ရောက်ရှိတပ်စခန်းချနေသော မြန်မာရဲမက်တို့ နေ့စဉ်နေထိုင်စားသောက်ပုံ၊ စစ်ရေးလေ့ကျင့်ပုံတို့ကို မြင်တွေ့ကြသောအခါ အလွန်ကြမ်းတမ်းခက်ထန်ရဲရင့်သော ရဲမက်မျာ ဖြစ်ကြောင်း၊ ထောက်လှမ်းရေးအတွက် အကြိုရောက်လာသော ရဲမက်မျာဖြစ်ပြီး တိုက်ခိုက်ရန်၊ နောက်ထပ်ရဲမက်မျာစွာ ရောက်လာဦးမည်ဟု စုံစမ်းကြားသိခဲ့ရကြောင်းကို သူတို့ဘုရင်မျာထံ အစီရင်ခံကြသည်။ နိုင်စရာလမ်းမမြင်သော မင်းသုံးပါးသည် ဓမ္မပါလမင်းထံ လက်နက်ချခိုဝင်ကြသည်။ သိန်းယိုင်္ဂနိုင်ငံသည်လည်း စည်းလုံးသွားပြီး ဗုဒ္ဓသာသနာလည်း ပြန်လည်ထွန်းကားလာသည်။

ဘုရင့်နောင်မင်းတရားကြီး၏ အာဏာစက်အကူအညီကို ကျေးဇူးတုံ့ပြန်သည့် သဘောနှင့် ဓမ္မပါလမင်းက မြတ်စွယ်တော် အစစ်ကို သံဃာတော်မျာနှင့် စေလွှတ်ပေးပို့ကြောင်းကို မှန်နန်းရာဇဝင်ကြီးက ဖော်ပြသည်မှာ-

"ဒုတိယ ဝါဆိုလပြည့်ကျော် ၃ ရက် တနင်္လာနေ့ သိန်းယိုင်္ဂကျွန်းအစိုးရသော ဓမ္မပါလမင်းက လက်ဆောင်လက်နက်မျာနှင့် ဘုရားသခင်စွယ်တော်မြတ်ကို ရွှေစေတီ၌ ဌာပနာ၍ သဘော်နှစ်စင်းတွင် တစ်စင်းမှာ လက်ဆောင်တော်၊ တစ်စင်းမှာ စွယ်တော်မြတ်ကိုတင်၍ အမတ်လေးယောက် ကြပ်မတ်လျက် ဆက်သလာစေ၍ ပုသိမ်သဘော်ဆိပ်သို့ ရောက်လာသည်" ဟု ဖြစ်သည်။

ပုသိမ်မြို့စားက ယင်းသတင်းကိုလျှောက်တင်လာသောအခါ ဘုရင့်နောင်မင်းတရားကြီးပုသိမ်သို့ သွားရောက်ကာ မြတ်စွယ်တော်ကြိုဆိုပုံနှင့် မင်းခမ်းမင်းနားနှင့် ဟံသာဝတီရွှေမြို့တော်သို့ ရေကြောင်းမှပင့်ဆောင်ပုံကို မှန်နန်းရာဇဝင်တော်ကြီးက အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်။

"သဘော်ဆိပ်တွင် စွယ်တော်မြတ်ကို တည်ထားစရာ ကောင်းမွန်လှစွာသောမဏ္ဍပ်ကနား၌ ဆောက်ရသည်။ ထိုမှတစ်ပါး စွယ်တော်မြတ်ကိုတည်ထားစရာ စီရင်တော်မူသည်ကား ပတ္တမြားကြိတ်

www.dhammaransi.com

စီရင်တော်မူသည်။ လေးကျွန်းဆီမီးဟူသော အဖိုးအတိုင်းမသိသော ဗညားပရိ ဝတ်သောကျောက်တစ်လုံး၊ မိုးမိတ်စော်ဘွားကဆက်သော အဖိုးအတိုင်းမသိသော ကျောက်တစ်လုံး၊ ဓမ္မစေတီဝတ်သော အဖိုးအတိုင်းမသိသော ကျောက်တစ်လုံး၊ ယိုးဒယားမင်းက ဆက်လာသော အဖိုးအတိုင်းမသိသောစိန်ကျောက်တစ်လုံးသည် ကျောက်လေးလုံးကို ရွှေကြိုတ်လေးမျက်နှာတွင်စီ၍ ပတ္တမြားအပြည့်စီသောကြိုတ်တွင်သွတ်သည်။ ထိုပတ္တမြားကြိုတ်ကို စားတော်ခေါ်သော ပတ္တမြားလက်ဖက်အိုးတွင်သွတ်သည်။ ပတ္တမြားလက်ဖက်အိုးကို စားတော်ခေါ်သော ပတ္တမြားကွမ်းခွက်တွင်သွတ်သည်။ ပတ္တမြားကွမ်းခွက်တော်ကိုနဝရတ်ကိုးပါးဖြင့်ပြီးသော ရတနာစေတီတော်တွင်ထည့်တော်မူပြန်သည်။ ထိုရတနာစေတီတော်ကို ရတနာအတိုပြီးသောဟာသာဒ်တွင်တင်ပြီးမှ စီးတော်မူသော ရွှေလှော်ကားတွင်တင်၍ရွှေတက်ညီမျှလှော်ရသည်။ ထိုလှော်သူတို့ကိုလည်းရွှေဦးထုပ် ဆောင်းစေပြီးလျှင် ဘယက်လည်မာ ဒွာဒရာလက်ကောက်ဆင်ယင်စေ၍ ဖောင်တော်ရှေ့က ခွင်ရေးလှော်ရသည်။ သည့်နောက် ရွှေလှော်ကားလေးစင်းမှာလည်း၊ နတ်သမီးအသွင်ကဲ့သို့ ပုတီးနားတောင်း၊ ဘယက်တံဆာဆင်ယင်ဝတ်စားစေ၍ ရွှေတက်နှင့်လှော်၍လိုက်ရသည်။ ယင်းကမှ ဟင်္သာရုပ် ပတ္တမြားငုံ၍ ပျံဟန် ရတနာရွှေဖောင်တော်ကို စီးတော်မူ၍ ရှေ့တော်ကရွှေလှော်ကားရှစ်စင်း၊ နောက်တော်က ရွှေလှော်ကားရှစ်စင်း ဝင်ရသည်။ ရွှေစက်ကွင်းလှော်ကား သုံးရာတို့ကိုလည်း ပဉ္စင်တူရိယာ၊ ပတ်သာ၊ စည်စောင်းငြင်းတင်၍ မြစ်လုံးပဲ့တင်ထပ်မျှ တီးမှုတ်လျက် ဖောင်တော်ဝန်းကျင်ရွှေတက်နှင့်ချည်းလှော်၍လိုက်ရသည်။ ထိုမှတစ်ပါး ရဲမက်တော်တို့မှာ အထူးထူးသော တိုးရုပ်၊ စာမရီရုပ်၊ မြင်းရုပ်၊ ကျွဲရုပ်၊ ကျား၊ မိချောင်းရုပ်၊ မကန်ရုပ်၊ ကရဝိက်ရုပ်၊ ကြိုးကြာရုပ်၊ ဟင်္သာရုပ်၊ ကိန္နရာရုပ်၊ လှေစသော သားလှေငှက်၊ လှေ အပေါင်း တို့တွင် ရွှေဒိုင်း ရွှေကား ရွှေလှံ စီစဉ်ကျင်းပစေလျက် တိုက်လှေငါးရာတို့ကို ဖောင်တော်လက်ဝဲ၊ လက်ယာ၊ ရှေ့ နောက်လိုက်ရသည်။ ထိုမှတစ်ပါး စစ်သည်တော်အပေါင်းတို့မှာ ဇလာကပင်၊ ကူရှပ်၊ သမ္မာန်၊ ကတ္တူ၊ လွန်းကျင်စသော လှေတစ်ထောင်တွင် စိန်ပြောင်း မြတပူတင်၍ လိုက်ရသည်။ ယင်းသို့ အစီအရင်ဖြင့် မြစ်လုံးပဲ့တင်ထပ်မျှ ဟံသာဝတီရွှေမြို့တော်ကသည် ပုသိမ် သဘော်ဆိပ်တိုင် အောင် ကြိုတော်မူသည်။ သဘော်ဆိပ်သို့ရောက်တော်မူလျှင် ရတနာဆယ်ပါးတို့ကို ပန်းပေါက်ပေါက် ပြုတော်မူ၍ စွယ်တော်မြတ်ကို ပူဇော်တော်မူသည်။ ထိုမှတစ်ပါး ရွှေတန်ဆောင်း၊ ငွေတန်ဆောင်း၊ ရွှေတံခွန်၊ ငွေတံခွန်တို့နှင့်လည်း မျာစွာပူဇော်တော်မူသည်။"

နေပြည်တော်ရောက်လာသော မြတ်စွယ်တော်စစ်ကို ကမ္ဘာဇ သာဒီ ရွှေနန်းတော်ဦး၌ စွယ်တော်စင်တည်ဆောက် ကိန်းဝပ်စေပြီး ကိုးကွယ်ပါသည်။ ထိုအခါမှစ၍ နောင်မင်းအဆက်ဆက်တို့တည်ဆောက်သော ရွှေနန်းတော်များ၏ နန်းဦးဒွစွယ်တော်စင်သီးခြားတည်ဆောက်ကာ မြတ်စွယ်တော်ကိုးကွယ်သော အစဉ်အလာဖြစ်သည်။

၁၉၃၆-၃၇ နှစ်များအတွင်းက မြန်မာနိုင်ငံသို့ ဒေသန္တရဗဟုသုတ ခရီးထွက်လာသော ယိုးဒယားမင်းသားကြီး ဒါမရွှောင်းရာဇနာဘတ်သည် မိမိခရီးစဉ်နှင့် လေ့လာမိသမျှ မြန်မာ့သမိုင်းအကြောင်းအချက်များကို သရုပ်ပြဓာတ်ပုံများနှင့် စာအုပ်ရေးသားပုံနှိပ်ခဲ့သည်။ ၁၉၉၁ ခုနှစ်က အင်္ဂလိပ်ဘာသာပြန်ရှုထုတ်ဝေသော ယင်းစာအုပ်၏ စာမျက်နှာ ၄၇-၄၉၌ ဘုရင့်နောင်မင်းတရားကြီးနှင့် သီဟိုဠ်မြတ်စွယ်တော် အကြောင်းကို အောက်ပါအတိုင်းဖော်ပြထားသည်။

www.dhammaransi.com

“လက်ာဒီပမြတ်စွယ်တော်”

“ဤနေရာ၌ အလွန်ထူးဆန်းသော သမိုင်းဖြစ်ရပ်တစ်ခုကို ကျွန်ုပ်ရှင်းပြသင့်သည်ဟု ထင်ပါသည်။ မန္တလေးနန်းမြို့တော်၏ တံခါးကြီးနောက်ဘက်၌ မြင့်မားသော အဆောက်အအုံတစ်ခုရှိရာ စွယ်တော်စင်ဟုခေါ်သည်။ ယနေ့အထိရှိသေးသည်။ ယခုထိုစင်တွင်စွယ်တော်မရှိပါ။ ပဲခူး(ဟံသာဝတီ)ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ရွှေနန်းတော်ပုံစံအရတည်ဆောက်ထားသောစွယ်တော်စင်ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။ သီဟိုဠ်မြတ်စွယ်တော်နှင့်ပတ်သက်သော ဘုရင့်နောင်မင်းတရားကြီး၏ ဆောင်ရွက်ချက်များကို သူလက်ထက်အကြောင်း ရာဇဝင်တွင်များစွာတွေ့ရသည်။”

သည့်နောက်သီဟိုဠ်၌ မြတ်စွယ်တော်သို့ သံအဖွဲ့စေလွှတ်လှူဒါန်းကြောင်း၊ ၁၅၆၀နှစ်တွင် ပေါ်တူဂီတို့မြတ်စွယ်တော်ကို ဂိုအားသိုမ်းယူသွားကြောင်း ငွေနှင့်ရိက္ခာ စပါးတို့နှင့် ရွေးယူရန်ဘုရင့်နောင်မင်းတရားကြီး ကြိုးပမ်းပုံ၊ ပေါ်တူဂီဂိုဏ်းချုပ်ကြီးက မြတ်စွယ်တော်ကို ဖျက်ဆီးပုံ၊ မြတ်စွယ်တော်အစစ်ဝှက်ထား၍ ပေါ်တူဂီတို့ အန္တရာယ်မှလွတ်ပုံ၊ ကိုလန်ဘိုဘုရင်က ဘုရင့်နောင်မင်းတရားကြီးထံ စစ်ကူတောင်းပုံ၊ စစ်ကူပို့ပြီး တိုက်ခိုက်ကာကွယ်ပေး၍ အရေးတော်ပြီးပုံ၊ မြတ်စွယ်တော်အစစ်ကို ပေးဆက်လာပုံတို့ကို ဖော်ပြပြီး။

“ရွှေနန်းတော်ဦး၌ စွယ်တော်စင်သီးခြားတည်ဆောက်ပြီး ထိုစင်၌ ကိန်းဝပ်စေကာ ကိုးကွယ်ခဲ့သည်။ မြတ်စွယ်တော်အစစ် ရောက်လာသောအခါ ခမ်းနားကြီးကျယ်စွာ ကြိုဆိုပူဇော်ကြသည်။ လက်ာဒီပမှ မြတ်စွယ်တော်အစစ်ရောက်လာခြင်းသည် ဘုရင့်နောင်မင်းတရားကြီး၏ ဘုန်းတန်ခိုးကြီးမြတ်မှုကြောင့် ဖြစ်ကြောင်း ထောပနာပွဲများကျင်းပကြသည်”။

ဟု နိဂုံးသတ်ထားသည်။ (Journey Through Burma in 1936 by H.R.H. Prince Damrong Rajanubhab of Thailand PP 47-49.)

ဒေါက်တာ ခင်မောင်ညွန့်

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော်ကိုပူဇော်သော မြန်မာတိုင်းရင်းသားမင်းများ

အနော်ရထာမင်းလွန်ပြီးနောက် မြန်မာ၊ ရှမ်း၊ မွန်၊ ရခိုင် တိုင်းရင်းသားမင်းတို့သည်လည်း ဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော်ခဲ့ကြသည်။ အချို့ နေပြည်တော်သို့ ပင့်ဆောင်ရန် ကြိုးပမ်းကြပြီး အချို့ကား သံအဖွဲ့များစေလွှတ်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစေပြီး စွယ်တော်ပွားများနှင့် အခြား ပူဇနီယပစ္စည်းများကို ရရှိကြသဖြင့် စေတီပုထိုးများ၌ ဌာပနာ၍ ကိုးကွယ်ခဲ့ကြသည်။ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေးကို အကြောင်းပြု၍ သံတမန်အဖွဲ့များကို အပြန်အလှန် စေခဲ့ကြရာ နိုင်ငံအချင်းချင်းဆက်ဆံရေး တိုးတက်ကောင်းမွန်လာခဲ့သည်။ တရုတ်ပြည်ကြီးနှင့် ဆက်သွယ်ရာ၌ ကုန်းကြောင်းမှ နယ်စပ်ဒေသများကို ဖြတ်ကျော်ကာ ရှည်လျားလှသောခရီးကို နှင်လျက် တရုတ်ကေရာဇဓေနပြည်တော် ပဲကျင် (ပီကင်း) အရောက် မြန်မာသံတော်တို့ သွားရောက်ခဲ့သဖြင့် ထိုလမ်းကြီးကိုပင် " သံလမ်း " ဟု မြန်မာ့သမိုင်း၌ တွင်ရစ်သည်။ သီဟိုဠ် (သီရိလင်္ကာ) နှင့် ဆက်သွယ်ရာတွင် မြန်မာ့ဆိပ်ကမ်းမြို့ကြီးများဖြစ်သော ပုသိမ် (ကောသမ)၊ ဒလ၊ သန်လျင်၊ မုတ္တမ၊ ရခိုင်မြို့ဟောင်းတို့မှ သင်္ဘောကြီးငယ်များနှင့် ပင်လယ်ခရီး ဖြတ်ကျော်သွားရောက်ခဲ့ကြသည်။

အနော်ရထာမင်းနောက် တရုတ်ပြည် ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ရေးအတွက် ဆောင်ရွက်သော ပုဂံမင်းဆက်မှ မင်းများမှာ အလောင်းစည်သူမင်း (အေဒီ ၁၁၁၂-၆၇) နှင့် နရသီဟပတေ့မင်း (အေဒီ ၁၂၅၄-၈၇) တို့ဖြစ်သည်။ နှစ်နိုင်ငံသံတမန်အဖွဲ့ဖလှယ်ရေး အစဉ်အလာအရ အေဒီ ၁၁၁၅ နှစ်တွင် အလောင်းစည်သူမင်းက တရုတ်ကေရာဇဓေထံ မြန်မာသံအဖွဲ့ကို ကုန်းကြောင်းမှ စေလွှတ်သည်။ ရွှေ ငွေနှင့် ပြူလုပ်ထားသော လက်ဆောင်တော်များ၊ ဆတ်ချိုများ၊ ဆင်စွယ်များ၊ ယွန်းထည်များ၊ မြတ်စွယ်တော်လှူရန်ပစ္စည်းများနှင့် သံစာများကို ယူဆောင်သွားသည်။ သည့်နောက် ကိုယ်တော်တိုင် မြတ်စွယ်တော်ပင့်ဆောင်ရန် အလုံးအရင်းနှင့် ချီခဲ့သည်ကို မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

"မင်းနှစ်ပါးလည်း ကြည်ကြည်သာသာ ဟောပြောတော်မူကြ၏။ ဦးတည်ဘွားလည်း ဤသို့ မိန့်တော်မူ၏။ အဆွေတော် အဘယ်အလို့ဌာ ငါ့တိုင်းနိုင်ငံသို့ လာရောက်တော်မူသနည်း ဟု မေးတော်မူ၏။ အလောင်းစည်သူမင်းကြီးလည်း လောကီ၏စည်းစိမ်ကိုအလိုရှိ၍ လာရောက်သည်မဟုတ်၊ လောကုတ္တရာချမ်းသာသို့ရောက်မည်အကြောင်းဖြစ်သော စွယ်တော်မြတ်ကို တောင်းမည် လာသည်ဟူ၍ အကြောင်းကို ပြန်တော်မူ၏။ ဦးတည်ဘွားလည်း စွယ်တော်မြတ်သီတင်းသုံးတော်မူလိုသော်ပင့်တော်မူတော့ဟူ၍ မိန့်တော်မူ၏။ အလောင်းစည်သူမင်းကြီးလည်း အထူးထူးသော ရွှေတန်းဆောင်၊ ငွေတန်းဆောင်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်၍ စွယ်တော်မြတ်ထားရာပြာသာဒ်မှာ တောင်းပန်လေ၏။ စွယ်တော်မြတ်လည်း လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ်ရှစ်ဆယ်၊ ရောင်ခြည်တော်ခြောက်ပါးတို့ဖြင့် တန်ဆာဆင်၍ ပရိက္ခရာရှစ်ပါးလွယ်လျက် ကောင်းကင်သို့တက်၍ စကြံကြွတော်မူလေ၏။ မင်းနှစ်ပါးလည်း များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်၍ တောင်းပန်တော်မူကြ၏။ ထိုသို့ တောင်းပန်တော်မူသော်လည်း စွယ်တော်မြတ်သည် ကောင်းကင်မှ မဆင်း နေလေ၏။ ဦးတည်ဘွားက ဤသို့မိန့်၏။

www.dhammaransi.com

ဘုရား၌ရှင်စွယ်တော်မြတ်သည် သာသနာတော်ငါးထောင်တိုင်တိုင် ဂန္ဓာလရာဇ်တိုင်းနိုက် တည်ရစ်လတ္တံ့. ဟူ၍ ဘုရား၌ဗျာဒိတ်တော်ရှိသည်ကို အဆွေတော်ပင့်သော်လည်း သီတင်းသုံးတော်မမူချေ ဟူ၍ မိန့်တော်မူပြီးမှ များစွာသောလက်ဆောင်လက်နက်တို့ကို ပေးတော်မူ၏ ” (စာ ၃၁၁–၃၁၂)

သည့်နောက် နေပြည်တော်သို့ပြန်ခဲ့သော အလောင်းစည်သူမင်းကြီးသည် မုဋ္ဌောကိုးဆူကို တည်ကြောင်း၊ ကျော်စဉ်အရပ်၌လည်း အင်းခရုတစ်ဆူ၊ လှည်းထောက်တစ်ဆူ၊ ငွေအံတော်တစ်ဆူ၊ ရွှေပေါက္ခရဏီးတစ်ဆူ မြန်မာနိုင်ငံအနှံ့ ကောင်းမှုတော်များပြုကြောင်း၊ ပေါက်ကွဲရာမ၌လည်း သဗ္ဗညုဘုရားကို တည်တော်မူပြီး ကြွေးစင်အဒုလာတစ်သောင်းကို သွန်းသော ခေါင်းလောင်းကြီးနှစ်လုံးကို သဗ္ဗညုဘုရားမှာ တစ်လုံး၊ ရွှေဂူဘုရားမှာ တစ်လုံး လှူတော်မူကြောင်း ဖော်ပြထားသည်။ ယနေ့တိုင် ပုဂံ သဗ္ဗညုဘုရားကြီး မျက်နှာစာဘေးဌ ခေါင်းလောင်းတင် အုတ်တိုင်ကြီးများကို မြင်တွေ့နိုင်သေးသည်။

နရသီဟပတေ့မင်းလက်တွင် တရုတ်သံတော်တို့ရောက်လာ၍ အပြန်တွင် မြန်မာ့သံတော်တို့ကို တွဲဖက်ထည့်လိုက်သည်။ ပဲကျင်မြို့တော်ရှိ ဗုဒ္ဓမြတ်စွယ်တော်ကို လှူဒါန်းရန် ပစ္စည်းများနှင့် တရုတ်ဧကရာဇ်သို့ဆက်သရန် လက်ဆောင်တော်များကိုယူဆောင်သွားသည်။ အေဒီ ၁၂၇၃ ခုနှစ်တွင် တရုတ်ဧကရာဇ်စေလွှတ်သော သံတော်အဖွဲ့ကို သာသနာရေးဝန်ကြီးကိုယ်တိုင် ခေါင်းဆောင်ကာ ပေါက်ကွဲရာမသို့ရောက်လာသည်။ သံအဖွဲ့တွင် သံငယ်သုံးဦးပါဝင်ပြီး ကုဘလိုင်ခန် ဧကရာဇ်ကြီး ထံမှ သံစာသယ်ဆောင်လာရာ မြန်မာသံတော်တို့ ပဲကျင်နန်းတော်သို့ရောက်ရှိ၍ ဧကရာဇ်ကြီးက လက်ခံကြောင်း သံစာတွင် ဖော်ပြထား၏သည်။

ရှမ်း–မြန်မာမင်းတို့အုပ်ချုပ်သော အင်းဝခေတ်တွင် သီဟိုဠ်ရှိ ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ရေးကို ဆောင်ရွက်သော မင်းနှစ်ပါးကို တွေ့ရသည်။ အင်းဝမင်းဆက်မှ ၁၂ ဆက်မြောက်မင်း နရပတိ (အေဒီ ၁၄၄၃–၆၉) နှင့် သူ၏သား တော် သီဟသူရ (အေဒီ ၁၄၆၉–၈၁) တို့ဖြစ်သည်။ နရပတိကား မင်းရဲကျော်စွာ၏ညီတော်ဖြစ်ပြီး သီဟသူရမှာ ဘုရင် ဒုတိယမင်းခေါင်၏ခမည်းတော်ဖြစ်သည်။ အေဒီ ၁၄၅၆ ခုနှစ်၌ ဘုရင်နရပတိသည် သီဟိုဠ်သို့ သံစေသည်။ သီဟိုဠ်၊ ကန္ဒီရှိ ဗုဒ္ဓမြတ်စွယ်တော်သို့ လှူဒါန်းရန် ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြား၊များကို သံအဖွဲ့နှင့် ပါးလိုက်သည်။ မြတ်စွယ်တော်ကို အဖူးအမြော်လာကြသော ရဟန်းတော်တို့အား ပစ္စည်းလေးပါး ထောက်ပံ့နိုင်ရန် လယ်ယာဥယျာဉ်မြေများကိုဝယ်ယူစေ၍ လှူသည်။ သီဟသူရမင်းသည် အေဒီ ၁၄၇၄ နှစ်တွင် သီဟိုဠ်သို့ သံစေသည်။ မိမိဦးခေါင်းနှင့် မိဖုရားခေါင်ကြီး၏ ဦးခေါင်းမှ ဆံပင်တို့ကိုဖြတ်၍ ရတနာများစီခြယ်ထားသော ရွှေလက်ကိုင်တပ် တံမြက်တော်ကိုပြုလုပ်ပြီး ကန္ဒီမြို့၊ ဗုဒ္ဓမြတ်စွယ်တော် ကျောင်းဆောင်တွင် တံမြက်လှည်းရန်အတွက် လှူရန် သံအဖွဲ့နှင့်ပါးသည်။ ထို့ပြင် သီဟိုဠ်မင်းအတွက် တရုတ်ပိုးထည်၊ ပုဆိုးအုပ်များနှင့် အခြားလက်ဆောင်တော်များကိုလည်း ပေးအပ်လိုက်သည်။

မွန်မင်းဆက်များထဲမှ သီဟိုဠ်ရှိ ဗုဒ္ဓမြတ်စွယ်တော်အတွက် လှူဖွယ်ပစ္စည်းလှူရန် သံတမန်များ စေလွှတ်ပြီး သီဟိုဠ်မင်းနှင့် ဆက်သွယ်ကြရာ သီဟိုဠ်မင်းထံမှ ဗုဒ္ဓမြတ်စွယ်တော်ဟူးများနှင့် အခြားဓမ္မလက်ဆောင်တော်များရရှိသောကြောင့် စေတီများတွင် ဌာပနာ၍ ကိုးကွယ်ခဲ့ကြသည်ကို မြန်မာရာဇဝင်များနှင့် ဘုရားသမိုင်းများတွင်ဖော်ပြထားသည်။ မြန်မာသက္ကရာဇ် ၇၅၂၊ အေဒီ ၁၃၉၀ နှစ်တွင်

www.dhammaransi.com

သီဟိုဠ်ဘုရင် ပဏ္ဍုရာမမင်းက သမီးတော်သုမုတ္တာဒေဝီနှင့် ဗုဒ္ဓမြတ်စွယ်တော်ဟူးတစ်ဆူကို ဟံသာဝတီဘုရင် ရာဇာဓိရာဇ် (အေဒီ ၁၃၈၅-၁၄၂၃) သို့ ဆက်သသည်။ သမီးတော်ကို မိဖုရားမြှောက်ပြီး စွယ်တော်ဟူးကို ရွှေမော်ဓောစေတီတွင်း ဥမင်တူး ဌာပနာ၍ ပူဇော်ကြောင်းကို မြန်မာသက္ကရာဇ် ၁၂၅၇၊ အေဒီ ၁၈၉၅ ခု၊ ဦးတူးပြုစုသော ရွှေမော်ဓောသမိုင်းတွင်ဖော်ပြထား၏။ အေဒီ ၁၄၇၇ ခု၊ မြန်မာသက္ကရာဇ် ၈၃၉ ခု၊ ဘော်သလင်းလပြည့်ကျော် ၁ ရက် နေ့၌ ဓမ္မစေတီမင်း (အေဒီ ၁၄၇၂-၉၂) ထံသို့ သီဟိုဠ်မင်းက ဗုဒ္ဓမြတ်စွယ်တော်ဟူးတစ်ဆူကို ပူဇနိယပစ္စည်းအဖြစ် ဆက်သရာ ဓမ္မစေတီမင်းသည် ယင်းစွယ်တော်ဟူးကို ပဲခူးကလျာဏီသိမ်အနီးရှိကလျာဏီစေတီ၌ ဌာပနာသည်ဟု မွန်ကျောက်စာကို ကိုးကား၍ ကထိက ဦးသက်တင်က သူပြုစုသော စေတီ ၅၀ ဆူသမိုင်းတွင် ဖော်ပြထား၏။ မြန်မာသက္ကရာဇ် ၈၄၅ ခု၊ အေဒီ ၁၄၈၃ ခုနှစ်တွင် သီဟိုဠ်သံဃရာဇာမင်းက ဓမ္မစေတီမင်းအား တိဂုမ္ဗဝိနိစ္ဆယ (ပါဠို) ကျမ်းကို ကောင်းစွာစီရင်နိုင်ခြင်းကြောင့် ဓမ္မစေတီမင်း၏ သံတော်ကြီး ဗရမ်းအမတ်အား ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်တစ်ဆူနှင့် မြတ်စွယ်တော်ဟူးနှစ်ဆူကို ပူဇနိယလက်ဆောင်တော် ပေးလိုက်ကြောင်း၊ ရွှေမော်ဓောဘုရား အရှေ့တောင်ဘက်ရှိ ခမွန်ဘောကုန်း၌ စေတီတည်၍ ဌာပနာကိုးကွယ်ရာ မော်ဓောငယ်ဟု တွင်ကြောင်းကို ပဲခူးမြို့မဟာစေတီတော်မြတ်ကြီးသမိုင်းအကျဉ်းတွင် ဖော်ပြထား၏ကိုတွေ့ရသည်။

မွန်ဘုရင်မကြီးရှင်စောပု၏သမက်တော် ဓမ္မစေတီမင်းသည် လောက၊ ဓမ္မ၊ ရာဇ အရေးသုံးပါးတွင် လိမ္မာပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို သယ်ပိုးခဲ့သော သာသနာပြုမင်း ဖြစ်သည်နှင့် အညီ သီဟိုဠ်ကျွန်းသို့ သာသနာပြုရဟန်းများနှင့် သံအဖွဲ့များ စေလွှတ်ခဲ့ကြောင်းကို ဂျီ အီး ဟာဗေး ပြုစုသော မြန်မာနိုင်ငံသမိုင်းစာအုပ်၌ အောက်ပါအတိုင်း ဖော်ပြထား၏။

" ဓမ္မစေတီမင်း၏ မဟာစွမ်းဆောင်မှုကား ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းကားရေးဖြစ်သည်။ အေဒီ ၁၄၇၅ ခုနှစ်တွင် ရဟန်း တော် ၂၂ ပါး ပါဝင်သော သာသနာပြုအဖွဲ့ကို သီဟိုဠ်သို့ စေလွှတ် သည်။ ပင်လယ်ခရီး မုန်တိုင်းမိ၊ သဘော်ပျက်၍ အချို့အသက်ဆုံးကြသည်။ အချို့ မဒရပ်ကမ်းခြေတွင် သောင်တင်ရာ နီဂေပဍမ်သို့ ရောက်သွားကြသည်။ အသက်ရှင်ကျန်ရစ်သော ရဟန်းတော်တို့သည် သီဟိုဠ်သို့အရောက်သွားကာ သာသနာရေးတာဝန်ကို ဆောင်ရွက်တော်မူကြသည် "

"ဗုဒ္ဓမြတ်စွယ်တော်၊ ဗုဒ္ဓမြတ်စွာဘုရား၏ ခြေတော်ရာနှင့် ဗောဓိညောင်ပင်များတွင် ဓမ္မစေတီမင်း လှူလိုက်သော နီလာမျာ:စီခြယ်ထား:သော ကျောက်သပိတ်၊ ရွှေနှင့် စလင်းတို့နှင့် ပြုလုပ်ထား:သော ဓာတ်တော်ကြုတ်များကို ဆက်ကပ်ကြသည်။ သီဟိုဠ်ရဟန်းတော်တို့အား သက်ိန်းပရိက္ခရာများ၊ ဇင်းမယ်လုပ် ယွန်းကွမ်းအစ်များကိုလှူသည်။ သီဟိုဠ်မင်းအား ဓမ္မစေတီမင်း၏ လက်ဆောင်တော်များ ဖြစ်သော ပတ္တမြား၊ နီလာ၊ တရုတ်ပိုးထည်၊ သင်ဖြူးချောများနှင့်တကွ ရွှေပြားပေါ်တွင်ရေးထား:သော ဓမ္မစေတီမင်း၏ ရာဇမဟာမိတ် သံစာကိုပေးအပ်သည်။ ရဟန်းတော်တို့၏ အဓိကရည်ရွယ်ချက်မှာ ရှေးဟောင်း မဟာဝိဟာရ ကျောင်းတော်ကြီးရှိ သီဟိုဠ်ရဟန်းတော်တို့ထံမှ ဥပသမ္ပဒကံကြီးဆောင်သော နည်းစနစ်မှန်ကို နာခံရယူရန်ဖြစ်သည်။ မဟာဝိဟာရ ကျောင်းတော်ကြီးကား ဘီစီ ၂၅၁ ခုနှစ်က စတင်တည်ထောင်ခဲ့သော ကျောင်းတော်ကြီးဖြစ်ပြီး ယနေ့အထိ တည်ရှိနေသေး:သည် "
(စာမျက်နှာ ၁၁၉-၁၂၀)

www.dhammaransi.com

ရခိုင်ဘုရင် မင်းဘင် (ခေါ်) မင်းပါကြီး (အေဒီ ၁၅၃၁-၅၃) လက်ထက်တွင် ထင်ရှားသော သာသနိက အဆောက်အအုံများစွာ တည်ဆောက်ခဲ့ရာ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ဟောင်းတွင် ရွှေတောင်ဦးဘုရား၊ သျှစ်သောင်းဘုရား၊ ဒုက္ကံသိမ်၊ လေးမျက်နှာဘုရား၊ ကျောင်းများနှင့် အံတော်ဘုရားတို့ကို ယနေ့တိုင် ဖူးတွေ့နိုင်သည်။ အံတော်ဘုရားမှာ သီဟိုဠ်မင်းက ဆက်သလိုက်သော ဗုဒ္ဓမြတ်အံတော်ဟုး ကို ဌာပနာထားသည်။ ။

ဒေါက်တာ ခင်မောင်ညွန့်

“သဒါ ဝန္ဒာမိ ဒူရတော”

သမ္ဘိန္နာစ အသမ္ဘိန္နာ၊ ဒုဝိဓာ ဇိန ဓာတုယော၊
တတ္ထတတ္ထ ဋ္ဌိတာ သမ္မာ၊ တာဟံ ဝန္ဒာမိ ဒူရတော့၊
မဟန္တာ မုဂ္ဂမာသာစ၊ မဇ္ဈိမာ ဘိန္နေ တဏ္ဍုလာ၊
ခုဒ္ဒကာ သာသပါ တိသော၊ ဝန္ဒာမိ ဇိန ဓာတုယော။

သမ္ဘိန္နာစ၊ ပြိုကွဲသော ဓာတ်တော်တို့သည်လည်းကောင်း။ အသမ္ဘိန္နာစ၊ မပြိုကွဲသော ဓာတ်တော်တို့သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်ပါးအပြား ရှိကုန်သော။ ယာဇိနဓာတုယော၊ အကြင် မြတ်စွာဘုရား ဓာတ်တော်တို့သည်။ တတ္ထ တတ္ထ၊ ထိုထို မြို့.ရွာတို့၌။ သမ္မာ၊ ကောင်းစွာ။ ဋ္ဌိတာ၊ တည်တော်မူကုန်၏။

တာဇိနဓာတုယော၊ ထိုမြတ်စွာဘုရား၏ ဓာတ်တော်တို့ကို။ မယံ၊ တပည့်တော်တို့သည်။ ဒူရတော၊ အဝေးမှ။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

ဥဏှိသံ စတုရော ဒါဋ္ဌာ၊ ဒွေ အက္ခကာစ ဓာတုယော၊
သတ္တဓာတုအသမ္ဘိန္နာ၊ သဒါ ဝန္ဒာမိ ဒူရတော။

ဥဏှိသံ၊ နဖူးသင်းကျစ်တော်သည်လည်းကောင်း။ စတုရောဒါဋ္ဌာ၊ လေးဆူသောစွယ်တော်တို့သည်လည်းကောင်း။ ဒွေအက္ခကာစ ဓာတုယော၊ နှစ်ဆူသောညှပ်ရိုး ဓာတ်တို့သည် လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တဓာ၊ ခုနစ်ပါးအပြားရှိကုန်သော။ ယာဓာတုယော၊ အကြင် မြတ်စွာဘုရား၏ ဓာတ်တော်တို့သည်။ အသမ္ဘိန္နာ၊ မပြိုမကွဲကုန်။ တာဓာတုယော၊ ထိုမပြိုကွဲကုန်သော ခုနစ်ဆူသော မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို။ မယံ၊ တပည့်တော်တို့သည်။ သဒါ၊ အခါခပ်သိမ်း။ ဒူရတော၊ အဝေးမှ။ ဝန္ဒာမ၊ ရှိခိုးပါ၏ဘုရား။

www.dhammaransi.com

မြတ်ဗုဒ္ဓ၏ အထက်လက်ဝဲစွယ်တော် ကြည်ညိုကော်ရော် ဖူးမြော်နိုင်ကြပါစေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓ၏မြတ်စွယ်တော်ကို မြန်မာနိုင်ငံသို့ ပင့်ဆောင်အပူဇော်ခံမည့် သတင်းကြားရသည့် ဗုဒ္ဓဘာသာဝင်များက ဝမ်းမြောက်ရွှင်လန်းကုသိုလ်စိတ်လွှမ်းလျက်ကြိုဆိုကြသည်။ ကြုံတောင့်ကြုံခဲ၊ ဖူးရခဲသော ဗုဒ္ဓ၏မြတ်စွယ်တော်ကို ဖူးရတော့မည်ဟူသည့် အသိဖြင့် လည်တဆန့်ဆန့် မျှော်နေခဲ့ကြပေသည်။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်က၊ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူခဲ့သည်။ ဗုဒ္ဓဘုရား ရှင်၏ဥတုဇရုပ်ကလာပ်တော် တေဇောဓာတ်လောင်ကျွမ်းပြီးနောက် ဓာတ်တော် မွေတော်များကို ဒေါနပုဏ္ဏားက ရွှစ်ပြည်ထောင်မင်းတို့အား ဝေငှပေးခဲ့သည်။ ဗုဒ္ဓ၏အထက်လက်ယာစွယ်တော်ဓာတ် တစ်ဆူသည် တာဝတိံသာနတ်ပြည်သို့ သိကြားမင်းက ပင့်ဆောင်ပူဇော်ခဲ့သည်။ အောက်လက်ယာ စွယ်တော်ဓာတ်တစ်ဆူသည် နဂါးမင်းက နဂါးပြည်သို့ ပင့်ဆောင်ပူဇော်ခဲ့သည်။ အောက်လက်ဝဲ စွယ်တော်ဓာတ်တစ်ဆူသည် သီရိလင်္ကာနိုင်ငံ၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ အထက်လက်ဝဲ စွယ်တော်ဓာတ်တစ်ဆူကား၊ ဂန္ဓာရတိုင်းဟု ခေါ်ခဲ့သော ယနေ့တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိန်းဝပ် စံပယ်တော်မူလျက်ရှိသည်။

အထက်လက်ဝဲ စွယ်တော်မြတ်ကို ဒေါနပုဏ္ဏား၏ လက်ဝယ်မှ ဂန္ဓာရတိုင်း၊ တက္ကသီလာ (တက္ကသိုလ်ပြည်၊ ယခု ပါကစ္စတန်နိုင်ငံ)တွင် သီတင်းသုံးသည့် ရဟန်းတော်တစ်ပါးကရယူကာ ဂန္ဓာရတိုင်းမြောက်ပိုင်း ဥဇနာနိုင်ငံတွင် ပူဇော်ထားခဲ့သည်။ ထိုမှတစ်ဆင့် အာရုအလယ်ပိုင်းဒေသရှိ ခိုတန်နိုင်ငံသို့ ဆက်လက်ပင့်ဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် တရုတ်ဘုန်းတော်ကြီးဖာဟီယန် (ခ) ဖာရှန်က တရုတ်ပြည်သို့ ချီမင်းဆက် (၄၇၉-၅၀၂) လက်ထက်တွင် ပင့်ဆောင်ခဲ့သည်။ စွယ်တော်ကို ပင့်ဆောင်သည့် တရုတ်ဘုန်းတော်ကြီး ဖာဟီယန်မှာ ခရစ်နှစ် ၃၉၉ မှ ၄၁၄ ခုနှစ်အထိ ၁၅ နှစ်တိုင်တိုင် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ဘုရားဖူးကြွခဲ့သော ဘုန်းတော်ကြီး ဖာဟီယန်မဟုတ်၊ ခရစ်နှစ် (အေဒီ) ၄၇၅ တွင်မှ ကရုတ်ပြည် နန်ကင်းမှ မဇ္ဈိမဒေသသို့ ဘုရားဖူးထွက်ခဲ့သောဒုတိယ ဖာဟီယန်ဖြစ်သည်။

ဒုတိယဆရာတော် ဖာဟီယန်သည် ခိုတန်နိုင်ငံသို့ ရောက်ရှိလာပြီး လမ်းပန်းအခြေအနေမကောင်းသဖြင့် ရှေ့ခရီးမဆက်တော့ဘဲ ခိုတန်မှ ဗုဒ္ဓမြတ်စွယ်တော်ဓာတ်ကို ပင့်ဆောင်ကာ တရုတ်ပြည်သို့ပြန်ခဲ့သည်။ ဆရာတော်ဖာဟီယန်သည် စွယ်တော်မြတ်ကို လမ်းခရီး၌လုံခြုံစိမ့်သောဌာမိမိ၏အရေပြားကို လှီးဖြတ်ကာ စွယ်တော်ကို ထည့်သွင်းမြုပ်နှံပူဇော်ထားခဲ့သည်။ ဥဇနာမှခိုတန်သို့ ပင့်ဆောင်စဉ်ကလည်း ပင့်ဆောင်သူရဟန်းတော်သည် မိမိ၏အရေပြားကို လှီးကာ မြတ်စွယ်တော်ကို မြှုပ်နှံ ဌာပနာပြီး သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယ ဖာဟီယန်ဆရာတော်အား တရုတ်ပြည်နန်ကင်း အစိုးရက သာသနာ့ကိုဏ်းချုပ်အဖြစ် ခန့်အပ်ကာ စွယ်တော်ကိုလည်း နန်ကင်းမြို့အနီးရှိ ချန်ရှန်းတောင်ပေါ်မှ တင်ဂလင် ကျောင်းတိုက်၌ ပူဇော်ထားရှိခဲ့သည်။ ၁၅ နှစ်အကြာတွင် ချီကရာဇ်၏သား တော် မင်းသားချင်းလင်း ကဘုံခုနစ်ဆင့်ပါသည့် စွယ်တော်တိုက် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ရဟန်းရှင်လူများကိုလည်း ပူဇော်ခွင့်ပြုခဲ့သည်။ စွယ်တော်နှင့် ပတ်သက်သော စာတမ်းနှစ်စောင်ကိုလည်း ရေးသားပြုစုခဲ့သည်။

www.dhammaransi.com

ဖာဟီယန် ဆရာတော်ပျံလွန်တော်မူပြီးနောက်ပိုင်း လီယန်မင်းဆက်ဝင် ဂူတိမင်း၏ ညီတော်လင်ချွမ်းမင်သား ရှော်ဟန်း(ရဟန်းပြုထား သူ) က စွယ်တော်ကို ရှီရှန်းတောင်ပေါ်ရှိ ချင်ဂျန်းကျောင်းတိုက်သို့ ပင့်ဆောင်သွားကာ နှစ်ပေါင်း ၂၀ ကြာမည်သူကိုမျှ ဖူးမြော်ခွင့်မပြုဘဲ ထားခဲ့သည်။ ရှော်ဟန်းပျံတော်မူခါနီးတွင် စွယ်တော်ကို ဘုန်းတော်ကြီး ဟူအိုချို လက်သို့လွှဲအပ်ခဲ့သည်။ ဟူအိုချိုက အေဒီ ၅၅၄ တွင် ဝန်ကြီးချင်ပဆင် လက်သို့ စွယ်တော်ကို ပေးအပ်ခဲ့သည်။ ချင်ပဆင်မှာ ဘုရင်ဖြစ်လာပြီး စွယ်တော်ကို တင်ဂလင်ကျောင်းတိုက်မှာပင် ကိန်းဝပ်စံပယ်တော်မူစေခဲ့သည်။

အေဒီ ၆၀၃ ခုနှစ်၊ ဆူအိ(ဆွိ) မင်းဆက်ဝင် ဧကရာဇ်ဘုရင် ဝင်တိက စွယ်တော်ကို ချန်အန်း(ချန်ဂန်း) မြို့တော်သစ်သို့ပင့်ဆောင်ခဲ့သည်။ ချန်အန်းမြို့နှင့် အခြားဒေသများတွင်နှစ်ပေါင်း ၃၀၀ ကျော် လှည့်ပြောင်းစံပယ်ခဲ့သည်။ နှစ်စဉ် ဗုဒ္ဓဖွားတော်မူသည့် ကဆုန်လပြည့်နေ့တိုင်း အများပြည်သူတို့အား စွယ်တော်ဖူးမြော်ခွင့်ပေးခဲ့သည်။ နောက်ဆုံးလျောင်မင်းဆက်၏ မြို့တော်သစ်ဖြစ်သော ယန်ကျင်းခေါ် ပေးကျင့် (ယခု ပီကင်း) သို့ ပင့်ဆောင်ပူဇော်ခဲ့သည်။

ခရစ်နှစ် ၁၀၇၁ ခုနှစ် (မြန်မာသက္ကရာဇ် ၄၃၁ ခုနှစ်) မိဖုရားဂျင်က ပီကင်းမြို့ စီစန်ခေါ် အနောက်ဘက်တောင်ကုန်း (ဝက်စတင်းဟေးလ်) တောင်တန်းတွင် ဘုံဆယ်ဆင့်ပါ ရှစ်မျက်နှာစေတီစွယ်တော်တိုက် ဆောက်လုပ်ပူဇော်ခဲ့သည်။ ယင်းစေတီကို ပါလင့်စေတီဟုခေါ်သည်။ ချော်ရှင်စေတီဟူ၍လည်း ခေါ်ဝေါ်ခဲ့သည်။ ယင်းပါလင့်စေတီ၏ ကျောက်ချပ်တိုင်းတွင် ဗုဒ္ဓစွယ်တော်များ၏ ပုံတော်များ၊ စေတီပုံတော်များ ထွင်းထုထားခဲ့သည်။ စေတီထိပ်ဆုံးရှိ ကျောက်ပြားတွင် ဂျင်၏ ကောင်းမှုတော်ဖြစ်ကြောင်းနှင့် စေတီတည်ထားပြီးစီးသော ခုနှစ် (ခရစ်နှစ် ၁၀၇၁)ကို ရေးထိုးထားခဲ့သည်။

ဗုဒ္ဓ၏ စွယ်တော်မြတ်ကိုလည်း နဲ့သာကြုတ်တွင် ထည့်သွင်းပူဇော်ခဲ့သည်။ ၁၉၀၀ ပြည့်နှစ်တွင် နယ်ချဲ့နိုင်ငံရှစ်ခုက တရုတ်ပြည်သို့ ကျူးကျော်တိုက်ခိုက်စဉ် နယ်ချဲ့တပ်များ၏ အမြောက်ဒဏ်၊ ဗုံးဒဏ်ကြောင့် စွယ်တော်တိုက်စေတီတော် ပြိုကျပျက်စီးခဲ့ရသည်။ စွယ်တော်တိုက်ကို နယ်ချဲ့ကျူးကျော်ရေးသမားများက မီးရှို့ဖျက်ဆီးခဲ့သော်လည်း စေတီတော်၏ အုတ်မြစ်အတွင်း ဌာပနာသည့် စွယ်တော်မှာ မပျက်စီးခဲ့ပေ။

စွယ်တော်တိုက်စေတီဟောင်းကို တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက ရှင်းလင်းရာကျောက်ပြင်ဝိုင်းပြားဖြင့် ဖုံးအုပ်ထားသည့် ကျောက်အုတ်ဌာပနာတွင်း အတွင်းရှိ စွယ်တော်နဲ့သာကြုတ်ကို ပြန်လည်ဖူးတွေ့ခဲ့ရသည်။ ကျောက်ပြားအဖုံးဝိုင်းတွင် ခုနစ်ရာစုရေးဟန်အတိုင်း သက္ကဋဘာသာဖြင့် ရေးထိုးထားသည့် ဂါထာတစ်ပုဒ်ကို တွေ့ကြရသည်။

ယင်းဂါထာမှာ-

ယေဓမ္မာ ဟေတုပ္ပဘဝါ
တေသံ ဟေတုံ တထာဂတော
အာဟတေ သဉ္စယော နိရောဓော
ဧဝံ ဝါဒီ မဟာသမဏော ဟူ၍ဖြစ်သည်။

အနက်မှာ "အကြင်တရားတို့သည် အကြောင်းရင်းအမှန် ရှိကြလေကုန်၏။ ထိုတရားတို့၏ အကြောင်းကို ဗုဒ္ဓသခင်သည် ဟောတော်မူ၏။ ထိုတရားတို့၏ ချုပ်ရာ၊ ကုန်ရာ၊ ငြိမ်းရာရှိ၏။ ထိုသို့ ချုပ်ငြိမ်းခြင်းကိုလည်း မြတ်ရဟန်းကြီး (ဗုဒ္ဓ)က ဤသို့ အယူရှိ၏" ဟူ၍ဖြစ်သည်။

www.dhammaransi.com

ဗုဒ္ဓ၏ တရား:ဦး (ဓမ္မစကြာ) ကို ကြား:နာကာ အဦး:ဆုံး ရဟန္တာဖြစ်ခဲ့သည့် ရှင်အဿဇိကို (ပဉ္စဝဂ္ဂိငါး:ပါး:အနက် သက်တော်အငယ်ဆုံး:) သည် ဓမ္မစကြာတရား:နာကြား:စဉ်ရက်များ:၌ ရာဇဂြိုဟ်တွင်း:ဆွမ်း:ခံဝင်ခဲ့သည်။ သို့ဆည်း: ဆရာကြီး:ထံ တပည့်ခံနေသည့် ဥပတိဿ (ရှင်သာရိပုတ္တရာလောင်း:)နှင့် တွေ့သည်။ ရှင်အဿဇိ၏ တည်ငြိမ်ရင့်ကျက်သော ကယိန္ဒြေကို ကြည့်ပြီး: ဥပတိဿက မြို့.ပြင်အထိလိုက်သွား:ကာ 'ငါ့ရှင်ဟာ တည်ကြည်ရင့်ကျက်တယ်၊ ဧကန္တငါ့ရှင်မှာ တရား:ထူး:ရှိဟန်တူတယ်၊ ငါ့ကို အဲဒီ တရား:ဟောပြပါ'ဟု တောင်း:ပန်သည်။ ရှင်အဿဇိက မိမိအနေဖြင့် ရဟန်း:အလုပ်စကာမျှသာရှိသေး:သည်။ တရား:ဓမ္မဟောကြား:ပြသနိုင်သည့် အခြေအနေသို့ မရောက်သေး:ကြောင်း: ရှင်း:ပြသည်။ ရှင်ဥပတိဿက အမြွက်မျှပြောပြပါ၊ သင့်ဆရာကကောဘယ်သူလဲဟု ဆက်မေး:သဖြင့် အထက်ပါ ယေဓမ္မ အစချီ ဂါထာကို ရွတ်ဆိုပြခဲ့သည်။

ဥပတိဿသည် ဗုဒ္ဓ၏ တရား:သဘောကို မှန်:တွက်နိုင်ပြီး: တရား:ရှာဖက်၊ ကျင့်ကြံဖက်ကောင်ိုတ (ရှင်မဟာ မောဂ္ဂလာန်လောင်း:) ကို အဖော်ညှိပြီး:လျှင် ဗုဒ္ဓထံပါး: ရောက်ရှိကာ တရား:နာရင်း: ဧဒဂ် ဘွဲ့.ရ သာဝကကြီး:များ:ဖြစ်လာခဲ့.သည်။ ယင်း:သို့ ယေဓမ္မာအစချီ ဂါထာတော်ပါရှိသော ကျောက်ပြား: အဖုံး:အောက်ရှိ စွယ်တော်ကြွတ်အတွင်း:မှ နံ့သာသား:ဖြင့်စရွေး:ကိုက်ပြုလုပ်ထား:သည့် နံ့သာကြွတ်ကို တွေ့.ရသည်။ နံ့သာကြွတ်ပေါ်၌ စကြာမုနိ ဗုဒ္ဓ၏ မြတ်စွယ်တော်ဟု ကမ္ပည်း:ထို:ထား:သည်။ ကမ္ပည်း:ထို:သည့် နေ့စွဲနှင့် ရေး:ထို:သူ၏ အမည်လည်း:ပါရှိသည်။ သက္ကဋဘာသာဖြင့် ရေး:ထို:ထား:သည့် 'ဥမ်မဏိပဒ်မေဟုမ်' စာတန်း:ကိုတွေ့.ရသည်။

နံ့သာကြွတ်အတွင်း:၌ စွယ်တော်ကို ပို:စများ:ဖြင့် ရစ်ပတ်ထား:ခဲ့သည်။ စွယ်တော်မှာ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့.ရှိ စွယ်တော်တိုက်မှ စွယ်တော်နှင့် လုံး:တူရွယ်တူဖြစ်သည်။ အချင်:တစ်လက်မခန့်နှင့် လုံး:ပတ်နှစ်လက်မ၊ အရှည်နှစ်လက်မခန့်.ရှိသည်။ ယင်း:သို့နယ်ချဲ့.သမား:အုပ်စု၏ ဖျက်ဆီး:မှုမှကင်း:လွတ်စွာ ပြန်လည်ဖူး:တွေ့.ရသည်။

ဗုဒ္ဓမြတ်စွယ်တော်ကို ယနေ့ဖူး:တွေ့.ရသည့် စွယ်တော်တိုက်စေတီသစ်တွင် ၁၉၆၀ ပြည့်နှစ်က ပြန်လည်ကိန်း:ဝပ်စေနိုင်ခဲ့သည်။ စွယ်တော်တိုက်စေတီကို ဝက်စတင်း:ဟော:လ်တောင်၊ မူလစေတီပျက်အနီး:၌ ရှစ်မျက်နှာ ဘုံတစ်ဆယ့်သုံး:ဆင့်ဖြင့် ၁၉၅၇ ခု၊ နိုဝင်ဘာလတွင် စတင်တည်ထား:ခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုး:ရက စွယ်တော်စေတီအသစ်ပြန်လည်တည်ထား:နိုင်ရန် တရုတ်ယွမ်ငွေ ခုနစ်သိန်း: မတည်လှူဒါန်း:ခဲ့သည်။

၁၉၅၇ ခုနှစ်က တရုတ်ဝန်ကြီး:ချုပ် မစ္စတာချူအင်လိုင်: နိပေါနိုင်ငံသို့ ချစ်ကြည်ရေး: ခရီး:ရောက်ရှိ စဉ် နိပေါဘုရင် မဟိန္ဒရာက ဗုဒ္ဓသွား:တော်ဓာတ်မြတ်အဆူ ၅၀ ပေး:အပ်ခဲ့သည်။ ယင်း:အဆူ ၅၀ အနက် ၁၆ ဆူကို စွယ်တော်စေတီတွင် အပူဇော်ခံထား:ပြီး: ကျန် ၃၄ ဆူ ကို တရုတ်ဗုဒ္ဓဘာသာ အဖွဲ့.ချုပ်၌ ထား:ရှိ ပူဇော်သည်။ ဗုဒ္ဓ၏ စွယ်တော်မြတ်ကို အမြင့် ၅၁ လက်မ၊ အလျား:၊ အနံ ၂၀ လက်မခွဲစီရှိပြီး: ရွှေပိဿာချိန် ၉၃ ပိဿာရှိ စွယ်တော်စံ ရွှေစေတီငယ်၏ တစ်ဝက်မုခ်မှကြာကလပ်ပေါ်တွင် ထား:ရှိအပူဇော်ခံထား:သည်။ စွယ်တော်တိုက်စေတီကို ဗုဒ္ဓတစ်ထောင်စေတီဟူ၍လည်း: လူသိများ:သည်။

ယေဓမ္မာဟေထုပဗ္ဘဝါ အစချီ ဂါထာတော်ကို တိဘက်ဘာသာ၊ သက္ကတဘာသာ၊ ပါဠိဘာသာနှင့် တရုတ်ဘာသာတို့ဖြင့် ရေး:ထို:ထား:သည့် ကျောက်စာချပ်လေး:ချပ်ကိုလည်း: စေတီတော်

www.dhammaransi.com

သစ်တွင်တွေ့ရသည်။ စွယ်တော်တိုက်စေတီတော်သစ်အောက်ခြေ၌ တရုတ်ဗုဒ္ဓဘာသာဝင် သူတော်စင်များက အောက်ပါစာတန်းရေးထိုးထားသည်။

* ဗုဒ္ဓရောင်ဝါနေသို့လင်းစေသော်၊
* ဓမ္မစက္က ထာဝရလည်ပတ်စေနိုင်သော်၊
* ပြည်သူ့စိတ်ဝမ်းရွှင်လန်းချမ်းမြေ့ပါစေသော်၊
* ငြိမ်းချမ်းသာယာ ဤကမ္ဘာ မြင့်ကြာအစွန့်ရှည်စေသော်။

၁၉၅၅ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့က တရုတ်ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံသို့ရောက်လာခဲ့သည်။ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ရာ တရုတ်အစိုးရ ဝန်ကြီးချုပ် ချူအင်လိုင်းက လက်ခံတွေ့ဆုံခဲ့သည်။ ထိုစဉ်က ဗုဒ္ဓမြတ်စွယ်တော်ကို မြန်မာနိုင်ငံသို့ ပင့်ဆောင်အပူဇော်ခံရန် သဘောတူညီခဲ့ကြသည်။ ၁၉၅၅ ခု၊ အောက်တိုဘာလအတွင်း ရန်ကုန်မြို့သို့ ဗုဒ္ဓစွယ်တော်မြတ်ကို ပင့်ဆောင်လာခဲ့ရာ ဗုဒ္ဓဘာသာဝင်များ ဝမ်းမြောက်အားရစွာ ဖူးမြော်ကန်တော့ကြသည်။

တရုတ်ပြည်ရှိ ဗုဒ္ဓမြတ်စွယ်တော်မှာ နယ်ချဲ့ရှစ်နိုင်ငံ၏ ကျူးကျော်စစ်ကာလ ဖျက်ဆီးမှုအန္တရာယ်မှ ဗုဒ္ဓအာနဘော်ဖြင့် လွတ်မြောက်ခဲ့ရသည်။ အလားတူပင် သီရိလင်္ကာ ကန္ဒီမြို့စွယ်တော်တိုက်ရှိ ဗုဒ္ဓစွယ်တော်မြတ်သည်လည်း နယ်ချဲ့ကျူးကျော်ရေး ကိုလိုနီဝါဒီများလက်မှ လွတ်မြောက်အောင် ဗုဒ္ဓဘာသာဝင်များ အားထုတ်ခဲ့ရသည်။

ပညာရှိအမတ်ကြီးခေမ ရရှိခဲ့သော အောက်လက်ဝဲစွယ်တော်ကို ကာလင်္ကတိုင်း ဗြဟ္မဒတ္ထမင်းက ဒန္တပူရမြို့တွင် စွယ်တော်တိုက် ဆောက်လုပ်ပူဇော်ခဲ့သည်။ ရတနာမျိုးစုံစီခြယ်ထားသည့် ရတနာကြွတ်ဖြင့် စံပယ်ခဲ့သည်။ အိန္ဒိယ၌ ဗုဒ္ဓဘာသာမှေးမှိန်လာချိန် သီရိလင်္ကာ (သီဟဠ) နိုင်ငံ ပရက္ကမဘုရင်လက်ရောက်ရှိသွားသည်။ သရက္ကမမင်းက ပေါရာဏရုဝမြို့၌ စွယ်တော်တိုက် ဆောက်လုပ်ခဲ့သည်။ အိန္ဒိယမှ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် လူမျိုးများက သီရိလင်္ကာကို ကျူးကျော်တိုက်ခိုက်ခဲ့စဉ်က စွယ်တော်မြတ်ကို နိုင်ငံတောင်ဘက်ပိုင်းသို့ ပင့်ဆောင်တိမ်းရှောင်ခဲ့ရသည်။ ဝိဇယဗာဟု နန်းတက် လာသည့် အေဒီ ၁၂၂၀ တွင် ကေဂေါလခရိုင် ဘယ်လိဂေါလမြို့သို့ ပြန်လည်ပင့်ဆောင်သည်။ သီရိလင်္ကာသို့ပေါ်တူဂီများ ကျူးကျော်လာပြန်ရာ တောင်တန်းထူထပ်ရာသို့ စွယ်တော်ကိုပင့်ဆောင်သိုဝှက် ခဲ့ရသည်။ ပေါ်တူဂီများကိုတိုက်ရန် သီရိလင်္ကာဘုရင်များက ဒတ်ချ်နှင့်ပူးပေါင်းရာမှ ဒတ်ချ်တို့ လက်အောက်ရောက်ရသည်။ ဒတ်ချ်တို့ကိုတိုက်ထုပ်ရန် အင်္ဂလိပ်တို့နှင့်ပေါင်းရာမှ အင်္ဂလိပ်လက် အောက်ရောက်ခဲ့ရသည်။

အေဒီ ၁၇၄၇ ခုနှစ်တွင် နန်းတက်သောသီရိလင်္ကာဘုရင် ကာတိသီရိက စွယ်တော်စံပယ်ရန် ဝိဟာရ ကျောင်းတိုက်ကြီးဆောက်လုပ်ပေးခဲ့သည်။ ဒတ်ချ်တို့နှင့်တိုက်ခိုက်ရစဉ်က ကာတိသီရိဘုရင်သည် စွယ်တော်ကို ကန္ဒုသာလိမြို့မှ ဒေါလဒမာလိဂါဝမြို့သို့ပင့်ဆောင်သွားခဲ့ရသည်။ ကန္ဒီမင်းဆက်နောက် ဆုံးဘုရင် သီရိဝိကရရာမရာဇသီဟ လက်ထက်အင်္ဂလိပ်တို့နှင့်တိုက်ရပြန်သဖြင့် စွယ်တော်ကို ဘုရင်ကိုယ်တိုင် ပင့်ကာ တောင်တန်းဒေသသို့ ဆုတ်ခွာတိမ်းရှောင်ရပြန်သည်။

www.dhammaransi.com

၁၈၁၅ ခု စစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့ကသီရိလင်္ကာကိုအုပ်စိုးလာခဲ့သည်။ စွယ်တော်မြတ်ကို ဒေါလဒမာလိဂါဝ မြို့သို့ ပြန်ပင့်လာခဲ့သည်။ ယနေ့မြတ်စွယ်တော်မှာ ကန်မြို့မှ စွယ်တော်တိုက်တွင် စံပယ်တော်မူလျက်ရှိသည်။ ပေါ်တူဂီတို့က သီရိလင်္ကာနိုင်ငံကို ၁၅၀၅ ခုနှစ်တွင် မိမိတို့တိုက်ခိုက် သိမ်းပိုက်ပြီး ဗုဒ္ဓစွယ်တော်ကို အိန္ဒိယနိုင်ငံ ဂိုအာမြို့သို့ ယူဆောင်ဖျက်ဆီးပြစ်ခဲ့သည်ဟုဆိုသည်။ သို့သော်လည်း သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်မင်းကောင်းမင်းမြတ်များ ၊ ရဟန်းတော်များနှင့် ပြည်သူများက စွယ်တော်မြတ်ကို ကာကွယ်စောင့်ရှောက် ပူဇော်ထားနိုင်ခဲ့သည်။

ခရစ်နှစ် ၃၉၅ မှ ၄၁၄ ထိ ၁၅ နှစ်တိုင် တရုတ်ပြည်မှ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသနှင့်သီရိလင်္ကာသို့ ဘုရားဖူးရင်း ဗုဒ္ဓပိဋကတ်တရားတော်များ ဆည်းပူးလေ့ကျက် မှတ်သားကူးယူခဲ့သော ပထမဖာဟီယန် ဆရာတော်က သီရိလင်္ကာသို့ ရောက်ရှိသခိုက် စွယ်တော်လှည့်ပွဲနှင့် ကြုံကြိုက်ဖူးမြော်ရပုံကို ဘုရားဖူးမှတ်တမ်း၌ အောက်ပါအတိုင်း ရေးသားဖေါ်ပြခဲ့သည်။

"မြတ်စွာဘုရား၏ စွယ်တော်ကို နယုန်လပြည့်နေ့၌ အစဉ်မပြတ် ပင့်ဆောင် ပူဇော်ကြလေသည်။ ဘုရင်မင်းမြတ်သည် စွယ်တော်မြတ်ကိုမပင့်ဆောင်မီ ၁၀ ရက်ကကြိုတင်၍ မင်္ဂလာဆင်တော်ကြီး တစ်စီးကို ကြီးကျယ်ခမ်းနားစွာ ကကြိုးတန်ဆာဆင်ပြီးလျှင် အသံသြာကောင်းစွာပြည့်စုံသော ယောကျ်ားတစ်ယောက်ကို မင်းဝတ်တန်ဆာများဖြင့်ဝတ်စား စေလျက် ဆင်ကြီးပေါ်တွင် စီးစေပြီးသောအခါ စည်တော်များကို ရွှမ်း၍ အသံကျယ်လှစွာ အောက်ပါအမိန့်တော်ကို ကြွေးကြော်စေလေသည်။"

"ဘုရားအလောင်းတော်မြတ် ဗောဓိသတ်သည် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟု ဆိုအပ်သောလောကသုံးထပ်ဘုံသုံးရပ်၌ ကျင်လည်ကျက်စားမျှပါးစဉ်အခါ ဝေနေယျ သတ္တဝါအပေါင်းတို့အား သနားရှုမြော် သံသရာမှ ကယ်တင်တော်မူလိုသော ဗလဝဆန္ဒ အာသီသရှိတော်မူသည်ဖြစ်ရာ မိမိ၏ အသက်ခန္ဓာကို မငဲ့ညှာဘဲခြိုးခြံစွာ ကျင့်ကြံအား ထုတ် တော် မူလေသည်။

ဘုရားအလောင်းတော်သည် မိမိ၏ အသက်တစ်မျှ ချစ်လှစွာသော အိမ်သူသက်ထား ဇနီးမယား နှင့်တကွ သမီးသားမကျန် နိုင်ငံမြို့ရွာ လွန်စွာခမ်းနား ထီးနန်းစည်းစိမ်များကို မစင်တွင်း လောက်တဲ့တွေးပေါက်ကဲ့သို့ ပယ်ရွာစွန့်ပစ်တော်မူလေသည်။ အလိုရှိသော အလှူခံ ပုဂ္ဂိုလ်တို့အား မိမိ၏မျက်စိကို ကြိမ်ဖန်များစွာ ဖောက်ထုတ်လှူဒါန်း ပေးကမ်းတော်မူခဲ့လေပြီ။ မိမိ၏ အသားစိုင်များ ကို ခွဲဖြတ်လှီးယူ၍ ချိုးငှက်ကို ရွေးယူခြင်းအားဖြင့် လှူဒါန်းတော်မူ၍ မိမိ၏ ဥက္ကောင်းတော်များကိုလည်း အလိုရှိသော အလှူခံပုဂ္ဂိုလ်တို့အား ဒါနဝတ္ထုအဖြစ် ပေးကမ်း လှူဒါန်းတော်မူလေသည်။ ခြင်ဆီ၊ ဦးနှောက်များနှင့်တကွ မိမိ၏ ခန္ဓာကိုယ်တစ်ကိုယ်လုံးကို တွန့်တိုနမြောခြင်းမရှိဘဲ ရက်ရောကြည်ဖြူစွာ အစာအာဟာရ ဆာလောင်မွတ်သိပ်နေသော ကျား မ တစ်ကောင်အား ကျွေးမွေး လှူဒါန်းပေးကမ်းတော်မူလေပြီ။

ဤကဲ့သို့သော နည်းလမ်းအားဖြင့် အနန္တသတ္တဝါတို့၏ ချမ်းသာစီးပွား အကျိုးများစေခြင်းငှာ ဒါနပါရမီ အလီလီတို့ကို ကြာရှည်လေးမြင့်ဖြည့်ကျင့်တော်မူ၍ သုံးလှုရှင်ချစ်ဘုရားဖြစ်တော်မူသောအခါ ရှေးရှေးဘုရား နောင်တော်များ၏ ကျင့်စဉ်ထုံးနည်းကို အစဉ်မှီးလျက် ၄၉ ဝါ

www.dhammaransi.com

(မဟာယာနအလိုအရ) ရှည်ကြာမြင့်ညောင်း တရားကောင်းတို့ဖြင့် ကိလေသာမီး ညီးညီး ထိန်ပြောင် တောက်လောင်စွဲမြဲ မိုက်မဲတွေဝေ၍ နေကြကုန်သော သတ္တဝါတို့အား တရားတည်း ဟူသော အလင်းရောင်ကို ပေးတော်မူလေပြီ”

“သြဃလေးဖြာ သံသရာတည်းဟူသော ရေယဉ်ကြော်ဋ္ဌ နစ်မျော၍ နေကြကုန်သော သံသရာသမား ခရီးသွားတို့အား ရပ်နားတည်နေရန် နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းကို ညွှန်ပြ ပေးသနားတော်မူလေပြီ၊ ဘုရားရှင်ကိုယ်တော်မြတ်သည် ဆွတော်မျိုးတော်များနှင့် တကွ ကျွတ်ထိုက်သသူ ဗိုလ်လူများစွာ သတ္တဝါတို့အား သနားကယ်ချွတ် သံသရာဘေးမှ ကင်းလွတ် စေတော်မူစေပြီး၍ ခန္ဓာဇာတ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ဝင်စံကြွသွားတော်မူလေပြီ”

“ရှေးလွန်လေပြီးသောကာလ ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်သို့ သွားလမ်းကို ဖြောင့်တန်းစွာ မြင်စေနိုင်သော သတ္တလောကကြီး၏ မျက်စိတည်းဟူသော အလင်းရောင်ကြီးသည် အပြီးကွယ်ပျောက်ဆုံးခန်းသို့ရောက်၍ သဝိညာဏက သတ္တဝါဟူသမျှတို့သည် ပြင်းပြလှိုက်လဲ ကိုယ်စိတ်ဆင်းရဲကြလေသည်။

ဤနေ့မှစ၍ ၁၀ ရက်ကြာရှိသောအခါ မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို အဘယဂိရိကျောင်းတိုက်သို့ ပင့်ဆောင်တော်မူလိမ့်မည်၊ သံသရာစခန်း ခရီးလမ်း၌ ချမ်းသာရန်အလို့ငှာ အနဂါမိကဥစ္စာ ရတနာရွှေအိုးကို ထုပ်ပိုးမြှုပ်နှံ လိုကြကုန်သော တိုင်းပြည်အတွင်း မှီတင်းနေထိုင် ကြသူ ဗိုလ်လူအပေါင်းတို့သည် စွယ်တော်ပင့်ဆောင်တော်မူရာ ခရီးလမ်းကို သန့်ရှင်းညီညာစွာ ပြုပြင်၍ တန်ဆာများကို ဆင်ကြစေ။ ဆီမီး၊ ပန်း၊ နံ့သာ စုံလင်စွာတို့ဖြင့် ရှိခိုးပူဇော်ကြရန် အဆင်သင့်ပြုပြင်စီမံထားကြစေ” ဟူ၍ တစ်မြို့လုံးကို ကြွေးကြော်စည်လည်စေသည်။

ဤသို့ကြွေးကြော်စေပြီးသောအခါ ဘုရင်မင်းမြတ်သည် သံသရာဘဝကာလအထူးတို့က ဘုရား အလောင်းတော်သည် ထင်ရှားစွာဖြစ်တော်မူခဲ့ရသော သုဒါန (ဝေဿန္တရာမင်းသား) ၏ ရုပ်ပုံသဏ္ဌာန်အဖြစ်ဖြင့်လည်းကောင်း၊ အလောင်းတော်ဆင်မင်း၏ ပုံသဏ္ဌာန်ဖြင့်လည်းကောင်း၊ အလောင်းတော်ဆတ်မင်း၏ ပုံသဏ္ဌာန်ဖြင့် လည်းကောင်း အလောင်းတော်မြင်းမင်း၏ ပုံသဏ္ဌာန်ဖြင့်လည်းကောင်း အမျိုးပေါင်း ၅၀၀ ကျော်သော ရုပ်ပုံ များကို လမ်းဘေးနှစ်ဖက်၌ ပြုလုပ်ရန်ထွက်ကြွသွားလေသည်။ ထိုရုပ်ပုံအားလုံးကို လှပ ဆန်းကြယ်စွာ ဆေးအမျိုးမျိုးတို့ဖြင့် သုတ်လိမ်းခြယ်လှယ်ထားသောကြောင့် အသက်ရှိသော သတ္တဝါများကဲ့သို့ အောက်မေ့မှတ်ထင်ရလေသည်။ ထို့နောက်စွယ်တော်မြတ်ကို ပင့်ဆောင် ထုတ်ယူလာသော အခါ အမျိုးမျိုးသော မြတ်နိုးကော်ရော် ပူဇော်သက္ကာရများကို . ပြုတော်မူလျက် လမ်းမကြီး အလယ်တစ်လျှောက်မှ ခမ်းနားကြီးကျယ်စွာ ပင့်ဆောင်သွားကြလေသည်။

“အဘယဂိရိကျောင်းတိုက်ကြီး၏ ဘုရားကျောင်းကြီးသို့ ရောက်သောအခါ ရဟန်းတော်များနှင့် တိုင်းသူပြည်သား လူထုကြီးများစွာတို့သည် မွေ့ကြိုင်လှစွာသော နံ့သာမျိုး ငါးပါးတို့ကို မီးရှို့ခြင်း၊ မီးအိမ်၊ မီးခွက်များကို ညှိထွန်းပူဇော်ခြင်း စသည်တို့ဖြင့် ဗုဒ္ဓဘာသာ အယူဝါဒအား လျော်စွာ ကြီးကျယ်ခမ်းနားလှစွာသော ပူဇော်ပွဲ သဘင်ကြီး အမျိုးမျိုးတို့ကို နေ့ညဉ့်မစဲ

www.dhammaransi.com

သဲသဲ ရုတ်ရုတ် အား:ထုတ်ကျင်:ပ ပြုလုပ်ကြလေကုန်၏။ ရက်ပေါင်: ၉၀ ကာလပတ်လုံ: ကုန်လွန်စေ၍ ပူဇော်ပွဲကြီ: ဝဲချီ:ကျင်:ပပြီ:သည့်နောက် စွယ်တော်မြတ်ကို မြို့တွင်:ရှိ စွယ်တော်မြတ်ကိန်:ဝပ်တော်မူရာ ဗိမာန်အဆောက်အအုံကြီ:သို့ ပြန်လည်ပင့်ဆောင်ကြလေသည်။ ဥပုသ်နေ့အခါများ ပြည်သူတို့ စွယ်တော်ဓာတ်မြတ်ကို ဖူ:မြော်ပူဇော်ကြစေရန် ၄င်:အဆောက်အအုံ ဗိမာန်ကြီ:ကို ဖွင့်ထား:လေသည်"

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ:သည် ယခင်ကလည်: ပီကင်:မှ ဗုဒ္ဓ စွယ်တော်မြတ်၊ သီရိလင်္ကာမှ ဗုဒ္ဓစွယ်တော်မြတ်ကို ဖူ:ခွင့်ကြုံခဲ့ရဖူ:ပြီ၊ ကုသိုလ်ရခဲ့ကြပြီ ယခုတစ်ကြိမ် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံမှ ဗုဒ္ဓ၏ အထက်လက်ဝဲ စွယ်တော်မြတ်သည် မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီ အပူဇော်ခံဉီ:မည်။ ဖူ:မြော်ကုသိုလ်ဟ:လျက် ဗုဒ္ဓမြတ်တရာ:များ နှလုံ:သွင်:နိုင်ကြပါစေကုန်။

အကိုး:အကား:

(၁) ဖာဟီယန်ခရီ:စဉ် (အရှင်ဝိလာသ မြန်မာပြန်)။
(၂) ဗုဒ္ဓနောက်ပါ:မှ ကမ္ဘာ့လူသား:များ: (တက္ကသိုလ် မြတ်သူ)။
(၃) မြတ်ဗုဒ္ဓ ပုံတော်သမိုင်: (ဒုတိယတွဲ) ဆရာဝန်တင်ရွှေနှင့် ဒေါ်အေး:သန့်။

တက္ကသိုလ် မြတ်သူ

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော်နှင့် အနော်ရထာမင်း

ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သော အနိရုဒ္ဓါဒေဝ ခေါ် အနော်ရထာမင်းကြီးသည် သာသနာပြုမင်းဖြစ်သည်နှင့်အညီ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့ရာ ပေါက်ကံနေပြည်တော်တွင်သာမက တိုင်းနိုင်ငံတော်အတွင်း အနှံ့အပြား၌ ဗုဒ္ဓသာသနိက အဆောက်အအုံများဖြစ်သော စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ ဘုရား၊ တန်ဆောင်းများစွာကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ရဟန်း ရှင် လူပြည်သူတို့ အကျိုးငှာ ဆည်မြောင်း၊ ကန်ချောင်းတို့ကိုလည်း တူးဖော်ပြုပြင် မွမ်းမံခဲ့သည်။ နိုင်ငံတော်လုံခြုံရေးအတွက် ကင်းမြို့၊ ခံမြို့များကိုလည်း နယ်နိမိတ်တစ်လျှောက်၌ တည်ဆောက်ထားခြင်းဖြင့် နိုင်ငံတော်၏ ကာကွယ်ရေးအင်အား ခိုင်ဖိုးစေသည်။

ထိုမျှနှင့်အား မရသေးဘဲ ရပ်နီးရပ်ဝေးတိုင်းနိုင်ငံများနှင့် ရာဇမဟာမိတ်ပြု၍ ဆက်ဆံခဲ့ရာ နိုင်ငံတော်၏ ဖောက်ကားရောင်းဝယ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သာသနာရေးများတွင် များစွာ အကျိုးစီးပွား ဖြစ်ထွန်းလာခဲ့သည်။ အထူးသဖြင့် ဗုဒ္ဓသာသနာတော် ထွန်းကားသော ဂန္ဓာလရာဇ် စိန့်တိုင်း ခေါ် တရုတ်ပြည်ကြီးနှင့် သိဃိုဠ်ကျွန်း ခေါ် သီရိလင်္ကာနိုင်ငံတို့နှင့် သံတမန်ဆက်သွယ်၍ စီးပွား ကုန်သွယ်ရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုကိစ္စများ ဆောင်ရွက်ကြောင်းကို မြန်မာ့ကျောက်စာ၊ ရာဇဝင်မှတ်တမ်းများ၌ ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုနှစ်နိုင်ငံတို့၌ ဗုဒ္ဓမြတ်စွယ်တော်များ၊ ကိန်းဝပ်စံပယ်လျက်ရှိသောကြောင့် မြတ်စွယ်တော်များကို နေပြည်တော်သို့ ပင့်ဆောင်ပူဇော်နိုင်ရန် အနော်ရထာမင်းကြီးပမ်းမှုများကို မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲတွင် ဖော်ပြထားသည်။

ဂန္ဓာလရာဇ်တိုင်းဖြစ်သော တရုတ်ပြည်ကြီးရှိ ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်ရန် ရေကြောင်း၊ ကြည်းကြောင်းမှ ဆင်မြင်းဗိုလ်ပါအလုံးအရင်းနှင့် မြတ်စွယ်တော်ပင့်ဆောင်ရေးခရီးကို ဂန္ဓာလရာဇ် အရောက် ကိုယ်တော်တိုင် ပါဝင်ချီခဲ့ကြောင်း၊ ကျန်စစ်သားနှင့် ရွှေဖျင်း ညီနောင်တို့လည်း လိုက်ပါကြောင်း၊ တရုတ်ဘုန်းတော်ကြီးကို မြတ်စွယ်တော်ပင့်ဆောင်ရန် လာရောက်ကြောင်း လျှောက်ထားသောအခါ တရုတ်ဘုန်းတော်ကြီးက ကေရာဇ်ဥတိဘွား အား အကျိုးအကြောင်း မိန့်တော်မူကြောင်း၊ ထိုအခါမင်းနှစ်ပါးတွေ့ဆုံ၍ မြတ်စွယ်တော်ပင့်ဆောင်ရေးကိစ္စ ပြောကြကြောင်း၊ အနော်ရထာမင်းသည် ရတနာပန်းတောင်းကို ဦးခေါင်းတွင်ရွက်၍ မြတ်စွယ်တော်ကို ပင့်ဆောင်ရာ ကြွမလာဘဲရှိကြောင်း၊ မြတ်စွယ်တော်သည် ဂန္ဓာလရာဇ်တရုတ်ပြည်၌သာ ကိန်းဝပ်ရန် ဘုရားဗျာဒိတ် ရှိခဲ့ကြောင်း၊ မြတ်စွယ်တော်အစား မြတ်စွယ်တော်နှင့်အတူ ပူဇော်ထားသော မြဆင်းတုကို တရုတ်ကေရာဇ် ဥတိဘွားက အနော်ရထာမင်းသို့ ကိုးကွယ်ပူဇော်ရန် ပေးအပ်လိုက်ကြောင်း၊ မြဆင်းတုကိုပင့်ဆောင်လာခဲ့သောအနော်ရထာမင်းသည် ကျော့စည်အရပ်သို့ရောက်တော်မူလျှင် မင်းမှူထမ်းလစ်ဟင်းသောရွှေဖျင်းညီနောင်တို့ကို ဝါးရင်းတုတ်အရပ်၌ ကွပ်မျက်ကြောင်း၊ တောင်ပြုန်းအရပ်တွင် ဂူဘုရားတည်ပြီး ဆုတောင်းပြည့်ဟု သမုတ်ကြောင်း၊ နတ်ဖြစ်သွားကြသော ရွှေဖျင်းညီနောင်တို့အတွက် တောင်ပြုန်း၌ နတ်ကွန်းဆောက်ပေးပြီး ဒေသခံရွာများအား ကိုးကွယ်စေကြောင်း၊ ပေါက်ကံနေပြည်တော်သို့ ပြန်ရောက်သောအခါ မြဆင်းတုကို ရွှေနန်းတော်၌ထား၍ ကိုးကွယ်တော်မူကြောင်း မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာ ၂၅၉-၂၆၄ တွင် ဖော်ပြထားသည်။

www.dhammaransi.com

မြဆင်းတုကို မြန်မာမင်းတို့အဆက်ဆက် နန်းတွင်းမှာပင် ထိန်းသိမ်းကိုးကွယ်ခဲ့ကြသည်။ ၁၈၈၅ ခုနှစ်၊ သီပေါမင်း ပါတော်မူသွားသောအခါ မန္တလေး ရွှေနန်းတော်အတွင်းမှ နန်းစဉ်ဘုရားဆင်းတုတော်တို့ကို မန္တလေးမြို့၊ ရွှေကျီးမြင့်ဘုရားအတွင်းသို့ ပင့်ဆောင်ကိန်းဝပ်စေပြီး စောင့်ရှောက်ပူဇော်လာခဲ့သည်။ ယင်းတို့အနက် တရုတ်ဧကရာဇ်၏ ဥတိဘွားက အနော်ရထာမင်းအား ပေးအပ်လိုက်သော မြဆင်းတုလည်း ပါသည်။ ယခုအခါတွင် ရွှေချထားသောကြောင့် မြအဆင်းကို မမြင်ရတော့ပါ။ သို့သော် အောက်ခြေကို သေချာစွာဖူးပါက မြရည်ဝင်းနေသော ကျောက်စိမ်းဆင်းတုဖြစ်ကြောင်း တွေ့ရပါသည်။ ရွှေကျီးမြင့်ဘုရားသမိုင်းစာအုပ်တွင် အသေးစိတ်ဖော်ပြထားသည်။ တောင်ပြုန်း၌ နှစ်စဉ် ဝါခေါင်လတွင် ကျင်းပသော တောင်ပြုန်းမင်းညီနောင် နတ်ပွဲအပြင် နတ်တော်လတွင်ကျင်းပသော စစ်တော်ထွက်နတ်ပွဲနှင့် တပေါင်းလတွင်ကျင်းပသော စစ်တော်ပြန်နတ်ပွဲများလည်း ကျင်းပသေးရာ ဂန္ဓာလရာဇ်သို့ မြတ်စွယ်တော်ကို ပင့်ဆောင်ရန် အနော်ရထာမင်း၌ ခြီသော စစ်တော်ထွက်နှင့် မြတ်စွယ်တော်အစား မြဆင်းတုကို ပင့်ဆောင်ပြန်လာသော စစ်တော်ပြန် အထိမ်းအမှတ် နတ်ပွဲများဖြစ်သည်။

ဂန္ဓာလရာဇ်ပြည်ကြီးမှ မြတ်စွယ်တော် ပင့်ဆောင်မရသော်လည်း ဗုဒ္ဓမြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်ကို ပင့်ဆောင်ပူဇော်ထိုက်သည် ဟူသော အတိတ်တဘောင် စကားအရ အနော်ရထာမင်းသည် ရေအား၊ ကြည်းအား နှင့် သရေခေတ္တရာသို့ ခြီတော်မူပြီး ဒွတ္တပေါင်မင်းကြီး တည်ထားသော စေတီတွင်းမှ မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်ကို ပင့်ယူပြီး ရတနာပြာသာဒ်နှင့် ဆင်ဖြူတော်တွင်တင်ကာ နေပြည်တော်သို့ဆောင်ယူခဲ့သည်။ မင်းဆရာတော်ရှင်အရဟံနှင့်တိုင်ပင်၍ စေတီတည်ရန်စီစဉ်ရာ၌ မွေတော်မြတ်ကိန်းဝပ်တော်မူလိုသောအရပ်တွင် ဆင်ဖြူတော်ဝပ်စေသားဟု အဓိဋ္ဌာန်ပြု၍ နဖူးသင်းကျစ်တော်တင်ထားသောဆင်ဖြူတော်ကိုလွှတ်ရာ ယနေ့ ရွှေစည်းခုံဘုရား တည်ရှိရာ သဲခုံတွင် ဝပ်သည်။ သက္ကရာဇ် ၄၂၁ ခုနှစ် (အေဒီ ၁၀၅၉) တွင် ရွှေစည်းခုံစေတီစတည်ပြီး နဖူးသင်းကျစ်တော်ကို ဌာပနာသည်။ ပစ္စယာသုံးဆင့်အထိ တည်ပြီးနောက် သိဃိုဠ်ကျွန်းမှ မြတ်စွယ်တော်ကို ပင့်ဆောင်ပူဇော်ရန် ဆန္ဒဖြစ်လာသည်။ မင်းဆရာတော် ရှင်အရဟံနှင့် တိုင်ပင်ပြီး သံတမန်ရေးရာ၌လိမ္မာသောအမတ်တစ်ဦးကိုခေါင်းဆောင်စေကာ သိဃိုဠ်မင်းအတွက်ဆင်ဖြူတော် တစ်စီးနှင့် လက်ဆောင်တော်များသယ်ဆောင်သော သံအဖွဲ့ကို စေလွှတ်လိုက်သည်။

သိဃိုဠ်မင်း မာတုသေနသည် အနော်ရထာမင်း၏သံအဖွဲ့ကို ကောင်းစွာလက်ခံပြုစုတော်မူသည်။ ဆင်ဖြူတော်နှင့် လက်ဆောင်တော်များ ပေးအပ်ပြီး လာရသောအကြောင်းရင်းကို အနော်ရထာမင်း သံတော်များက လျှောက်တင်ကြသောအခါ မာတုသေနမင်းသည် ဝမ်းမြောက်ဝမ်းသာနှင့် မြတ်စွယ်တော်ကျောင်းတော်သို့ သွားရောက်ပြီး ပူဇော်မိဋ္ဌာန်းကာ ရတနာပန်းတောင်းကို ဦးခေါင်းပေါ်တွင်ရွက်၍ပင့်ရာ စွယ်တော်ဟာ:တစ်ဆူ ကြွလာကိန်းဝပ်သည်။ ရတနာပြာသာဒ်တွင်တင်ပြီး သိဃိုဠ်မင်း ပင့်ဆောင်လာ၍ ရေ လည်တိုင်မြှုပ်သည်အထိ ရေတွင်ဆင်းကာ သင်္ဘောပေါ်အရောက် ပို့ဆောင်ပေးသည်။ စွယ်တော်ဟာ:ကိုပင့်ဆောင်လာသောသင်္ဘောသည် လောကနန္ဒာဆိပ် (သီရိပစ္စယာ၊ ကျောက်စကား:အရပ်သင်္ဘောဆိပ်) သို့ ခုနှစ်ရက်အတွင်း ဆိုက်ရောက်လာသည်။ အနော်ရထာမင်းကြီးသည် “ပုလဲပြုံး” အမည်ရှိ ဆင်ဖြူတော်ကိုစီးကာ မင်းခမ်းမင်းနား နှင့် စွယ်တော်ကြိုရန် ဆိပ်ကမ်းသို့ရောက်လာသည်။ မင်းကြီးကိုယ်တိုင် လည်တိုင်ရေမြှုပ်သည်အထိ

www.dhammaransi.com

မြစ်တွင်းဆင်းခြင်း ရတနာပန်းတောင်း ဦးခေါင်းတွင်ရွက်ကာ မြတ်စွယ်တော်ဟူးကို ရွှေနန်းတော်အရောက် ပင့်ဆောင်လာသည်။ ရွှေနန်းတော်၌ ရတနာပြာသာဒ်ဝယ် ကိန်းဝပ်တော်မူစေပြီး နေ့ညမပြတ် ပူဇော်နေသည်။

မင်းဆရာတော် ရှင်အရဟံက သာသနာငါးထောင်တိုင် လူ နတ် ဗြဟ္မာတို့ ကိုးကွယ်စေရန် စေတီတည်ဌာပနာရန် အကြံပေးတော်မူသောကြောင့် မြတ်စွယ်တော်ဟူးကို ရတနာဆင်ဖြူတော်၌ တင်ပြီး ကိန်းဝပ်လိုသော အရပ်၌ ဆင်ဖြူတော် ဝပ်စေသားဟု အဓိဋ္ဌာန်ပြု လွှတ်လိုက်ရာ တည်ဆောက်ဆဲ ရွှေစည်းခုံစေတီတွင် ဝပ်သောကြောင့် ထိုစေတီ၌ မြတ်စွယ်တော်ဟူးကို ဌာပနာသည်။ ထိုစေတီ၌ မင်းကြီးအဓိဋ္ဌာန်ပြုပြန်၍ ဟူးလာသောမြတ်စွယ်တော်ကို ဆင်ဖြူတော်တွင် တင်၍ လွှတ်ပြန်သောအခါ ဧရာဝတီမြစ်ကိုကူးသွားပြီး တန့်ကြည့်တောင်ထိပ်၌ဝပ်သည်။ ထိုတောင်ထိပ်၌ စေတီတည်၍ မြတ်စွယ်တော်ဟူးကို ဌာပနာပြန်သည်။ တန့်ကြည့်တောင်စေတီ၌ မင်းကြီးအဓိဋ္ဌာန်ပြုပြန်သောအခါ မြတ်စွယ်တော်တစ်ဆူ ဟူးလာပြန်သည်။ ဆင်ဖြူတော်၌တင်၍ လွှတ်သောအခါ လောကနန္ဒာဆိပ်ကမ်းတောင်ထိပ်ပေါ်၌ ဝပ်သောကြောင့် ထိုနေရာတွင် စေတီတည်၍ ဌာပနာသည်။ ထိုစေတီတွင် မင်းကြီးအဓိဋ္ဌာန်ပြုပြန်ရာ မြတ်စွယ်တော်တစ်ဆူ ဟူးလာပြန်သည်။ ဆင်ဖြူတော်တွင်တင်၍ လွှတ်ပြန်ရာ တုရင်တောင်ထိပ်၌ ဝပ်သောကြောင့် ထိုတောင်ထိပ်တွင် စေတီတည်ကာ ဌာပနာပြန်သည်။ ဤစေတီ၌ မင်းကြီးအဓိဋ္ဌာန်ပြုပြန်သောအခါ စွယ်တော်တစ်ဆူ ထပ်ဟူးလာရာ ဆင်ဖြူတော်တွင်တင်၍ လွှတ်ပြန်သည်။ ကျောက်ဆည်ရွှေသာလျောင်းတောင်၌ ဆင်ဖြူတော် ခေတ္တလျောင်းနေပြီးမှ ခရွှေတောင်ထိပ်သို့တက်သည်။ ထိုမှပြက်တောင်ထိပ်သို့ လာ၍ ဝပ်သည်။ ထိုတောင်ထိပ်၌ စေတီတည်၍ ပဉ္စမစွယ်တော်ဟူးကို ဌာပနာတော်မူသည်။

ဗြိတိသျှသမိုင်းဆရာ ဂျီအီးဟာဗေး ၁၉၂၅ ခုနှစ်က ရေးသားပြုစုသော မြန်မာ့သမိုင်းစာအုပ်စာမျက်နှာ ၃၂၊ ၃၃ တွင် အနော်ရထာမင်းပင့်ဆောင်သော သီဟိုဠ်မြတ်စွယ်တော်ဟူးနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြထားသည်။

“ထိုအချိန်က သီဟိုဠ်နိုင်ငံသည် အိန္ဒိယတိုက်ငယ်မှ ဝင်ရောက်တိုက်ခိုက်ခြင်း အန္တရာယ်နှင့် ကြုံနေရသည်။ သီဟိုဠ်၌ ဗုဒ္ဓဘာသာ ကျဆင်းမှေးမှိန်နေချိန်ဖြစ်သည်။ သီဟိုဠ်မင်း ပထမမြောက် ဝိဇယဘာဟုသည် မဒရပ်မှ ချိုလာလူမျိုးတို့ တိုက်ခိုက်မှုခံနေရသောကြောင့် အနော်ရထာမင်းထံသို့ သဘော်နှင့်သံစေပြီး စစ်ကူတောင်းသည်။ သီဟိုဠ်ဗုဒ္ဓသာသနာညှိုးနွမ်းနေရာ ကံကြီးဆောင်ရန် အတွက် ရဟန်းတော်ဦးရေ လုံလောက်စွာပင် မရှိတော့သောကြောင့် သီဟိုဠ်မင်းသည် အေဒီ ၁၀၇၁ ခုနှစ်တွင် အနော်ရထာမင်းထံ သံမှာစေလွှတ်ပြီး ဗုဒ္ဓကျမ်းစာများနှင့် သာသနာပြုရဟန်းတော်များ စေလွှတ်ပေးပါရန် တောင်းခံလာသည်။ အနော်ရထာမင်းသည် ဝမ်းမြောက်ဝမ်းသာ ပိဋကတ်တော်များ ပေးလှူခြင်း၊ သာသနာပြုရဟန်းတော်များ စေလွှတ်ခြင်းအပြင် ဆင်ဖြူတော်တစ်စီးကိုပါ သီဟိုဠ်မင်းအတွက် လက်ဆောင်ပေးလိုက်သည်။ သီဟိုဠ်၌ ကိန်းဝပ်နေသော ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်ပူဇော်လိုပါကြောင်းကိုလည်း သံစာပါးလိုက်သည်။ အနော်ရထာမင်း၏သံတို့သည် မြတ်စွယ်တော်ကို ပင့်မရကြပါ။ စွယ်တော်ဟူးတစ်ဆူကိုသာ ပင့်ဆောင်ပြန်ခဲ့ကြသည်။

www.dhammaransi.com


မြတ်စွယ်တော်ဟူးကို ရတနာရွှေကြုတ်တွင် ကိန်းဝပ်စေပြီး သဘော်နှင့် ပင့်ဆောင်လာကြသည်။ ပင့်လယ်ခရီးကို ဖြတ်ကျော်လာပြီး ဧရာဝတီမြစ်မှ ဆန်တက်လာကြသည်။ ပုဂံရွှေမြို့တော်၏ အောက်သုံးမိုင်အကွာ လောကနန္ဒာဆိပ်သို့ ဆိုက်ရောက်လာသောအခါ အနော်ရထာမင်းမှအစ ရွှေမြို့တော်တစ်ခုလုံး ဆိပ်ကမ်းသို့ဆင်း၍ ကြိုဆိုပူဇော်ကြသည်။ အနော်ရထာမင်းသည် လည်တိုင်ရေမြုပ်သည်အထိ မြစ်တွင်းသို့ဆင်းကာ စွယ်တော်ဟူးကိန်းဝပ်ပါလာသော ရတနာရွှေကြုတ်ကို မိမိဦးခေါင်းထိပ်တွင် တင်ယူ၍ ရတနာပြာသာဒ်တင် စံကျောင်းတော်အထိ ပင့်ဆောင်သွားသည်။

အေဒီ ၁၀၅၉ ခုနှစ်က စတင်တည်သော အနော်ရထာမင်းကုသိုလ်တော် ရွှေစည်းခုံစေတီတွင် သရေခေတ္တရာမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွာဘုရား၏ ညာပ်ရိုးတော်၊ နဖူးသင်းကျစ်တော်နှင့် သီဟိုဠ်မှ စွယ်တော်ဟူးများကို ဌာပနာထားသည်။

၁၉၇၅ ခု၊ ဇူလိုင်လ ၈ ရက်၊ အင်္ဂါနေ့၊ ညနေ ၆ နာရီကျော်တွင် ပြင်းထန်သောမြေငလျင် ပုဂံတွင် လူပ်သောကြောင့် ပုဂံရွာဟောင်း အဆောက်အအုံများ ထိပါးပြိုကျကြသည်။ လောကနန္ဒာစေတီကြာမှောက်ကြာလန်နှင့် ခရားသီးများပြိုကျရာတွင် ပေါ်လာသော ဌာပနာပစ္စည်း ၁၅ မျိုးကို တွေ့ရသည်။ ကျောက်ကြုတ်၊ ကြေးသတ္တုရောကြုတ်၊ ကြေးနီကြုတ်၊ ငွေကြုတ်၊ ရွှေကြုတ် အဆင့်ဆင့်ထည့်ထားရာ ရွှေကြုတ်အတွင်း၌ ဆီးညိုရောင်ရှိသောသွားပုံတစ်ဆူကိုဖူးတွေ့ရသည်။ အနော်ရထာမင်းဌာပနာထားခဲ့သော စွယ်တော်ဟူးဟု ယူဆကြသည်။ ရွာဟောင်းသုတေသန ဦးစီးဌာန၊ ပုဂံရွာဟောင်းသုတေသနပြတိုက်ရုံးခန်းအတွင်း၌ နှစ်နှစ်နီးပါး ရဟန်း ရှင် လူတို့ ဖူးမြော်နိုင်ရန် စွယ်တော်ဟူးနှင့် ဌာပနာပစ္စည်းများကိုပြသထားပြီး နောက် ၁၉၇၇ ခုနှစ်၊ သြဂုတ်လ ၁၉ ရက်နေ့တွင် ဂေါပကအဖွဲ့ဝင်များအားလုံးထံ ပြန်အပ်နှံခဲ့ရာ လောကနန္ဒာစေတီ ပြုပြင်ပြီး၍ ထိုစေတီမှာပင် ပြန်လည်ဌာပနာလိုက်ပါကြောင်းကို မင်းဘူးအောင်ကြိုင် ရေးသားပြုစုသော လောကနန္ဒာဘုရားသမိုင်းစာအုပ်တွင် ဓာတ်ပုံများနှင့် ဖော်ပြထားပါသည်။

ဒေါက်တာ ခင်မောင်ညွန့်

www.dhammaransi.com



(တေးထပ်)

မြတ်စွယ်တော် နေမမီတစ်မျှ မွေသရီရ မြင့်အခေါင်
ရွေညီခပင့်ဆောင်သည် တင့်အရောင် စံရွှေနန်း၊
မြန်ပြည်အဝှန်း၌ အဖူးမြော်ခံသည်
အကျူးအကျော် ထူးတည့် အံမခန်း။

ဂန္ဓာရတိုင်းမှ မဆိုင်းပါ့သေချာ ဒေသစာရီ ဖြန့်ချီကြွစွာနှင့်
ပြည်မြန်မာဆီ ဓာတ်တော်လွှင့်ပါလို့ မပြတ်မျှော်လင့်သမျှ ခေတ္တစံပယ်၊
ထေရဝါဒီ သာသနာထွန်းတဲ့ မြန်မာကွန်းမှာဖြင့် ထူးတင့် ဖူးခွင့်ကြုံတောတယ်။

မြန်ပြည်သား၊တို့ ထွတ်ဖျား၊ပူဇော် ညွတ်တွား၊ကူပျော် စွယ်တော်စစ်ကိုဖြင့်
ရွယ်ဖော်အဆင့်ဆင့် အနှစ်ဖြင့်သဒ္ဓါဆင် ဖွင့်လှစ်ပဏ္ဏာတင်။

မြန်နယ်အဝန်း ငြိမ်းချမ်းသာနေ
စိမ်းလန်းပါသလေ မြတ်စွယ်တော် တန်ခိုးပေကြောင့်လေး။

မြန်ပြည်တစ်ရိုး ပြည်ဖြိုးဝေဆာ
ရွှေမိုးစွေဖြာ မြတ်စွယ်တော် တန်ခိုးပေကြောင့်လေး။

မြန်မာဘေးမသန်း အေးချမ်းပြီနော်
မဝေးစခန်းရည်မျှော် (မချာပင် လျှမ်းတော့မှာမို့
ကမ္ဘာတစ်ခွင် စခန်းမှာလ အဟုန်ဓာတ် ရယ်ကျော် ဂုဏ်ဒြပ်ထည်မော်) မြတ်စွယ်တော်
တန်ခိုးတော်ကြောင့်လေး။

ရေးသားပူဇော်သူ – ဘုန်းမြင့်ကျော် (အဝေးသင် တက္ကသိုလ်)
သီဆိုပူဇော် – သင်းသင်းမြတ်
စန္ဒရား – ထိပ်တင်ဝင်း၊ အသံဖမ်း– တေးညွှန့်
ဝမ္မဒါန – နဝဗုဒ္ဓဂုဏ မာမက သာသနာပြု ပါရမီရှင်များ။

www.dhammaransi.com

ဗုဒ္ဓဓွယ်တော်မြတ်၏ တန်ခိုးတော် အနန္တ

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော သုံးလောကထွတ်ထား သမ္မာသမ္ဗုဒ္ဓဘုရား သည် အနုပါဒိသေသ နိဗ္ဗာန်သို့ ကြွမြန်းစံဝင်တော်မူခဲ့သည်မှာ နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်လွန်ခဲ့ပြီ။ ရှင်တော်မြတ်မျာ၏ ကြွင်းကျန်ရစ်သော ဓာတ်တော်မွေတော်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဓာတုစေတီတော်များအဖြစ် ကိုးကွယ်လျက်ရှိကြသည်။

ထိုဓာတ်တော်မွေတော်များသည် မည်သို့တန်ခိုးကြီးပုံကို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ သိရှိကာ သဒ္ဓါဆပွား ကြည်ညိုအား သန်ကြစေရန် ရည်သန်၍ ဒါဋ္ဌာဓာတုဝင်ကျမ်းမှ ထုတ်နုတ်တင် ပြလိုပါသည်။

လူသုံးပါးတို့၏ ထွတ်ဖျား သရဖူဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်တော် မူပြီးနောက် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို တေဇောဓာတ် လောင်ကျွမ်းနေဆဲအချိန်မှာပင် စွယ်တော်တစ်ဆူသည် ကလိင်္ဂပြည့်ရှင် ဘုရင်ဗြဟ္မဒတ်မင်းထံသို့ ကြွရောက်တော်မူခဲ့၏။ ထိုသို့ ရောက်ရှိသွားခြင်းမှာ ဓမ္မသေနာပတိဖြစ်တော်မူသော ရှင်သာရိပုတ္တရာ၏ တပည့်တစ်ပါးဖြစ်သည့် ခေမ ရဟန္တာအရှင်မြတ်က မီးလျှံကြားသို့ ဝင်ရောက်ပင့်ဆောင်ခဲ့သည့်အတွက် ဖြစ်ပေသည်။

ကလိင်္ဂမင်းမှာ စွယ်တော်မြတ်ကို ယခုကဲ့သို့ ကိုးကွယ်ခွင့်ရလိမ့်မည်ဟု အိမ်မက်သော်မျှ မမက်ဖူးချေ။ ယခုကဲ့သို့ မမျှော်လင့်ဘဲ ဖူးမြော်ကိုးကွယ်ခွင့်ရသောအခါဝမ်းမြောက်ဝမ်းသာ သဒ္ဓါအား ကြီးစွာဖြင့် ကိုးကွယ်ပူဇော်တော့သည်။ စွယ်တော်မြတ်ကို မိုးထိမြင့်မားသော ရွှေကျောင်းတော်ကြီး ဆောက်လုပ် ပူဇော်သည်။ စွယ်တော်မြတ်ကိန်းဝပ်တော်မူရန်အတွက် ရတနာကိုးပါး စီခြယ်သော နဝရတ်ကြူတော်ပြုလုပ်ပြီး ထိုကြူတော်ကို ရတနာခုနစ်ပါးဖြင့် မွမ်းမံထား သည့် သလွန်တော်ပေါ်၌ ထား သည်။

ကလိင်္ဂပြည့်ရှင် ဗြဟ္မဒတ်မင်း နတ်ရွာစံပြီးနောက်တွင် သား တော်အစဉ် မြေးတော်အဆွန့် မြစ်တော်အဆက်မျာ ဆက်လက်စိုးစံကြသည်။ ထိုမင်းမျာမှာ ကလိင်္ဂရာဇာနှင့် နန္ဒာဘုရင်၊ ဂုဟသီဝ ဘုရင်တို့ ဖြစ်သည်။ ထိုမင်းသုံးပါးအနက် တတိယဘုရင်ဖြစ်သော ဂုဟသီဝမင်းမှာ ရတနာသုံးပါး၌ ယုံကြည်သဒ္ဓါအား ကြီးမားသောမင်းဖြစ်ပေသည်။ သို့အတွက် ဗုဒ္ဓသာသနာတော်၏ ဆန့်ကျင်ဘက် ဖြစ်သော နိဂဏ္ဌ တက္ကတွန်းတို့အား ဆန်ကျုံးတစ်စေ့သော်မျှ မစွန့်ကြဲချေ။

ထိုကဲ့သို့ ဘုရင်ကလည်း မလှူ၊ ပြည်သူကလည်း မကြည်ဖြူသောအခါ တက္ကတွန်းတို့မှာ အငတ်ငတ် အပြတ်ပြတ်ဖြင့် တစ်ထည်စုတ်၍ တစ်ထည်လဲစရာမရှိသည့် အခြေသို့ဆိုက်ရောက်လာ ကြ၏။ သို့ဖြင့် ပါဋလိပုတ်ပြည်သို့ ထွက်ပြေးကြလေ၏။

ပါဋလိပုတ်ပြည်တွင်မူ တက္ကတွန်းတို့အား စွန့်ကြဲပေးကမ်းမည့်သူရှိသည်။ သူတို့သည် သူတို့အား ကိုးကွယ်သူမျာ၏ တစ်ဆင့် မင်းပါးစုံးခွင်ဝင်ဆဲအောင် ကြိုးစားကြသည်။ မင်းနှင့်ရင်းနှီးသော အခါ ဂုဟသီဝမင်းမကောင်းကြောင်းမျာ လျှောက်တင်ကြတော့သည်။ တက္ကတွန်းမျာ အဓိက ရန်ညှိုးထားသောအရာမှာ စွယ်တော်မြတ်ဖြစ်သည်။

www.dhammaransi.com

ပါဠလိပုတ်ဘုရင်မှာ စစ်အင်အား ကြီးမားသော ဘုရင်ဖြစ်စေကာမူ ဆင်ခြင်တွေးတော တတ်သော ဉာဏ်ပညာအင်အား အရာတွင်မူ ချည့်နဲ့လှသည်။ သို့အတွက် ကလိင်္ဂပြည်ကို ချေမှုန်းရန် စစ်အင်္ဂါလေးပါးဖြင့် ဒေါသတကြီး ချီတက်လာ၏။ ကလိင်္ဂပြည်မှာ ပါဠလိပုတ်ဘုရင်ထင်သကဲ့သို့ ထောင်ထားခြားနားရန် တစ်စုံတစ်ရာပြင်ဆင်ထားခြင်းမရှိ။ ဂုဟသီဝမင်းနှင့် မိဖုရားတို့ကလည်း လက်ဆောင်တော်များဖြင့် ထွက်၍ကြိုဆိုကြသည်။ ပါဠလိပုတ်ဘုရင်ကို ရွှေနန်းတော်သို့ ပင့်ဆောင်သွားပြီး ကြီးကျယ်ခမ်းနားစွာ လုပ်ကျွေးပြုစုကြပြန်သည်။

ပါဠလိပုတ်ပြည့်ရှင် ပဏ္ဏာရာဇာမှာ အမျက်ဒေါသတွေ ပြေပျောက်ကာ အကျေနပ်ကြီး ကျေနပ်နေစဉ် ဗုဒ္ဓစွယ်တော်မြတ် သီတင်းသုံးရာ ရွှေကျောင်းတော်ကြီးကို တွေ့မြင်သွားပြန်သည်။ စွယ်တော်ဓာတ်မြတ်ကို တက်ရောက်ဖူးမြော်စဉ် ဂုဟသီဝမင်း တရားဟောသည့်အတွက် ပါဠလိပုတ်ပြည့်ရှင်မင်းမှာ မိစ္ဆာဒိဋ္ဌိပါပိဝါဒဗာလတရားများ ပျောက်ကွယ်၍ ရတနာသုံးပါးအား ယုံကြည်ကိုးကွယ်သူဖြစ်လာလေ၏။ ထိုဘုရင်သည် ကလိင်္ဂပြည်မှ မခွာ စွယ်တော်ကျောင်းတွင်သာ အချိန်ကုန်နေသောအခါ ပါဠလိပုတ်ပြည်ရှိတက္ကတွန်းများသည် လူဆိုး လူသွမ်းယောင်ဆောင်ကာ လုယက်ဖျက်ဆီးသဖြင့် ပဏ္ဏာရာဇာမင်းမှာ တိုင်းပြည်သို့ ဆောလျင်စွာ ပြန်ခဲ့ရလေသည်။

ပါဠလိပုတ်ပြည့်ရှင် ပဏ္ဏာရာဇာမင်းသည် မိမိတိုင်းပြည်တွင် စံမြန်းရသည်မှာ ကြာညောင်းလာသောအခါ စွယ်တော်ဓာတ်မြတ်ကို ဖူးမြင်လိုစိတ် ပြင်းပြလာသည်။ စွယ်တော်မြတ်ကိုပင့်ဆောင်၍ ကလိင်္ဂမင်းနှင့် မိဖုရားအား အလည်အပတ်ကြွရောက်ပါရန် ဖိတ်ကြားလိုက်တော့သည်။ ထို့ကြောင့် ဂုဟသီဝမင်းသည် စွယ်တော်ဓာတ်မြတ်ကို ပါဠလိပုတ်ပြည်သို့ ကိုယ်တော်တိုင် ပင့်ဆောင်လာခဲ့သည်။ ပါဠလိပုတ် ပြည်သူပြည်သားများက ကြိုးကျယ်ခမ်းနားစွာ ကြိုဆိုကြသည်။

စွယ်တော်ဓာတ်မြတ်ကို အလွန်ကြိုးကျယ်စွာ ကြိုဆိုရုံမက ပြည်သူအပေါင်းကလည်း ညွတ်ပျောင်းခယ ပူဇော်ကြပြန်သောအခါ တက္ကတွန်းများနှင့် ယင်းတို့၏သြဇာခံမိဖုရားများမှာ မနာလိုခြင်းကြီးစွာ ဖြစ်ကြရသည်။

ဘုရင်အား သေရည်များတိုက်ကာ စွယ်တော်ဓာတ်မြတ် ပျက်စီးရာပျက်စီးကြောင်း စကားများဖြင့် ကုန်းချောကြသည်။ လူစိတ်ပျောက်နေသော ပဏ္ဏာရာဇာမင်းလည်း "ဤသူသေအရိုးကို အလျှံငြိမ်းပြီးဖြစ်သော မီးကျီးစုဌ် ပစ်ချစေ" ဟု အမိန့်ပေးလေ၏။

တက္ကတွန်းတို့လည်း ဝမ်းသာအားရဖြင့် နန်းတော်ရှေ့တွင် တွင်းကြီးတစ်တွင်းတူးသည်။ ကျစ်မာသော အသားများကိုထည့်ကာ မီးရှို့ကြသည်။ မီးတောက်မီးလျှံများရပ်စဲသွားလျှင် ရဲရဲညီသော မီးကျီးစုချည်းသာ ကျန်ခဲ့သည်။ တက္ကတွန်းတို့သည် ဗုဒ္ဓစွယ်တော်မြတ်ကို ထိုမီးကျီးတွင်းထဲသို့ ပြစ်ချလိုက်ကြလေ၏။

သယမ္ဘူထိပ်ရင်းတရားမင်း၏ ကိုယ်တွင်းတော် ဓာတ်စွယ်တော်မြတ်မှာ မီးကျီးခဲများ၏ ဝါးမျိုခြေဖျက်မှု မခံရပါ။ အလျှံပြောင်ပြောင်မီးကျီးခဲများထဲမှ ကြာပွင့်ကြီးတစ်ပွင့် ပေါ်လာသည်။ ကြာပွင့်ကြီးမှာလည်း ဘီးခန့်ကြီးမားသည်။ ဝတ်မှုန်ဝတ်ဆံတို့ဖြင့်တင့်တယ်သော ကြာပွင့်ကြီးပေါ်တွင် စံပယ်တော်မူလျက် စွယ်တော်ဓာတ်မြတ်မှာ တစ်ခဏက် ရောင်ခြည်တော်များကွန့်မြူးထွက်ပျံလာလေ၏။

www.dhammaransi.com

ပါဠိလိပုတ်တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ကာ စွယ်တော်ဓာတ်မြတ်ကို ရင်သပ်ရှုမော အံ့သြကြီးစွာဖြင့် ပူဇော်ရှိကျိုးရှစ်ခိုးကြငှာ ပဏ္ဏာရာဇာ မင်းမှာ အမူးမပြေသေးသဖြင့် သတိမရ၊ စွယ်တော် ဓာတ်မြတ်ကို ပေပေါ်တင်ပြီး ထုခွဲဖျက်စီးပစ်စေဟု အမိန့်သစ်ထုတ်ပြန် ပြန်လေ၏။

တက္ကတွန်းတို့မှာ ကြံရာမရ ဖြစ်နေကြရာက အမိန့်သစ်ကိုရလျှင်ရခြင်း ကြီးမားသော ပေကြီးတစ်လုံးကို ဝမ်းပမ်းတသာဖြင့် သယ်ယူလာကြသည်။ စွယ်တော်မြတ် မရွှေ့မချော်စေရန် ညှပ်ဖြင့် ညှပ်ထားလျက် ပေပေါ်တင်ကာ အား၌ပါး၌ထုချလိုက်ကြတော့သည်။ အသမ္ဘိန္နဓာတ်စွယ်တော်မြတ်ကား မကြေမွ၊ မပျက်စီး၊ မာကျောသော သံတုံးကြီးသာ ခွက်ဝင်သွားသည်၊ စွယ်တော်ဓာတ်မြတ်မှာ ပေထဲတွင်ထက်ဝက်မြုပ်လျက် ရောင်ခြည်တော်များ ကွန့်မြူးမြဲ ကွန့်မြူးနေတော်မူသည်။

စွယ်တော်မြတ်ကို ပေထဲမှ မည်သို့မျှ ဆွဲထုတ်၍ မရသည့်အဆုံးတွင် မဏ္ဍာရာဇာသည် စွယ်တော်မြတ်ထွက်လာအောင် လုပ်နိုင်သူအား ဆုလာဘ်ပေးသနားမည်ဟု ကြေညာရလေ၏။ သို့အတွက် ဘုရင့်ရှေ့တော်မှောက်သို့ ရောက်ရှိလာသူမှာ ဗုဒ္ဓဘာသာသူတော်စင် သုဘဒ္ဒါလုလင်ပေတည်း။ သူသည်စွယ်တော်မြတ်အား ရိုသေစွာ ရှစ်ခိုးလျက် မြတ်စွာဘုရား၏ ပါရမီတော်ဆယ်ပါးကို နှလုံးသွင်းကာ ရွတ်ဆိုပူဇော်သည့်ခဏတွင် စွယ်တော်မြတ်သည် ပေထဲမှ ပြန်ကြွကာ ကောင်းကင်တွင် ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ထွန်းလင်းတည်နေပြီးမှ သုဘဒ္ဒါ၏ ဦးခေါင်းထက်၌ ကိန်းဝပ် စံပယ်တော်မူ၏။

ပဏ္ဏာရာဇာဘုရင်နှင့် တက္ကတွန်းတို့ကား အမှားကိုမမြင်ကြသေး။ တွင်းကြီးတစ်တွင်းတူးသည်။ စွယ်တော်မြတ်ကို ပြစ်ချပြီး မြေဖို့သည်။ မြေမာစေရန်ဆင်ဖြင့်နင်းသည်။ သို့ပါလျက်နှင့် မြေကြီးထဲမှ ကြာပွင့်ကြီးတစ်ပွင့် ထွက်ပေါ်လာသည်။ ကြာပွင့်ပေါ်တွင်မူ ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာ စံမြန်းနေသောမြတ်စွယ်တော် ဖူးမြင်ရသော ပြည်သူအပေါင်းမှာ စွယ်တော် ဓာတ်မြတ်အား ကြည်ညိုပြီးရင်းကြည်ညို သဒ္ဓါပိုမို ယုံကြည်မြတ်နိုးလာကြသည်နှင့်အမျှ တက္ကတွန်းများအား မုန်းတီးလာကြသည်။ ရိုက်မောင်းပုတ်မောင်းလုပ်ကြတော့သည်။ ထိုသည်ကြားမှပင် တက္ကတွန်းများသည် စွယ်တော်ဓာတ်မြတ်များကို လုယူထွက်ပြေးသည်။ ရေပုတ်အိုင်ကြီးထဲသို့ ပစ်ချလိုက်ကြသည်။ ရေအိုင်ကြီးမှာ မြင်မကောင်းရှုမကောင်းအောင် အညစ်အကြေးအပုပ်အစပ်ဖြင့် ပြည့်နှက်နေသည်။ မကောင်းသော အနံ့အသက်တွေထောင်းထောင်းထနေသည်။ သို့သော် ထိုရေဆိုးအိုင်ထဲသို့ စွယ်တော်ဓာတ်မြတ် ရောက်သွားလျှင်ရောက်သွားချင်း ရေအိုင်၏သွင်ပြင်မှာ တစ်မဟုတ်ချင်း ပြောင်းလဲ သွားတော့သည်။

စက်ဆုပ်ဖွယ်ရေအိုင်သည် ကြာမျိုးငါးပါးဖြင့်ပြည့်စုံသော မင်္ဂလာရေကန် ဖြစ်သွားလေသည်။ ဝမ်းဘဲ၊ ဟင်္သာ၊ ကြိုးကြာ၊ ပိန်ညင်း၊ သောင်တင်းခေါ်ဆို မယ်ညို၊ ဇီဝဇိုး၊ ဖိုးခေါင်ညိုးညဲ၊ ဝဲပျံအုန်းအုန်းပျာပိတုန်းတို့ ရွှန်းရွှန်းရစ်လည် အေးကြည်မြန္မယ် ကြာရနံ့ကြွယ်သောကြောင့် နှစ်သက်ဖွယ်ချည်းဖြစ်နေချေသတည်း။

"သြော်–သက်မဲ့သရီရဓာတ်တော် စွယ်တော်မြတ်တောင် ဒါလောက်တောင်တန်ခိုးကြီးရင် သက်တော်ထင်ရှားမြတ်စွာဘုရားဆိုပါက ဘယ်လောက်တန်ခိုးအာနုဘော်ကြီးမားလိုက်မတုံး"

www.dhammaransi.com

လူအများမှာ ဝမ်းမြောက်ရွှင်ပြုံးစွာဖြင့် ကြာအိုင်ကြီးကို ရှစ်ခိုးပူဇော်ရင်း ချီးကျူးရင်း ရှုကြ၏။ ဤသည်နှင့်အမျှ မြို့သူမြို့သား၊တို့၏ တက္ကတွန်း၊တို့အပေါ် မုန်းတီးစိတ်ဖြင့် ကြီးမားလာတော့သည်။ ဘုရင့် လက်ရုံးစစ်သူကြီးမှာလည်း မြင်သမျှ ကြားသမျှကို ပါဠလိပုတ်ဘုရင်ထံ ဝင်ရောက်သံတော်ဦး တင်ရလေတော့သည်။

ဘုရင်မင်းမြတ်မှာ သူရဿဃစ်ပြေချိန်လည်းဖြစ်သဖြင့် ထိတ်လန့်ခြင်းကြီးစွာဖြစ်၏။ စွယ်တော်မြတ်အား ချက်ခြင်းပင့်ဆောင်ချေဟု မိန့်တော်မူ၏။ သို့ရာတွင် စွယ်တော်မြတ်ကို မတွေ့ကြရပေ။ သို့အတွက်စစ်သူကြီးဦးဆောင်ပြီး မြို့သူမြို့သား၊များပါ ဝိုင်းဝန်းရှစ်ခိုး တောင်းပန်ကြတော့မှ ကောင်းကင်ယံလေထဲတွင် ကြာပွင့်ကြီးတစ်ပွင့် ပေါ်ပေါက်လာ၏။ စွယ်တော်မြတ်မှာ သော်ကား ကြာပွင့်ထက်တွင် တဝင်းဝင်းတရှိန်ရှိန် တထိန်ထိန် တလက်လက် ခြောက်ချက်ရောင်ခြည် ကွန့်မြူးလည်လျက် စံမြန်းနေလေ၏။

ပါဠလိပုတ်ပြည့်ရှင် ဘုရင်မင်းမြတ်မှာ ထိုအချိန်မှအစပြု၍ နောင်တအရကြီးရကာ အပြောင်းလွဲကြီး ပြောင်းလွဲသွားတော့သည်။ စွယ်တော်မြတ်အား ရွှေကျောင်းကြီးဆောက်လုပ်ပြီး တင်လှူပူဇော်သည်။ တက္ကတွန်း၊တို့ဖြား၊ယောင်း၍ မရသော သာသနာပြုမင်းအဖြစ်သို့ နေ့ချင်းညချင်း ပြောင်းလဲသွား၊တော့သည်။ ဂုဟသီဝမင်းမှာ စွယ်တော်မြတ်အား မည်သူလုပ်ကြံဖျက်ဆီး၍မျှ မရအောင် သဘောပေါက်သဖြင့် မိမိတိုင်းပြည်သို့ ယုံကြည်စိတ်ချစွာ ပြန်သွား၊လေသည်။

သာသနာတော် နေရောင်အလား ထွန်းပင်ြား ပါဠလိပုတ်ပြည်မှာ မအေး၊ချမ်း၊သေး၊ချေ။ နှစ်အနည်းငယ်ကြာချိန်ဝယ် ခိရဓာရမင်း၏ စစ်ကြီးရောက်လာသောကြောင့်ပေတည်း။ ခိရဓာရမင်းသည် ပဏ္ဏာလက်ဆောင်မတောင်း ၊ ထီးနန်းကိုမတောင်း၊ မြတ်စွယ်တော်ကို တောင်းသည်။ တစ်တိုင်းတစ်ပြည်လုံး ဒေါသအမျက် ချောင်းချောင်းထွက်ကာ အိမ်ရှိလူကုန်ထွက်၍တိုက်သောအခါ ခိရဓာရမင်းမှာ စစ်မြေပြင်တွင် ကံကုန်တော်မူ၏။ ပဏ္ဏာရာဇာမင်းမှာလည်း ရန်သူမင်း၏အဖြစ်ကို ကြည့်ကာ တရား၊သံဝေဂရပြီး တောထွက်၍ ရဟန်းပြုလေသတည်း။

ဥဒ္ဒေနိပြည့်ရှင် ဘုရင်မင်းမြတ်၏ မိဘုရား၊ခေါင်ကြီးသည် ဂုဟသီဝမင်း၏နှမတော်ဖြစ်သည်။ ထိုမိဘုရား၊မှာ၊သောသား၊ကား ဒန္တကုမာရ အမည်တွင်၏။ ထိုမင်းသား၊သည် ငယ်စဉ်ပင် ရဟန်းသုံးပါး၌ သက်ဝင်ယုံကြည်၏။ သူအရွယ်ရောက်ချိန်၌ ဗုဒ္ဓမြတ်စွယ်တော်သည် ပါဠလိပုတ်ပြည်မှ ကလိင်္ဂပြည်သို့ ပြန်လည်ကြွရောက်လာပြီဟူသည့်သတင်း၊ကောင်း၊ကို ကြား၊ရ၏။

သို့အတွက် ခမည်း၊တော်၊ မယ်တော်တို့ထံခွင့်ပန်ကာ ဒန္တကုမာရမင်း၊သား၊သည် စွယ်ဟော်မြတ်အား ဖူး၊မြော်ရန်အတွက် ကလိင်္ဂပြည်သို့ ထွက်ခွာလာခဲ့လေ၏။ ဦး၊ရီး၊တော်ဂုဟသီဝမင်း၌ ဟေမမာလာ အမည်ရှိ သမီး၊တော်တစ်ပါး၊ရှိသည်။ မင်း၊သား၊မှာ မြတ်စွာဘုရား၏ စွယ်တော်မြတ်အား၊ဖူး၊မြော်၍မဝ၊ ကြည်ညိုး၍မဝသဖြင့် မိမိတိုင်းပြည်သို့ ရုတ်တရက်မပြန်နိုင်ဘဲရှိစဉ် ဟေမမာလာမင်း၊သမီး၊နှင့် မေတ္တာသက်ဝင်သည့်အတွက် ဂုဟသီဝမင်း၏ နန်းလျာအိမ်ရှေ့ဥပရာဇာဖြစ်လာလေ၏။

www.dhammaransi.com

တစ်နေ့တွင် ရန်စစ်ကြီးတစ်ခုဆိုက်ရောက်လာသည်။ ပါဋလိပုတ်စစ်ပွဲ၌ကျဆုံးသွားခဲ့သော ခိရဓာရမင်း၏ထီးမွေခံများဖြစ်သည်။ သူတို့သည်လည်း ခိရဓာရမင်းနည်းတူပင် စွယ်တော်ဓာတ်မြတ်ကိုသာ တောင်းခံသည်။ ဂုဟသီဝမင်းကလည်း စွယ်တော်မြတ်ကိုကားမပေး။ စစ်သာတိုက်မည်ဟုဆုံးဖြတ်တော်မူကာ ပါဋလိပုတ်ပြည်သို့ စစ်ကူတောင်းထားလေသည်။ သို့သော် စစ်သည် ပါဋလိပုတ်ပြည်မှ စစ်ကူမရောက်မလာမီ ဖြစ်ပွားလေတော့သည်။ ဂုဟသီဝမင်းသည် ဆမက်တော်အား စစ်မြေပြင်သို့အထွက်မခိုင်းပါ။ သမီးတော်နှင့်အတူ စွယ်တော်မြတ်ကိုပင့်ဆောင်ကာ လင်္ကာဒီပကျွန်းရှိ မဟာသေနမင်းထံ အရောက်သွားကြရန်စေလွှတ်လိုက်လေ၏။ မဟာသေနမင်းသည် စွယ်တော်မြတ်ကို ပင့်ဆောင်ဖူးမြော်လိုကြောင်း အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့ဖူးသည်။ ဂုဟသီဝမင်းကလည်း ဖူးမြော်ရပါစေမည်ဟု ကတိပေးဖူးသည်။ သို့ကြောင့် ဝေးလံသော လင်္ကာဒီပသို့ အရောက်သွားကြရန် စေလွှတ်လိုက်ခြင်းဖြစ်သည်။

မင်းနှစ်ဖော်တို့မှာခက်ခဲကြမ်းတမ်းသော ကန္တာရခရီးအသွယ်သွယ်ကို လပေါင်းများစွာဖြတ်သန်းလာပြီးမှ သမုဒ္ဒရာကမ်းစပ်သို့ ရောက်လာကြ၏။ စွယ်တော်ဓာတ်မြတ်ကို လူနှင့်အတူ မထားလိုသောကြောင့် သဲပုံစေတီအတွင်း၌ဌာပနာထားရင်း သဘော်စောင့်ကြသည်။ ထိုအတောအတွင်း၌ ပဏ္ဏုဟာရနဂါးမင်းက စွယ်တော်မြတ်ကိုခိုးယူသွားသည့်အတွက် မနှံးမဝေးတောအုပ်အတွင်း၌ သီတင်းသုံးနေတော်မူသော ရဟန္တာမြတ်အား လျှောက်ထားတောင်းပန်သဖြင့် စွယ်တော်ဓာတ်မြတ်ကို ရတနာကြူတ်နှင့်တကွ ပြန်လည်ရရှိသည်။

မင်းသားမင်းသမီးတို့သည် နောက်ထပ်ကြုံတွေ့ရသော အခက်အခဲများကိုလည်း ကြံ့ကြံ့ခံတွန်းလှန်ကာ လင်္ကာဒီပကျွန်း၊ ဇမ္ဗူကောလပဋ္ဌဆိပ်ကမ်းသို့ အရောက်လာခဲ့ကြသည်။ သူတို့ရောက်လာချိန်ဝယ် မဟာသေနမင်းနတ်ရွာလားပြီးနောက် သားတော် ကိတ္တိသီရိမေဃမင်း နန်းစံသည်မှာ ကိုးနှစ်ရှိခဲ့ချေပြီ။

သို့ဖြစ်သဖြင့် ဒန္တကုမာရမင်းသားနှင့် ဟေမမာလာမင်းသမီးတို့မှာ မင်းဆရာ သဃ်နာယကမထေရ်ထံဝင်ရောက်၍ စွယ်တော်မြတ်ကိုပေးအပ်ကြသည်။ ထိုဆရာတော်ဘုရားမှ တစ်ဆင့် မင်းနှင့်ပြည်သူတို့သိရှိကာ အကြီးကျယ်ဆုံး၊ အမွန်မြတ်ဆုံးနည်းဖြင့် ပင့်ဆောင်ပူဇော်ကာ စွယ်တော်ကျောင်းကြီး တည်ထားကိုးကွယ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပေသည်။

ယခုဖော်ပြခဲ့သည်မှာ လင်္ကာဝံအောက်ဓာတ်စွယ်တော်မြတ်သမိုင်း ဖြစ်ပါသည်။ ယခုကြွလာတော်မူသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စွယ်တော်မြတ်၏သမိုင်းမဟုတ်ဘဲလျက် ဖော်ပြပေးခြင်းမှာ ကြည်ညိုသဒ္ဓါပွားကြစေလို၍ ဖြစ်ပါသည်။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တရှင် မြတ်စွာဘုရား၏ သွားတော်၊ စွယ်တော်သည်ပင် ဤမျှတန်ခိုးကြီးပါက သက်တော်ထင်ရှားရှင်တော်မြတ်ဘုရားမှာသော် အဘယ်မှာဆိုဖွယ်ရာရှိတော့အံ့နည်းဟူ၍ သဒ္ဓါဝေဖြိုး၊ စေတနာမိုး၊ ကြွယ်တိုးနိုင်ကြပါစေသတည်း။ ။

ဆင်ဖြူကျွန်း အောင်သိန်း

www.dhammaransi.com

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ဘွဲ့ ရှစ်လုံးဘွဲ့ကဗျာ

ရေးသားသီကုံး ပူဇော်သူ–ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သင်

* သုံးလူ့ထွတ်ထား၊ မြတ်ဖျား:ဘုန်း:မော်
ရာလေး:ဆယ့်ရှစ်၊ သက္ကရာဇ်နှော်
* နယ် မလွှာတိုင်း၊ စံနှိုင်း:ပါသော်
အင်္ဂါနေ့၊ ချမ်း:မြေ့.နိဗ္ဗုတ်ပျော်
* နိဗ္ဗာန်ရွှေနန်း၊ ကြွမြန်း:ပါသော်
ရှင်စောဉာဏ်စက်၊ ဓိဋ္ဌာန်ချက်နော်
မွေတော်ရှစ်စိတ်၊ ဥ:ထိပ်ပူဇော်
ဗြာဟ္မဏ၊ ဒေါဏပုဏ္ဏား:တော်။ ။
* ဓာတ်တော်မြတ်မျာ:၊ ပုဏ္ဏား:ဝေသော်
ရှစ်စုကိုခွဲ၊ ဝေမြဲပြည်တော်
ထက်စွယ်တော်အား:၊ဝှက်ထား:ခေါင်း:ပေါ်
သိကြား:မင်း၊ ဆောင်ကျဉ်း:သွား:သနော်။
* စူဠာမဏိ၊ မည်ရှိစေတီ
တာဝတိ သာဒ္ဓ၊ ဖူး:ထိုက်ကြုံပြီ
နတ်ဗြဟ္မာမျာ:၊ ဝပ်တား:စုံညီ
စွယ်တော်မြတ်၊ ဖူး:အပ်အလီလီ။ ။
* အောက်စွယ်တော်အား:၊ ပင့်သွား:ခဲ့ပြီ၊
နဂါး:မင်း:က၊ ဥ:ချလီလီ၊
ထက်စွယ်တော်အား:၊ ပင့်သွား:ပြန်ပြီ၊
ဂန္ဓာရတိုင်း၊ မဆိုင်:ပူဇော်သည်။ ။
* အောက်စွယ်တော်အား:၊ ပင့်သွား:လေပြီ၊
ဒန္တပူရ၊ ပြည်လှစံမှီ၊
လင်္ကာသီဂိ၊ ကန္ဒီမြို့.ဆီ၊
လက်စုံမိုး၊ ရိကျိုး:ဝန္ဒာချီ။ ။
* နော်ရထာမင်း:မြတ်၊ ပင့်အပ်ပါသော်၊
ဘဲကျင်မြို့.ထိ၊ ကြွဘိကိုယ်တော်၊
ပူဇော်ခညောင်း၊ ဆုတောင်း:သနော်၊
မြတ်ဘုရား၊ မိန့်ကြား:ဗျာဒိတ်တော်။ ။
* ဥတိဘွား:နှင့်၊ မင်း:ဖျား:နော်ရထာ၊
စွယ်တော်ပင့်ရေး၊ ဆွေး:နွေး:ကြကာ၊
နော်ရထာမင်း၊ ဝပ်စင်:ပန်ထွာ၊
ဗျာဒိတ်ထား၊ မြတ်ဖျား:မိန့်ခွန်:စာ။ ။
* ရတနာပန်:တောင်း၊ ဥ:ခေါင်း:ရွက်တင်၊
စွယ်တော်မြတ်အား၊ ပင့်ထား:လျှောက်စဉ်၊
မြတ်ဘုရား:က၊ ဗျာဒိတ်ထား:လျှင်၊
ဂန္ဓာလရာဇ်၊ ကိန်:ဝပ်တော်မူစဉ်။ ။
* မြတ်စွယ်တော်အစား၊ ညွတ်တွား:ပူဇော်၊
မြဆင်:တုအား၊ ကိုး:စား:ဖူး:မြော်၊
ဧကရာဇ် ဥတိဘွား၊ ဝပ်တွား:ပူဇော်၊
မြဆင်:တု သုံး:လူ့.ရှင်ပင်တော်။ ။
* နော်ရထာမင်း:မြတ်၊ ပင့်အပ်ခဲ့ပြီ၊
မြဆင်:တုအား၊ ကိုး:စား:ယုံကြည်၊
မင်း:ခမ်:မင်း:နှာ၊ ပင့်သွား:စစ်ချီ၊
မြန်ပြည်တိုင်း၊ မဆိုင်:ကိုးကွယ်သည်။ ။
* မြန်မာမင်း:မြတ်၊ ဆက်ကပ်ပူဇော်၊
မြဆင်:တုအား၊ ခမ်:နား:နန်:ပေါ်၊
မင်း:အဆက်ဆက်၊ ဆက်လက်ပူဇော်၊
သီပေါမင်း၊ မယွင်:နောက်ဆုံး:နော်။ ။
* ရွှေကျိုး:မြင့်ဘုရား၊ ပင့်ထား:ကိုးကွယ်၊
ဘုရား:အတွင်း၊ မြဆင်:တုရယ်၊
ရွှေရောင်ဝင်း:ဝင်း၊ တောက်ထိန်လင်း:တယ်၊
မြဘုရား၊ ဝပ်တွား:ကြည်ညိုဖွယ်။ ။
* မြန်ပြည်ပူရ၊ ရာဇဌာနီ၊
သာသနာရောင်ထွန်း၊ တင့်ရွန်း:ဝေစည်၊
ရွှေဂုံမြို့.လှ၊ နာမကျော်သည်၊
သူတော်ကောင်း၊ ခိုအောင်:စဉ်ဆက်မီ။ ။

www.dhammaransi.com

* စံရာအမြင့်၊ ပလ္လင့်ရာဇာ၊
မြန်ပြည်ပူရ၊ ဗုဒ္ဓရောင်ဝါ၊
ဘာသာအာကျိုး၊ ဖွံ့ဖြိုးဝေဖြာ၊
မြတ်ဗုဒ္ဓ၊ ထူးစွာသာသနာ။ ။

* သာသနာတော်ကြီး၊ လျှံညီးထိန်ဝေ၊
မိုက်မှောင်ဖယ်ရှင်း၊ ထွန်းလင်းပါစေ၊
မြန်ပြည်နယ်တွင်း၊ ပျံ့သင်းဉာဏ်ဝေ၊
စွမ်းကုန်ထုတ်၊ အဟုတ်ဆောင်ရွက်နေ။

* ဓမ္မစည်ကြီး၊ ရိုက်တီးဘယ်ညာ၊
ခြိမ့်ခြိမ့်မစဲ၊ အောင်ပွဲဆင်ကာ၊
သာသနာအကျိုး၊ သယ်ပိုးစေရာ၊
နိုင်ငံခြား၊ ပြန့်ပွားသာသနာ။ ။

* တစ်သုံးငါးခြောက်၊ ချိန်ကားရောက်သော်
တန်ခူးလဆန်း၊ တင်ဆန်းခါမော်၊
မြတ်စွယ်တော်ကြီး၊ လျှံညီးတေဇော်၊
မြန်ပြည်လှ၊ အေးမြပါစေနော်။ ။

* ဂန္ဓာလရာဇ်က၊ ဗုဒ္ဓစွယ်တော်၊
မြန်ပြည်နန်းသို့၊ ကြွမြန်းသနော်၊
ကုသိုလ်ထူးလှ၊ ဖူးကြပါသော်၊
ခေမာနန်း၊ တက်လှမ်းနိုင်စေသော်။ ။

* ကြွတောင့်ကြွခဲ၊ ခြိမ့်သဲနဘဲ၊
စွယ်တော်ပင့်ပွဲ၊ တူနွဲ့ရည်သန်၊
ပြည်သူအားလုံး၊ အုန်းအုန်းဆုပန်၊
သဒ္ဓါကြဲ၊ ထူးကဲငါတို့ကံ။ ။

* စိန္တေထွတ်ထား၊ မြတ်ဖျားဘုန်းမော်၊
သုံးတန်ပိဋကတ်၊ ပရိယတ်တော်၊
သာသနာရေး၊ မျှော်တွေးပါသော်၊
ငါးထောင်နှစ်၊ ခွန်းလှစ်ဗျာဒိတ်တော်။ ။

* ရောင်ပါပြောင်ရွှန်း၊ နေဝန်းပမာ၊
တည်ထွန်းစည်ကား၊ ဘုရားသာသနာ၊
လေးခိုင်မဂ်ဖူး၊ ဆွတ်ခူးစေရာ၊
ရှင်လူမျာ၊ ကျင့်ပွားဘာဝနာ။ ။

သာသနာရေး၊ ကြံတွေးသူငါ၊
မြန်မာပြည်သား၊ ကျင့်ပွားဘာဝနာ၊
မြတ်စွယ်တော်လဲ၊ ကြွဆဲခုခါ၊
ဖူးလိုက်ကြ၊ အားရရွှင်လန်းစွာ။ ။

* တေဇောပဝင်း၊ သတင်းဂုဏ်တော်၊
သာသနာအကျိုး၊ သယ်ပိုးသနော်၊
မြန်ပြည်ဌာန၊ လှုကြပါသော်၊
မျာသတ္တ၊ သြဘာ့ဟစ်ကြွေးကြော်။ ။

* သာသနာဗုဒ္ဓ၊ ထွန်းပရောင်ဝါ၊
ပဋိပတ်လမ်း၊ လွှမ်းပတ်ကမ္ဘာ၊
သာသနာပြု၊ လူထုပတ္တနာ၊
နိဗ္ဗာန်ပေါက်၊ ဝမ်းမြောက်ဆုပန်ထွာ။ ။

* သာသနာအကျိုး၊ သယ်ပိုးသံဃာ၊
ပရိယတ်ငြမ်း၊ အစွမ်းကုန်သာ၊
ဉာဏ်ဝါထွန်းပေါက်၊ ကဲမောက်ရှိန်ဝါ၊
စွမ်းကုန်ထုတ်၊ အဟုတ်ကြိုးစားမှာ။ ။

* ပါရမီပြည့်ဖြိုး၊ မျှော်ကိုးသံဃာ၊
ပဋိပတ်စွမ်း၊ ကျွတ်လမ်းကိုရှာ၊
ပဋိကတ်ငြမ်း၊ တတ်စွမ်းရာရာ၊
အားကုန်ထုတ်၊ ကြိုးကုတ်ဆည်းပူးရှာ။ ။

* သမ္မာဒိဋ္ဌိ၊ ဉာဏ်မျက်စိရှာ၊
အသိသန့်ရှင်း၊ ကင်းပမိစ္ဆာ၊
အလင်းမြင်ကြ၊ မျာစွာ့သူငါ၊
အမတ၊ မြန်းကြနိဗ္ဗုတာ။ ။

* ကုသိုလ်ဘာဂ၊ ဒါနအကျော်၊
စွယ်တော်ဖူးရ၊ မြတ်လှအမော်၊
လှူဒါန်းကုန်ကြ၊ ပုညနှဘော်၊
မျာသတ္တ၊ အမျှရစေသော်။ ။

* ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းပါစေ၊
ဝေနေယျမျာ၊ ရွှင်အားရစေ၊
ကြောင့်ကြမရှိ၊ ပီတိဖြာဝေ၊
မေတ္တာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။ ။

www.dhammaransi.com

ဗုဒ္ဓစွယ်တော်ကြီးကြရတော်မူသည့် ဗုဒ္ဓဂယာဒေသ

မြန်မာစာရေးဆရာကိုယ်စား လှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ဖြင့် တရုတ်ပြည်သို့ သမ္မတနိုင်ငံသို့ သွားရောက်ခွင့်ရသည်ဟူသောသတင်းကို ကြားလိုက်ရသည်နှင့် ကျွန်တော်သည် ဗုဒ္ဓစွယ်တော်စစ်ကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ခွင့်ကြုံရလေပြီဟူသော ပီတိကြောင့် ကြက်သီးမွေးညင်းပင်ထမိပါသည်။ ကျွန်တော့်ထံတွင် "ဗုဒ္ဓဘာသာချစ်ကြည်ရေး" (The Friendship of Buddhism) ဆိုသော တရုတ်ပြည်ထုတ် စာအုပ်ကြီးတစ်အုပ်ရှိသည်။ ထိုစာအုပ်ကိုပြုစုသူမှာ တရုတ်ဗုဒ္ဓဘာသာအသင်းမှ ဂုဏ်ထူးဆောင်အတွင်းရေးမှူး "ချောင်ဖုချ" ဖြစ်သည်။ ထိုစာအုပ်ထဲတွင် ဗုဒ္ဓစွယ်တော်ပုံတော်များကို ဆေးရောင်စုံပုံကြီးများဖြင့် ဖော်ပြထား၍ ဖူးခဲ့ရပါသည်။ ယခုကိုယ်တိုင် အနီးကပ်ပူဇော်ခွင့်ကြုံရတော့မည်ဖြစ်သဖြင့် ရင်တလှုပ်လှုပ်ပင်ခုန်မိပါသည်။

ပါရမီရှင်ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်ဘုရားတွင် သွားတော်တို့သည် လူသာမန်တို့ထက် ရှစ်ချောင်းမျှပိုကာ စွယ်တော်လေးချောင်းအပါအဝင် သွားတော် လေးဆယ်တိတိရှိသည်ဟု ကျမ်းဂန်တို့က ဆိုသည်။ စွယ်တော်လေးဆူတို့အနက် လက်ယာအထက်စွယ်တော်သည် တာဝတိံသာပြည် စူဠာမဏိ စေတီတွင် နတ်တို့က ဌာပနာထားကာပူဇော်၏။ လက်ယာအောက်စွယ်တော်ကို နာဂပူရခေါ် နဂါးပြည်ရှိ ရတနာစေတီတွင် နဂါးမင်းတို့က ဌာပနာထားကာ ပူဇော်၏။ လက်ဝဲအောက်စွယ်တော်ကို ဒန္တပူရခေါ် သီရိလင်္ကာနိုင်ငံရှိ "သေခဏ္ဍာမြို့" (ကန်ဒီမြို့) တွင် စေတီတည်ထား ပူဇော်ကြသည်။ လက်ဝဲအထက်စွယ်တော်ကိုကား ဂန္ဓာရတိုင်း (သို့) စိန ရဋ္ဌခေါ် တရုတ်ပြည်ရှိ "စေတီယတော" တွင် တည်ထားကိုးကွယ်ကြသည်ဟုလည်း ကျွန်တော်ဖတ်ရှုမှတ်သားဖူးပါသည်။

ကျွန်တော်တို့ မြန်မာစာရေးဆရာ ကိုယ်စားလှယ်အဖွဲ့သည် ဘေ့ကျင်း (ပီကင်း) မြို့သို့ ၂၀ -၅- ၉၂ နေ့ ညဘက်တွင် ရောက်ရှိပြီး နောက်တစ်နေ့ ၂၁- ၅- ၉၂ နေ့တွင် ဗုဒ္ဓစွယ်တော်ကို သွားရောက် ဖူးမြော်ကြပါသည်။ ဘေ့ကျင်းတွင် မေလသည် နွေဦးပေါက်ရာသီမို့ မအေးလွန်း၊ မပူလွန်း ဥတုသပ္ပါယ မျှတလှပါသည်။ ဗုဒ္ဓစွယ်တော် ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိတိုက်မှာ "လင်ဂွမ်း" ဘုရားကျောင်းတွင် တည်ရှိ၏။ မော်တော်ကားဖြင့် ကုန်းမြေပြေလေးကို ၁၅ မိနစ်ခန့် တက်ရသည်။ ဘုရားကျောင်း ပရဝဏ်မှာ ပန်းခြံကြီးတစ်ခုလိုပင် သာယာကင်မောလှ၏။ သစ်ရိပ်ဝါးရိပ်တွေ အုံ့အုံ့ဆိုင်းဆိုင်းရှိသည်။ ရောင်စုံပန်းမန်တွေက ငွားငွားစွင်စွင် တင့်တယ်နေ၏။ ရေကန်ငယ်လေးတွေ၊ တံတားခုံးလေးတွေ၊ ကျောက်ဆောင်အုတ်ဂူလေးတွေကိုလည်း သူ့နေရာနှင့်သူ အလှအပဖန်တီးထား၏။ ရှေတိုက် စေတီတော်မှ သိဂုတ္တရဉ္ဇာဉ်နှင့်ပင် တူနေသေးသည်ဟု ကျွန်တော်က အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးလှထွန်း (လှထွန်း-တွဲတေး) ကို ပြောမိတော့ ဗိုလ်မှူးကလည်း ထောက်ခံသည်။

www.dhammaransi.com

ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်ကို လူတိုင်းအား ဖူးမြော်ခွင့်မပြု။ ဂန္ဓဋိတိုက်ကို သော့ခတ်ပိတ်ထား:တတ်သည်။ ထိုင်း၊ အိန္ဒိယ၊ မြန်မာစသော ဗုဒ္ဓဘာသာဝင်နိုင်ငံတွေက လေ့လာရေး ကိုယ်စား:လှယ်အဖွဲ့ဝင်များကိုသာ အထူးအစီအစဉ်ဖြင့် ဖူးမြော်ခွင့်ပေး:သည်ဆို၏။ စွယ်တော်စေတီမှာ တရုတ်ဘုံကျောင်: ပုံစံပင်ဖြစ်သည်။ အနီးကပ်ဆုံးပုံဆွဲတင်ပြရလျှင် ရန်ကုန်မြို့ ကုက္ကိုင်းရှိ ကမ္ဘောဇနန်:တော် (ယခု ယဉ်ကျေးမှုတက္ကသိုလ်) နှင့် တူသည်။ စွယ်တော်မူလကိန်းဝပ်ရာ နေရာမှာကား ဤနေရာမဟုတ်။ ဘေးကျင်:မြို့အနောက်ဘက်ရှိ "အနောက်ဘက်တောင်တန်:" ၏ "ပါ့တာ့ချ" နေရာတွင် စေတီတစ်ဆူရှိသည်။ ထိုစေတီကို ခရစ်သက္ကရာဇ် ၉၄၈ ခုနှစ်တွင် "လျော" မင်:ဆက်က တည်ထား:ပြီး စွယ်တော်ကို ဌာပနာထား: ပူဇော်ခဲ့ကြသည်။ "လျော" မင်:ဆက်မှာ မြန်မာဘုရင် အနော်ရထာနှင့် ခေတ်ပြိုင်ဖြစ်သည်။ ထိုအချိန်မှာ တရုတ်ပြည်တွင်ဗုဒ္ဓဘာသာအထူး:ထွန်:ကား: စည်ပင်နေချိန် ဖြစ်သည်။ မူလစေတီတော်မှာ သက္ကရာဇ် ၁၉၀၀ ပြည့် ပြည်တွင်:စစ်ကာလတွင် ပျက်စီး: ခဲ့ရသည်။ အနောက်အင်အား:ကြီး ရှစ်နိုင်ငံတို့က ဘောက်ဆာသူပုန်ကို နှိမ်နင်း:ရင်း: စေတီကိုပါ ဖျက်ဆီး: ခဲ့ကြသည်။ ဘောက်ဆာသူပုန်များကို အနောက်ဘက် တောင်တန်:စေတီပုထိုး:များတွင် သီတင်:သုံး:နေထိုင်ကြသော ဘုန်:တော်ကြီး:များက အကာအကွယ်ပေး:ကြသည်ဆိုကာ စေတီအား:လုံး:ကို ဖျက်ဆီး:ပစ်ခဲ့ကြခြင်း:ဖြစ်သည်။ စေတီမှာ ပျက်စီး:သွား:သော်လည်း: စေတီမှ ပြိုကျသော အုတ်ခဲများ: အောက်တွင် စွယ်တော်မြတ်မှာ ဖုံး:ကွယ်နစ်မြုပ်ခဲ့ရ၏။ စွယ်တော်မြတ်ကို ကျောက်သေတ္တာ ကြီး:ဖြင့်ထည့်ကာ ဌာပနာကြုတ်ထဲတွင် သိမ်း:ဆည်း:ထား:သဖြင့် မမျောက်မပျက် ကျန်ခဲ့ခြင်း:ဖြစ်၏။ တရုတ်ပြည်သစ် တည်ထောင်ပြီး:နောက် ဘုရား:ပျက် အုတ်ပုံအောက်မှ ကျောက်သေတ္တာကို တူး:ဖော်မိပြီး: ဗုဒ္ဓစွယ်တော်စစ်များ:ကို ပြန်လည်ရရှိခဲ့ကြ၏။ ထိုစွယ်တော်ကြုတ်ကို "ကွမ်ချီ" ဘုရား:ကျောင်:သို့ ရွှေ့ပြောင်း:ကာ ကိန်း:ဝပ်တော်မူစေသည်။ တရုတ်ပြည်ရှိ ဗုဒ္ဓဘာသာဝင်အား:လုံး: တို့က ဤစွယ်တော်မြတ်ပြန်လည် ပေါ်တော်မူခြင်း:သည် နိုင်ငံတော်အတွက် မင်္ဂလာအတိတ် နိမိတ်အဖြစ် မှတ်ယူယုံကြည်ကြသည်။

"ကွမ်ချီ" ဘုရား:ကျောင်:မှာ ဉာဏ်တော်မိတာငါ:ဆယ်မြင့်ကာ အထပ် ၁၃ ထပ်ရှိ၏။ နိုင်ငံတော်၏ ပဲ့ပိုး:ကူညီမှုဖြင့် ဤဘုရား:ကျောင်:ကို ခဲ့ညား:ထည်ဝါစွာ တည်ထား:ခဲ့ကြ၏။ "ဘေ့ကျင်:" တွင် ဗုဒ္ဓဘာသာရောက်ရှိပြန့်ပွား:လာသည်မှာ နှစ်ပေါင်: ၁၆၀၀ ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လက ထုတ်ဝေခဲ့သော "ဘေ့ကျင်:တွင် ထွန်:ကား:သော ဗုဒ္ဓသာသနာ" အမည်ရှိ ဆေး:ရောင်စုံ မှတ်တမ်:တင်စာအုပ်အရ သိရလေသည်။

ကြောင်လိမ်လှေကား: အဆင့်ဆင့်ကို ဖြတ်သန်:လာပြီး:မှ အထပ် ၁၃ ထပ်ရှိ ဘုရား:ခန်:သို့ ရောက်သည်။ အပေါ်ဆုံး:ထပ်မှာ သိပ်မကျယ်လှ။ ခန်:မှန်:ခြေ ပေသုံး:ဆယ် ပတ်လည်ခန့် ရှိမည်။ ခဲ့ညား:ထည်ဝါလှသော ကျောင်:ဆောင်ကြီး:ပေါ်တွင်ကား: အဖိုး:တန် ကျောက်မျက်ရတနာမျိုး:စုံ စီခြယ်ထား:သော စွယ်တော်ကြုတ်စံပယ်နေ၏။ စွယ်တော်ကြုတ်၏ အလယ်ဗဟိုတွင် မှန်သား:ပြင်အပေါက် တစ်ခုရှိ၏။ ထိုမှန်သား:ပြင်မှတစ်ဆင့် ကြည့်လိုက်လျှင် အတွင်:တွင် စံပယ်နေသော ဗုဒ္ဓစွယ်တော်မြတ်ကို ကြက်သီး:ဖြန်း:ဖြန်း:ထ ဖူး:တွေ့ ရ၏။ စွယ်တော်မှာ သာမန်လူအံ့သွား:နှင့် ဆင်တူပြီး: အမြစ်မှာ သုံး:ခွဖြစ်သည်။ ထိပ်ဝမှာ ပြား:ခွက်ခွက်ဖြစ်ပြီး: တစ်လက်မပတ်လည်ခန့် လေး:ထောင့်စပ်စပ်ရှိသည်။ အရှည်အား:ဖြင့် နှစ်လက်မခန့်ရှိပြီး: လုံး:ပတ်မှာလည်း: နှစ်လက်မခန့်ရှိမည်ဟု ခန့်မှန်း:ရ၏။

www.dhammaransi.com

ဗုဒ္ဓ၏ သွားတော်လေးဆယ်တို့အနက် စွယ်တော်လေးချောင်းမှာ ထူးကဲသော အင်္ဂါရုပ် လေးရုပ်တို့ဖြင့်ပြည့်စုံသည်ဆို၏။ ထိုထူးကဲသော အင်္ဂါရုပ် လေးရုပ်တို့မှာ-

(၁) လုံးဝန်းခြင်း၊
(၂) စင်ကြယ်သန့်ပြန့်ခြင်း၊
(၃) ထက်မြက်ခြင်း၊
(၄) ထူးကဲဖြူဖွေးခြင်း-တို့ ဖြစ်သည်။

စွယ်တော်ရှေ့တွင် ကျွန်တော်တို့အား လုံး ပုတီးစိတ်ကြ၊ တရားထိုင်ကြနှင့် အားရအောင် ပူဇော်သက္ကာရပြုကြသည်။ "ဒကာတို့ကို ထူးဆန်းတာပြရဦးမယ်၊ သေသေချာချာဖူးကြပါ" ဟု စွယ်တော်တိုက်မှ ဘုန်းတော်ကြီးကပြောသည်။ ထို့နောက် စွယ်တော်ကြွတ်မှန်သားပြင်ကို လက်နိပ်ဓာတ်မီးဖြင့် ထိုးပြသည်။ ဗုဒ္ဓ၏ မတ်တတ်တော် ပုံတော်အရိပ်ကို အံ့သြဖွယ်ရာဖူးတွေ့ကြရသည်။ လက်နိပ်ဓာတ်မီးပိတ်လိုက်တော့ ပုံတော်မှာ ပျောက်သွားသည်။ (ဤပုံတော် ပေါ်သည်မှာ မကြာသေးဟု ဘေ့ကျင်းမြို့မြန်မာသံအမတ်ကြီး ဦးတင်အောင်ထွန်းနှင့် စစ်သံမှူးကြီး ဗိုလ်မှူးကြီး အုန်းမြင့်တို့ မိသားစုက နောက်မှ ကျွန်တော်တို့ကို ပြောပြသည်။)

ကျွန်တော်တို့မှာ စွယ်တော်မြတ်ကို ဖူး၍မဝနိုင်အောင် ထပ်တလဲလဲ ဖူးရင်းနှင့် ကျေးဇူးရှင်မိဘ၊ ဆရာသမား၊ မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟတွေကိုပါ အားလုံးခေါ်ပြီး ဖူးမြော်ခွင့် ကြုံစေချင်သည်။ တတ်နိုင်လျှင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအားလုံး ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်တော်တို့ကို ကိုယ်တွေ့မျက်မြင် ဖူးစေချင်လှသည်။ ထိုသို့ ဖူးခွင့်ရဖို့အတွက်လည်း အထပ်ထပ်အခါခါ ဆုတောင်းခဲ့ပါသည်။ ယခု ကျွန်တော်တို့ ဆုတောင်းပြည့်ခဲ့ပါပြီ။ ဗုဒ္ဓမြတ်စွာ၏ စွယ်တော်မြတ်ကို မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်နိုင်ရေးအတွက် နိုင်ငံတော်က စီစဉ်နေပါပြီ။ ဤအခွင့်အရေးမှာ မြန်မာနိုင်ငံအတွက်သာမက မြန်မာနိုင်ငံရှိ ပြည်သူအားလုံးအတွက်ပါ ကောင်းမြတ်သည့် ထူးခြားသည့် မင်္ဂလာရှိသော ကြုံတောင့်ကြုံခဲ အခွင့်အရေးကြီး တစ်ရပ်ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံသူ နိုင်ငံသားတို့ ကံထူးကြလေစ။ ။

ဟိန်းလတ်

www.dhammaransi.com

အသမ္ဘိန္နဓာတ်တော် လက်ဝဲ အထက် စွယ်တော်မြတ်

ဥကိသ စတုရော ဒါဠာ၊ အက္ခကာ ဒွေ စ တထာဂတဿ။
အသမ္ဘိန္နေ ဣမာ သတ္တ၊ သေသာ ဘိန္နေ စ တထာဂတဿ။

(ဗုဒ္ဓဝံသပါဠိတော်)

ဗုဒ္ဓဝံသပါဠိတော်အရ (၁) နဖူးသင်းကျစ်၊ (၂) စွယ်တော်လေးဆူ၊ (၃) ညှပ်ရိုးတော်နှစ်ဆူ ဤခုနစ်ဆူတို့သည် " အသမ္ဘိန္နေ ဓာတ်တော်များ " ဖြစ်၍ ကျန်ဓာတ်တော်များသည် " သမ္ဘိန္နေ ဓာတ်တော်များ " ဖြစ်သည်။

(၁) ပုံစံမပျက် ပကတိအတိုင်း ကြွင်းကျန်သော ဓာတ်တော်များသည် " အသမ္ဘိန္နေ ဓာတ်တော် " များ ဖြစ်သည်။

(၂) တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ လုံးလုံးလျားလျားသော်လည်းကောင်း ပုံစံပျက်ယွင်း၍ တည်ရှိသော ဓာတ်တော်များသည် " သမ္ဘိန္နေဓာတ်တော် " များ ဖြစ်သည်။

အသမ္ဘိန္နေဓာတ်တော် ခုနစ်ဆူကို ပိဋကတ်၊ မဟာဝင်၊ ရာဇဝင်များအရ နေရာဌာနအသီးသီး၌ တည်ရှိကြောင်းကို ထီးချိုင့်ဆရာတော် အရှင်ဒေဝိန္ဒ က " ရွှေပေါကျွန်း " သမိုင်းတွင် -

(၁) လက်ယာညှပ်ရိုးတော်နှင့် လက်ယာအထက်စွယ်တော်ကို သိကြား‌မင်း ပင့်ဆောင်ယူ၍ စူဠာမဏိစေတီတော်တွင် ဌာပနာရာမှ ရှင်မဟာမဟိန္ဒအမိန့်ဖြင့် လက်ယာညှပ်ရိုးတော်ကို သုမနသာမဏေ ပင့်ဆောင်ယူပြီး‌လျှင် သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်း၏ကောင်းမှုဖြစ်သော ထူပါရုံစေတီတော်၌ ဌာပနာသည်ဟု " မဟာဝင် "၌ ဆိုလေသည်။

(၂) လက်ဝဲညှပ်ရိုးတော်ကို ဗြဟ္မာမင်း ဆောင်ယူ၍ ဗြဟ္မာ့ပြည်၌ ကိုးကွယ်သည်ဟု ဗုဒ္ဓဝင်ပါဠိတော်၌ ဆိုလေသည်။

(၃) လက်ယာအောက်စွယ်တော်မြတ်ကို ဇေယျသေနမည်သောနဂါးမင်း ပင့်ဆောင်ယူ၍ နဂါးပြည်၌ ကိုးကွယ်ရာမှ မဟာဒေဝမထေရ်၏တပည့် မဟိန္ဒထေရ်က သီဟိုဠ်ကျွန်း သေရုမြို့သို့ ပင့်ဆောင်၍ အဘယမင်းအား အပ်နှံပြီး‌လျှင် သေရုမြို့တော် တောင်အကြား၌ စေတီတည်သည်ဟု နာလာဋ္ဌေတုဝင်ကျမ်း၌ ဆိုလေသည်။

(၄) လက်ဝဲအထက်စွယ်တော်မြတ်ကို ဂန္ဓာရတိုင်းသား (တရုတ်ပြည်) ရဟန်းတစ်ပါး ပင့်ဆောင်၍ ဂန္ဓာရတိုင်း စေတီယတောအုပ်၌ စေတီတည်လေသည်။

(၅) လက်ဝဲအောက် စွယ်တော်မြတ်ကို အရှင်သာရိပုတ္တရာ၏တပည့် ခေမမည်သောရဟန္တာ အရှင်မြတ်သည် တေဓောတ်လောင်ဆဲမီးပုံထဲမှ ပင့်ယူပြီး‌လျှင် ကလိင်္ဂတိုင်း ဒန္တပူရပြည် ဗြဟ္မဒတ်မင်းအား အပ်နှင်းလေသည်။ ဗြဟ္မဒတ်မင်း၏သား‌တော်

www.dhammaransi.com

ကာသိမင်း၊ ၄င်း၏သား‌တော် သုနန္ဒာမင်း အစရှိသော မင်းအဆက်ဆက် နန်းတွင်း၌ ကိုးကွယ်ရာမှ ဂူဟသီဝမင်း လက်ထက် မလယညီနောင်တို့ဘေး‌ကြောင့် ဂူဟသီဝမင်း၏ တူ‌တော် ဒန္တကုမာရနှင့် သမီး‌တော် ဟေမမာလာမင်းသမီး‌တို့ စွယ်‌တော်မြတ်ကို ဆောင်ယူ၍ သီဟိုဠ်ကျွန်း အနုရာဓပြို့ သယ်ရိမဟာထေရ်မှတစ်ဆင့် ကိုတ္တသိရမေဃ မင်းထံ အပ်နှံကိုးကွယ်စေသည်ဟု “ ဒါဋ္ဌာဓာတုဝင်ကျမ်း ” ၌ ဆိုလေသည်။

(၆) သက္ကရာဇ် ၉၃၈ ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ (၁) ကွတ်တည်မင်း၊ (၂) ခန်တည်မင်း၊ (၃) သိတာဝဘမင်း၊ (၄) ဓမ္မပါလမင်း ဟူသော မင်းလေးပါး အုပ်စိုးလျက်ရှိရာ ဓမ္မပါလမင်းမှတစ်ပါး ကျန်မင်းသုံးပါးသည် မိစ္ဆာအယူရှိသည့်အပြင် စစ်မက်အင်အား‌လည်း တောင့်တင်း‌သောကြောင့် ဓမ္မပါလမင်းသည် စိုးရွံ့သည်ဖြစ်၍ ဟံသာဝတီပြည် ဆင်ဖြူမျာ‌းရှင်မင်း‌ထံ ဘုရား‌ရှင်စွယ်‌တော်နှင့်တကွ လက်ဆောင်ပဏ္ဏာမျာ‌း ဆက်သ၍ အကူအညီ‌တောင်းသဖြင့် စွယ်‌တော်သည် ဟံသာဝတီသို့ ရောက်‌တော်မူလာသည်။ သက္ကရာဇ် ၉၆၁ ခုနှစ် တောင်ငူရောက် မင်းလက်ထက် ဟံသာဝတီပျက်လျှင် စွယ်‌တော်မြတ်ကို ရွှေနန်းတည်မင်း ပင့်ဆောင်ယူသဖြင့် ကေတုမတီ (တောင်ငူ) သို့ ရောက်‌တော်မူပြန်သည်။

သက္ကရာဇ် ၉၇၂ ခုနှစ် သန်လျင်ရောက် မင်းလက်ထက် ကေတုမတီပျက်လျှင် စွယ်‌တော်ကို အနောက်ဘက်လွန်မင်း ဆောင်ယူ၍ ရတနာပူရ (အင်းဝ) သို့ ရောက်ပြန်သည်။

သက္ကရာဇ် ၉၉၈ ခုနှစ် သာလွန်မင်း‌တရား‌ကြီး‌လက်ထက် ရာဇာမဏိစူဠာမည်သော စစ်ကိုင်း‌ကောင်း‌မူ‌တော်၌ ဌာပနာလေသည်။

ဤစကား‌ရပ်အကျယ်ကို သုသောဓိတရာဇဝင်‌တော်‌ကြီး တတိယတွဲ (၈၁) ရာဇာမဏိစူဠာ ကျောက်စာတို့၌ ပြဆိုထား‌လေသည်။

သင်းကျစ်‌တော်ကို မာတ်‌တော်ဝေစဉ်ကာလက အမှတ်မရှိသောတိုင်းပြည်မှရ၍ ရှင်မဟာ ကဿပမထေရ်ပြန်လည်ပင့်ဆောင်ရာ ပါရှိလျက် အာဇာတသတ်မင်းနှင့်တိုင်ပင်ပြီး အခြား‌ဓာတ်‌တော်မျာ‌းနှင့်အတူ ရာဇဂြိုဟ်ပြည်၌မြှုပ်နှံထား‌ရာမှ အာသောကမင်းတူ‌းဖော်ပြီး လျှင် ကမ်းပယ်ပြည်စား (ရခိုင်) ထံအပ်နှံ၍ စေတီတည်စေသည်။

အနော်ရထာမင်းလက်ထက် ထိုစေတီမှ သင်းကျစ်‌တော်ကို ပင့်ဆောင်ပြီး ပုဂံ ရွှေစည်းခုံ စေတီ‌တော်၌ ဌာပနာသည်ဟု “ ရွှေစည်းခုံသမိုင်းလင်္ကာ ” ၌ ဆိုလေသည်။

ရွှေပေါ်ကျွန်းသမိုင်းအရဆိုလျှင် ဂန္ဓာရတိုင်း၊ ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံ‌ကော်မှ ပြည်ထောင်စုမြန်မာနိုင်ငံ‌တော်သို့ ဒေသစာရီကြွချီ‌တော်မူလျက်ရှိသော စွယ်‌တော်မြတ်မှာ လက်ဝဲအထက်စွယ်‌တော်ဖြစ်‌ကြောင်း ထင်ရှား‌သည့်အပြင် တရုတ်စွယ်‌တော်မြတ်သမိုင်းနှင့်လည်း ကိုက်ညီလျက်ရှိ‌ကြောင်း လေ့လာ‌တွေ့ရှိရပါသည်။

ဗုဒ္ဓစွယ်‌တော်မြတ်ကို တရုတ်ပြည်သူလူထုက လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကျော်မှစ၍ ထိန်းသိမ်း‌စောင့်ရှောက်လာခဲ့ရသည်။

www.dhammaransi.com

ခရစ်သက္ကရာဇ် ၁၀၇၁ ၌ ပီကင်းမြို့အနီး ဇောင်ဇီယန်ဘုရား (Zhao Xian Pagoda) တွင် ဌာပနာခဲ့သည်။

၁၉၀၀ ပြည့်နှစ်တွင် နယ်ချဲ့ရှစ်နိုင်ငံတပ်များက ဇောင်ဇီယန်ဘုရားကို လက်နက်ကြီးများဖြင့် ဖြိုဖျက်ခဲ့ကြသော်လည်း ဗုဒ္ဓစွယ်တော်မြတ်ကို ဌာပနာထားသည့် ဘုရားအောက်ခြေ၌ မပျက်မစီးဘဲ ပြန်လည်တွေ့ရှိခဲ့သည်။

ထို့ကြောင့် ဗုဒ္ဓစွယ်တော်မြတ်သည် ဇောင်ဇီယန်ဘုရား၌ နှစ်ပေါင်း ၈၃၀ အထိ ကိန်းဝပ်ခဲ့ပြီး ခရစ်နှစ် ၈ ရာစုက တည်ဆောက်ခဲ့သော လင်းဂွမ်း (Ling gaung) ကျောင်းတော်၌ ပူဇော်ထားခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ပီကင်းမြို့ ဆင်ခြေဖုံး လင်းဂွမ်းကျောင်းတော်အနီးရှိ ကွမ်ချီ (Guang-ji) ကျောင်းတော်သို့ပင့်ဆောင်ပြီး ရတနာခုနစ်ပါးစီခြယ်ထားသော ရွှေစေတီတွင် ပဒုမ္မာရွှေကြာကလပ်ပေါ်တွင် ပူဇော်ထားလေသည်။

၁၉၅၇ ခုနှစ်တွင် တရုတ်ပြည်ဗုဒ္ဓဘာသာဝင်များက စွယ်တော်မြတ် အစဉ်ထာဝရကိန်းဝပ်ရန် ဘုရားတစ်ဆူတည်ထားကိုးကွယ်ရန်အတွက် အဆိုပြုလာကြသဖြင့် ၁၉၅၈ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် အမြင့်ပေ ၅၁ မီတာရှိသော ဗုဒ္ဓစွယ်တော်မြတ်ဘုရားကို ကွမ်ချီကျောင်းတော်၌ စတင်တည်ဆောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဘုရားတည်ထားခြင်းမှ ပြီးမြောက်ခဲ့သည်။

၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် တရုတ်ပြည် ဗုဒ္ဓဘာသာအသင်းကြီးမှ ကြီးမှူးရှိ စွယ်တော်မြတ်ကိန်းဝပ်ရာဘုရားကြီး ပြီးမြောက်သည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓပူဇော်ပွဲကြီးကို ကျင်းပပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း မှတ်တမ်းများအရ လေ့လာတွေ့ရှိရပါသည်။ ။

ပြင်ဦးလွင် ချစ်ဆွေ

www.dhammaransi.com

ဗုဒ္ဓစွယ်တော်မြတ်နှင့် တရုတ်ဗုဒ္ဓဘာသာ

ခရစ်သက္ကရာဇ် ၁၂၈၄ ခုနှစ်လောက်တွင် မောင်ဂွတ်ဘုရင် ကုဗလေခန်သည် မာကိုပိုလိုအား အထူးသံကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီး သီဟိုဠ်ကျွန်းသို့ စေလွှတ်ကာ သီဟိုဠ်ပြည့်ရှင်ဘုရင်အား လက်ဆောင်ပဏ္ဏာများဆက်သ၍ စွယ်တော်ကို ပင့်ယူခွင့် တောင်းခဲ့သည်။ စွယ်တော်ကို မရဘဲ အံစွယ်တော်နှစ်ဆူ၊ သပိတ်တော်တစ်လုံးနှင့် ဆံတော်များကိုရခဲ့သည်။ ထိုအကြောင်းကို မာကိုပိုလိုက မှတ်တမ်းတင်ထားခဲ့သည်။

အင်္ဂလိပ်ဘုန်းတော်ကြီးတစ်ပါးဖြစ်သော ဂျိုးဆက်အက်(ဒ်) ကင်း(စ်) က ၄င်းကိုယ်တိုင် ရေးသား၍ ၁၈၉၃ ခုနှစ်တွင် လန်ဒန်မြို့၌ ထုတ်ဝေခဲ့သော "တရုတ်ပြည်ဗုဒ္ဓဘာသာ" ခေါ် စာအုပ်၌ ဗုဒ္ဓရှင်တော်၏ စွယ်တော်တစ်ဆူကို တရုတ်ပြည်မြောက်ပိုင်းရှိ တူရွှေဆု (Teu Shwai Siu) ခေါ် တရုတ်ဗုဒ္ဓဘာသာကျောင်းတစ်ခုအတွင်း၌ တွေ့မြင်ခဲ့ရကြောင်းဖော်ပြထား သည်။

အထက်တွင် ဖော်ပြခဲ့သော စွယ်တော်အသီးသီးတို့မှာ ယခုအချိန်တွင် ဘယ်အရပ်မှာ၌ ကိန်းဝပ်စံပယ်နေကြသည်ကို သေချာဂနစွာ မသိရသော်လည်း ပီကင်းမြို့တော်ရှိ ကွမ်ချီတဆုခေါ် တရုတ်ဗုဒ္ဓဘာသာကျောင်းတိုက်အတွင်း၌ ကိန်းအောင်းစံပယ်နေသော စွယ်တော်မှာကား ယခုခေတ် လူတို့မျက်ဝါးထင်ထင် ဖူးတွေ့ရသော စွယ်တော်ပင်ဖြစ်သည်။

ကွမ်ချီတဆုကျောင်းတိုက်သည် ခရစ်သက္ကရာဇ် ၁၇၀၀ ပြည့်နှစ်က တည်ဆောက်ခဲ့သော တရုတ်ဗုဒ္ဓဘာသာကျောင်းတိုက်ကြီး ဖြစ်ပါသည်။ ထိုကျောင်းတိုက်အတွင်းရှိ ပိဋကတ်တိုက်ခေါ် ဆိုရမည့် နှစ်ထပ်တိုက်ခံ အဆောက်အအုံတစ်ခု၏ အထက်ထပ်တွင် မြတ်စွာဘုရား၏ စွယ်တော် ကိန်းဝပ်စံပယ်လျက်ရှိသည်။

စွယ်တော်သည် သာမန်လူတစ်ဦး၏ အံသွားနှင့် ဆင်ဆင်တူသည်။ အမြစ်မှာ သုံးချောင်းရှိသည်။ ထိပ်ဝသည် ပြားခွက်ခွက်ရှိ၍ စတုရန်းပုံသဏ္ဌာန် တစ်လက်မ ပတ်လည်ခန့်ရှိသည်။ အရှည်အားဖြင့် နှစ်လက်မခန့်ရှိသည်။ စွယ်တော်မှာ ဝါမောင်းမောင်းအဆင်းရှိ၍ ထိပ်ဝ၌ နီကွက်၊ ညိုကွက်များကို တွေ့မြင်နိုင်သည်။

စွယ်တော်၏ မူလတည်ရာဌာနသည် ကွမ်ချီတဆုကျောင်းတိုက်မဟုတ်ပါ။ ရှိရှန်ခေါ် ပစ္စိမ တောင်တန်းပင်ဖြစ်သည်။

စွယ်တော်နှင့်အတူ တွေ့ရှိရသော ဌာပနာအောက်ခံပြား နှင့် စွယ်တော်ကို ထည့်သွင်းဌာပနာခဲ့သော စန္ဒကူးသားဖြင့် ပြုလုပ်ထား၍ အလျား ခြောက်လက်မ၊ အနံ လေးလက်မ၊ အမြင့် သုံးလက်မခန့်ရှိ သံမဟိဘဲပြုလုပ်ထားသည့် သေတ္တာကလေးတွင် တရုတ်တိဗက်၊ သင်္ဃဂရိုက်ဘာသာသုံးမျိုးဖြင့်

www.dhammaransi.com

ထိုးထားသော ကမ္ဘည်းစားများအရဆိုလျှင် ထိုစွယ်တော်ကို ဌာပနာရာ မူလစေတီတော်ကို အဆိုပါ ပစ္ဆိမတောင်ရိုးဏ၏ ပါဘချု (Pah Ta Chu) ခေါ် တစ်ခုသော တောင်ခန်းပါး၌ ခရစ်သက္ကရာဇ် ၉၄၈ ခုနှစ် လျော (Liao) မင်းများ လက်ထက်တွင် ထည်ထားခဲ့သည်။ လျောမင်းများသည် မြန်မာရာဇဝင်၌ နော်ရထာမင်းနှင့် ခေတ်ပြိုင်ဖြစ်၍ ခရစ်သက္ကရာဇ် ၉၃၇ ခုနှစ်မှ ၁၁၂၅ ခုနှစ်အထိ ပီကင်းမြို့တော်အဖြစ်ထား၍ တရုတ်ပြည်မြောက်ပိုင်း (မြစ်ဝါမြစ်အထက်ပိုင်း) ကို စိုးမိုးအုပ်ချုပ်၍ ထင်ရှားသော မင်းဆက်တစ်ခုဖြစ်သည်။

ဤစွယ်တော်ကို ဌာပနာရာ မူလစေတီတော်ကို ခရစ်သက္ကရာဇ် ၉၄၈ ခုနှစ်တွင် တည်၍ လျောမြို့တော်ကို ပီကင်းမြို့အနီးသို့ ပြောင်းရွှေ့သည်မှာ ခရစ်သက္ကရာဇ် ၉၃၈ ခုနှစ် ဖြစ်သည်ဟုဆိုရာ အဆိုပါ သက္ကရာဇ်နှစ်ခုကို တိုက်ဆိုင်ကြည့်ခြင်းအားဖြင့် အဆိုပါစေတီကို လျောမင်းဆက်၏ဒုတိယမြောက် မင်းလက်ထက်တွင် တည်ထားသည်ဟု ယူဆရလေသည်။

လျောမင်းများသည် ဗုဒ္ဓဘာသာဝင်များဖြစ်၍ ဘုရားတရား၌ လွန်စွာကြည်ညိုသူများဖြစ်ကြောင်း သိရလေသည်။

(၇၊ ၈၊ ၉ နှင့် ၁၀)ရာစုနှစ်များသည် တရုတ်ပြည်မြောက်ပိုင်း၌ ဗုဒ္ဓဘာသာလွန်စွာထွန်းကားအားကောင်းသောအချိန်အခါပင် ဖြစ်သည်။ ခရစ် ၆၀၈ မှ ၉၀၆ အထိ စိုးစံသွားခဲ့ကြသော တန်မင်းဆက်၏ မင်းများသည် ဘုရားတရားကြည်ညိုသူများ ဖြစ်ခဲ့ကြသည်။

တန်မင်းဆက်နောက်တွင် ပေါ်ထွက်လာသော လျောမင်းများမှာလည်း တန်မင်းများကဲ့သို့ပင် ဘုရားတရားကြည်ညိုကိုင်းရှိုင်းသူများ ဖြစ်ကြလေသည်။ ထိုမင်းဆက်များ၏ အချိန်အခါမှာ မြန်မာပြည်၏ ပုဂံခေတ်မှာကဲ့သို့ပင် စေတီပုထိုးများ၊ ကျောင်းကန်အများအပြားကို တည်ဆောက်ခဲ့သောအချိန်အခါ ဖြစ်သည်။

ယခုစွယ်တော်မြတ်ကို ဌာပနာသောစေတီအပါအဝင် ထိုပုထိုးစေတီကျောင်းများကိုလည်း အများအားဖြင့် ပီကင်းမြို့အနောက်ဘက် (Western Hill)ခေါ် မစ္ဆိမတောင်တန်းရှိ ပါတချုခေါ် နေရာတွင် တည်ထားကိုးကွယ်ခဲ့ကြသည်။

မစ္ဆိမတောင်တန်းများသည် နွေအခါ၌ နေရောင်ကြောင့် ရွှေတောင်ကြီးကဲ့သို့လည်းကောင်း၊ ဆောင်းအခါ၌ နှင်းဖတ်များဖုံးလွှမ်းနေသဖြင့် ငွေတောင်တန်းကြီးအဖြစ် လည်းကောင်း မြင်တွေ့ရ၏။

စိမ်းစိုသောသစ်ပင်ကြီးငယ် အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်အပ်သောတောတန်း ပွားများအားထုတ်စရာကောင်းသည့် နေရာတစ်ခုဖြစ်ခြင်းကြောင့် တန်မင်း၊ လျောမင်းတို့အဖို့ စေတီပုထိုးကောင်းမှုကုသိုလ်တော်များတည်ထားကိုးကွယ်ရန် ဤနေရာဌာနကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်မှာ ယုံမှားသံသယမရှိ။

ဤနေရာဌာန၌ အဓိကရုဗုဒ္ဓဘာသာကျောင်းတိုက်ကြီးရှစ်ခုရှိခဲ့သည်။ ၄င်းကျောင်းတိုက်ရှစ်ခုကို အစွဲပြု၍ "ပါရချု" ဟုခေါ်တွင်ခဲ့ကြသည်။

(တရုတ်ဘာသာစကား၌ "ပ= ရှစ်ခု၊ တ= ကြီးသော၊ ချု= နေရာ" ဟူ၍ အဓိပ္ပာယ်ရသည်။)

www.dhammaransi.com

ထိုကျောင်းကြီးရှစ်ခုမှာ –

(၁) ပါချုံကျန်၊ (၂) ဆနိကေတခု၊ (၃) လွန်ဝန်တန်၊ (၄) တာပေတဆု၊ (၅) ဆန်ရှုန်အန်၊ (၆) လင်ကွမ်တဆု၊ (၇) ကျန်အန်တဆုနှင့် (၈) မိမိုယန်တို့ ဖြစ်ကြသည်။

ကျောင်းကြီး ရှစ်ကျောင်းတို့တွင် ပါချုံကျန်မှာ တောင်ထိပ်တွင်ရှိ၍ ကျန်သော ကျောင်းတိုက်ကြီးများမှာ ပါချုံကျန်၏ အောက်ဘက်တွင် တောင်စောင်း၊ တောင်နိမ့်၊ တောပြတ်များတွင် တည်ရှိကြလေသည်။ ဤနေရာဌာနသည် တရုတ်ပြည်၏ စစ်ကိုင်းတောင်ရိုးဖြစ်သည်ဟု ဆိုရပါမည်။ ထို့ကြောင့် တောင်ကြီးရှစ်ခုအနက် လင်ကွမ်တဆုကျောင်းတိုက်ကြီးမှာ အလှပဆုံးဖြစ်သည်။

ထိုလင်ကွမ်ဆုကျောင်းတော်မှာ မြတ်စွာဘုရားစွယ်တော်နှင့် များစွာဆက်စပ်လျက်ရှိသည်။

ဗုဒ္ဓစွယ်တော်မြတ်ကို ဌာပနာတည်ရာ မူလစေတီတော်သည် ခရစ်သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်၌ တရုတ်ပြည်တွင်းစစ်ဖြစ်ပွား၍ ပျက်စီးပြိုကျသွားခဲ့ရသည်ဟု ဆိုသည်။ ဤအချက်နှင့်ပတ်သက်၍ ရာဇဝင်မှတ်တမ်းများကို ရှာဖွေကြည့်ရှုသောအခါ ဂျူးလိယက် ဘရီဒွန်ဆိုသူ၏ ပီကင်းမြို့အကြောင်းမှတ်တမ်းများတွင် ဤသို့တွေ့ရှိရပေသည်။

ဂျူးလိယက်ဘရီဒွန်က ပါတချုံရှိ ကျောင်းတော်ကြီး ရှစ်ကျောင်းကို ဖော်ပြရာ၌ "လင်ကွမ်တဆု၊ မြန်မာဘာသာအားဖြင့် ထူးဆန်းသော အလင်းရောင်ကျောင်းတိုက်ကြီးသည် အလှအပဆုံးဖြစ်၍ (၁၁၆၂ ခုနှစ်တွင် ကျင်မင်းများ (Chins) လက်ထက်၌ တည်ဆောက်ခဲခြင်းဖြစ်သည်။ ၄င်းကို မင်း(ခ်) (Mings)က ပြုပြင်မွမ်းမံခဲ့ကြလေသည်။ ယင်းဘုရင်မှာ ဤကျောင်းတော်ကြီးများတည်ရာ ကုသိုလ်တော်ချောင်နှင့် အထူးတလည်ဆက်သွယ်ခြင်းရှိခဲ့ကြလေသည်။ ရှိပုံမှာ "ဆွေဝေ" ခေါ်၄င်းတို့၏ မင်းသမီးတစ်ပါးကို ဤလင်ကွမ်တဆုကျောင်းတော်အတွင်း၌ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြ၍ ၄င်းကျောင်းတော် အထက်တောင်ကို "ဆွေဝေ"ရှုန်တောင်ဟု အမည်တွင်စေခဲ့ကြလေသည်။ မင်းသမီး၏ သချိုင်းမှာ ပျောက်ကွယ်၍သွားလေပြီ။ ထိုနည်းတူစွာပင် ထိုနေရာဒေသ၏ ထူးခြားတင့်တယ်လှသော အထိမ်းအမှတ်သဖွယ်ဖြစ်၍ လင်ကွမ်တဆုကျောင်းတော်ကြီး၏ ကျက်သရေကို ဆောင်လျက်ရှိသော လှပသည့်စေတီဖြူသည်လည်း ခရစ်သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်တွင် နိုင်ငံခြားသား စစ်တပ်များဖျက်ဆီးခြင်းကိုခံခဲ့ရပြီ" ဟု ဂျူးလိယက်ဘရီဒွန်က ဆိုထားလေသည်။

သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်၊ မန်ချူးမင်းဆက်၏ နောက်ဆုံးမင်းဆက်မတိုင်မီ ပီကင်းမြို့တွင် စိုးစံသော နာမည်ကျော် တဖုရှိခေါ် ဘုရင်မကြီးလက်ထက်၌ ဘောက်ဆာသူပုန် (Boxer Rebellion) ထကြွခဲ့ရာ ၄င်းကို တိုက်ခိုက်နှိမ်နင်းရန် နိုင်ငံပေါင်းစုံ စစ်တပ်တစ်တပ်ကို နိုင်ငံခြားအစိုးရများကတိုယန်ဆင်မှ ပီကင်းမြို့နယ်သို့ စေလွှတ်ခဲ့ကြလေသည်။ ဘောက်ဆာသူပုန်များသည် ပီကင်းမြို့အနောက်ဘက် ပစ္ဆိမတောင်တန်းများသို့ ပြေးလွှားခိုအောင်းကြရာ ပါတဆုကျောင်းတိုက်ရှိဗုဒ္ဓဘာသာဘုန်းတော်ကြီးများက အကာအကွယ်ပေးခဲ့ကြလေသည်။

ဤတွင် နိုင်ငံခြားစစ်တပ်များက သူပုန်များကိုလိုက်လံနှိမ်နင်းရာ၌ ပစ္ဆိမတောင်သို့ရောက်ရှိပြီး သူပုန်များကိုအကာအကွယ်ပေးရမည်လားဟု ဘုန်းတော်ကြီးများအား အမျက်ထားကာ ဘုရားပုထိုးစေတီများကို ဖျက်ဆီးခဲ့ကြလေသည်။

www.dhammaransi.com

ဂျူးလီယက်ဘရီဒွန်၏ မှတ်တမ်းများကို ထောက်ရှုလျှင် ယခုစွယ်တော်ကို ဌာပနာ၍ တည်ထားခဲ့သော မူလစေတီမှာ နိုင်ငံခြားစစ်တပ်များဖျက်ဆီး၍ ပျက်စီးခဲ့သော လင်ကွမ်တဆူကျောင်းတိုက် အထက်တောင်ပေါ်ရှိ ပုလဲရောင် ဘုရားဖြူပင် ဖြစ်လိမ့်မည်ဟု ယူဆရန်ရှိပေသည်။ စုံစမ်းသိရှိရသမျှ ဌာပနာထားရာ စေတီသည် ဖျက်ဆီးခြင်းခံရပြီးနောက် စွယ်တော်ကိန်းဝပ်ရာ ဌာပနာကြွတ်သည် စေတီမှပြိုကျသော အုတ်ခဲများ၊ ကျောက်ခဲများအောက်တွင် မြတ်ဗုဒ္ဓ၏ မွေတော်စစ်ဖြစ်သည့်အားလျော်စွာ အထိအခိုက် အပျက်အစီးမရှိဘဲ ကာလအတန်ကြာအောင်ပင် ကိန်းဝပ်နေခဲ့ရာ မည်သူမျှ မသိရှိခဲ့ကြသည်ဟု ဆိုလေသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေးဟောင်းသုတေသနဌာနမှ ရာဇဝင်သမိုင်းအရ ထိုစေတီ အပြိုအပျက်များကို ရှင်းလင်းကြည့်ရာတွင် ဌာပနာကြွတ်ငယ်ကို ကျောက်သေတ္တာကြီးအတွင်း၌ တွေ့ရှိကြ၍ ကမ္ဘည်းစာဟမ်းများကို ဖတ်ရှုလေ့လာကြရာ "မြတ်စွာဘုရား၏ စွယ်တော်အစစ်ဖြစ်ကြောင်း" ထင်လင်းစွာသိရှိကြကာ တောင်ခြေရှိလင်ကွမ်တဆူကျောင်းတော်သို့ပင့်ဆောင်၍ ကိုးကွယ်ထားကြလေသည်။ ထိုမှတစ်ဆင့် ယခု စွယ်တော်မြတ် စံမြန်းကိန်းအောင်းတော်မူရာ ကွမ်ချီတဆူကျောင်းတော်သို့ ပင့်ဆောင်ခဲ့ကြသည်။

မြတ်စွာဘုရား၏ စွယ်တော်မြတ်နှင့်ပတ်သက်၍ တရုတ်ဘာသာဖြင့် ရာဇဝင်သမိုင်းရေးထားရာမှ မြန်မာဘာသာဖြင့်အကျဉ်းချုံး၍ ဘာသာပြန်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

" ဗုဒ္ဓဝင်မှတ်တမ်းအရ သကျမုနိ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် ဝင်ခဲ့တော်မူသောအခါ ဓာတ်တော်အမြောက်အမြားနှင့်တကွ စွယ်တော်မြတ်လေးဆူ ကျန်ရှိခဲ့သည်။ ၄င်းစွယ်တော်မြတ် လေးဆူအနက်တစ်ဆူသည် တရုတ်ပြည်သို့ ရှေးအခါကတည်းက ကြွမြန်းရောက်ရှိတော်မူသည်။ "ပေဟန်" မင်းဆက် (ကျန်ဟွေ)၊ သက္ကရာဇ် ၇ ခုနှစ် (ခရစ်သက္ကရာဇ် ၁၀၇၁)၊ မြန်မာသက္ကရာဇ် (၄၃၃) ခုနှစ်တွင် နန်းရင်းဝန် "ရာလွရမ်ရှင်း" ၏မိခင်ဖြစ်သော ယင်းတိုင်းပြည်မှ မိဖုရား "ဂျင်" သည် ပီကင်းမြို့ စိစန် (ရှိရန်) ခေါ် အနောက်တောင်တန်း (ယခု ပါတချူ) ဟု ခေါ်ဝေါ်လျက်ရှိသည်တွင် မြတ်စွာဘုရားစွယ်တော်ကို ဌာပနာ၍ အထပ်ဆယ်ထပ်ရှိသော "ပါလင်" ခေါ် ရှစ်ထောင့်စေတီကို တည်ခဲ့လေသည်။ ၄င်းစေတီတည်ရာ၌ အသုံးပြုသော ကျောက်ချပ်တိုင်းတွင် မြတ်စွာဘုရားစွယ်မြတ်ပုံတော်များ၊ စေတီတော်ပုံများကို ထုထွင်းထားခြင်းကြောင့် ၄င်းစေတီကို "ပန်းချီပေါင်းစုံစေတီ" ဟု ခေါ်ဝေါ်ကြသည်။ စေတီလေးမျက်နှာတွင် သံမီးအုပ် ၁၆ ခုရှိသည်။

စေတီထိပ်ဆုံးရှိကျောက်ပြားပေါ်တွင် "ဘုရင်၏ဆရာလည်းဖြစ်သော စစ်သေနာပတိချုပ်လည်းဖြစ်သော၊ နန်းရင်းဝန်လည်းဖြစ်သော မဟာကျောင်းတော် မင်းသား၏ မိခင်၊ ယင်းတိုင်းပြည်မှ မိဖုရား "ဂျင်" ၏ ကောင်းမှုဖြစ်သော ဤစေတီတော်သည် ရှင်ယုံသက္ကရာဇ် ၇ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၀၇၁၊ မြန်မာသက္ကရာဇ် ၄၃၃ တွင် တည်ဆောက်ပြီးစီးသည်ဟူသော စာများကို ထွင်းထားသည်။

မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ထည့်သွင်းထားသော စန္ဒကူးသေတ္တာပေါ်တွင် "သကျမုနိ မြတ်စွာဘုရား၏ စွယ်တော်မြတ်ဓာတု" ဟုလည်းကောင်း၊ သေတ္တာဘေးတွင် (တျန်ဟွ့) သက္ကရာဇ် ၇ ခုနှစ်၊ ၄ လ (၂၃) ရက်နေ့ဟူသော တရုတ်စာနှင့် သင်္ကရိုက်ဘာသာများ ရေးထားသည်။

www.dhammaransi.com

၁၉၀၀ ပြည့်နှစ်တွင် နယ်ချဲ့ ရှစ်နိုင်ငံပေါင်းစုံသည် ပီကင်းမြို့တော်သို့ ကျူးကျော်ဝင်ရောက်လာရာ စေတီတော်မှာနယ်ချဲ့ကျူးကျော်ရေးသမားတို့၏ အမြောက်ဒဏ်ကြောင့် ပြိုပျက် သွားသည်။

သို့သော်မြတ်စွာဘုရားစွယ်တော်မြတ်ကို စေတီ၏အခြေအုတ်မြစ်တွင် ဌာပနာထားသောကြောင့် ထိခိုက်ပျက်စီးခြင်းမရှိပေ။ ထိုနောက်လင်ကွမ်တဆု ကျောင်းတော်မှ ဘုန်းတော်ကြီးများကမြတ်စွာဘုရားစွယ်တော်မြတ်နှင့် စန္ဒကူးသေတ္တာကိုတူးဖော်ရရှိခဲ့လေသည်။ ၄င်းလင်ကွမ်တဆုကျောင်းတော်တွင်ပင် ထိန်းသိမ်းပူဇော်ထားရှိခဲ့လေသည်။

၁၉၅၅ ခုနှစ်နှစ်ဦးတွင် မြတ်စွာဘုရားစွယ်တော်မြတ်ကို တရုတ်ပြည်ဗုဒ္ဓဘာသာအဖွဲ့ချုပ်မှပင့်ဆောင်၍(ကွမ်ချီတစ်ဆု) ကျောင်းတော်တွင် ရတနာခုနစ်ပါးစီခြယ်ထားသော ရွှေစေတီအတွင်းရှိပဒုမ္မာကြာကလပ်ပေါ်တွင် ပူဇော်ထားရှိလေသည်။

မြတ်စွာဘုရား၏စွယ်တော် ထည့်သွင်းထားသော စန္ဒကူးသေတ္တာပေါ်တွင် တရုတ်စာများကို အောက်ပါအတိုင်းအဓိပ္ပာယ် ပြန်ဆိုရရှိပါသည်။

သေတ္တာအဖုံးထိပ်တွင်-

ကျောင်း	...	သ
ကြီး	...	ကျ
ရှင်	...	မု
ဘိက္ခု	...	နိ
ယိကျယ်	...	မြတ်
မဟာထေရ်	...	စွာ
စုံထုန်း	...	ဘုရား
	...	၏
	...	စွယ်
	...	တော်
	...	မြတ်
	...	ဓာတု

သေတ္တာအဖုံးဘေးနှစ်ချက်တွင် ရဟန်းတော်များဘွဲ့အမည်များမှာ-

စန့်ကျူန်း	...	ကဟောရှင်ကောက်
ဟွေ့ကျင်း	...	စာမိကျူအော်

သေတ္တာနံဘေးတွင်-

ကျန်ဟွေသက္ကရာဇ်(၇)ခုနှစ် (၄)လ၊ (၂၃)ရက်နေ့စွဲ မှတ်တမ်း သကျမုနိ၊ မြတ်စွာဘုရား၏စွယ်တော်မြတ် ဓာတုဘိက္ခုစုံဟွေ့။

သေတ္တာအောက်တွင်-

" စုံဟွေ့ " ဟု ရေးသားထားသည်။

တရုတ်ပြည်တွင် အစောဆုံးတည်ဆောက်ခဲ့သော ဗုဒ္ဓဘာသာဘုန်းကြီးများသည် ဟိုနန်ပြည်နယ် လိုရန်ဒေသ၌ရှိသော မြင်းဖြူဘုန်းတော်ကြီးကျောင်း ဖြစ်လေသည်။ ထိုကျောင်းသည်

www.dhammaransi.com

ခရစ်သက္ကရာဇ် (၅၈–၇၅) အတွင်း တည်ဆောက်ခဲ့သောကျောင်း ဖြစ်လေသည်။ ထိုကျောင်းတွင် အိန္ဒိယဗုဒ္ဓဘာသာဘုန်းတော်ကြီး ကဿပမာတင်္ဂနှင့် ဓမ္မရက်စ နှစ်ပါးတို့ သီတင်းသုံးနေထိုင်၍ ဗုဒ္ဓဘာသာသုတ္တန်တရား များကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့ကြလေသည်။

ထိုဘုန်းကြီးကျောင်းသည် တရုတ်ပြည်တွင်ပထမဆုံးတည်ဆောက်သော ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဖြစ်သည်ဟု အဆိုရှိပါသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းကို ခရစ်သက္ကရာဇ် (၅၈) လောက်တွင် တည်ဆောက်နိုင်ခဲ့လျှင် တရုတ်ပြည်သို့ဗုဒ္ဓဘာသာ ဘိစီ (၅၀) ပတ်ဝန်းကျင်လောက်ကတည်းက ရောက်ရှိနေသည်ဟု ခန့်မှန်းနိုင်ပေသည်။

(၅) ရာစုတွင် တရုတ်ပြည်ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဖာဟိယန်သည် တရုတ်ပြည် ချန်ကအန်မှ စတင်ခရီးထွက်ခဲ့သည်။ ဂိုဘီသဲကန္တာရကြီးကိုဖြတ်ကျော်၍ အိန္ဒိပြည်ထဲသို့ စွန့်စားသွားခဲ့သည်။ သူသည် အိန္ဒိအလယ်ပိုင်းသို့အသွား လမ်းခရီးတွင် ခြောက်နှစ်ကြာခဲ့သည်။ အိန္ဒိပြည် ဇမ္ဗူဒိပ်ကျွန်း၌ ခြောက်နှစ်နေ၍ သီဟိုဠ်တွင် နှစ်နှစ်၊ စုစုပေါင်း ၁၄ နှစ်ကြာ ခရီးသွားသူဖြစ်သည်။ သူ၏ခရီးသွားမှတ်တမ်းတစ်နေရာတွင် ဤသို့ရေးသားထားသည်။

" ကာရဂါရိတိုင်းပြည် "သို့ရောက်၍ ဝိဈင် အစရှိသော ပုဂ္ဂိုလ်တို့နှင့် တွေ့ရပြန်သည်။ ၄င်းတိုင်းပြည်၌ ဘုရားရှင်ကိုယ်တော်မြတ် သုံးဆောင်တော်မူ၍ ပရိဘောဂစေတီအပါဝင် ဖြစ်တော်မူသော ကျောက်ဖြင့်ပြုလုပ်ထားသော ထွေးခံတစ်ခုရှိ၍ ၄င်း၏အရောင်အဆင်းမှာ သပိတ်ရောင်ကဲ့သို့ ရှိဘိသောဟူ၏။ မြတ်စွာဘုရားစွယ်တော်တစ်ဆူသည်ရှိ၍ တိုင်းသူ၊ ပြည်သား တို့သည် စေတီတော်၌ ဌာပနာပြီးလျှင် ကိုးကွယ်ပူဇော်ကြလေသည်။ ၄င်းပြည်၌ ဟီနယာနဂိဏ်းဝင် ရဟန်းတော်တစ်ထောင်တို့ သီးတင်းသုံးနေကြသည်။

၄င်း၏ တရုတ်ပြည် အပြန်ခရီးတွင် ဝိနည်းပိဋကတ်တော်များကို ဝါးခြမ်းပြားဖြင့် ရေး၍ လည်းကောင်း၊ ရုပ်ပွားတော်များကိုလည်းကောင်း၊ ဓာတ်တော်များကိုလည်းကောင်း ပင့်ဆောင်လာခဲ့လေသည်။

တစ်ဖန် ၇ ရာစုတွင်လည်း တရုတ်ဗုဒ္ဓဘာသာဘုန်းတော်ကြီးရှင်ကျန်သည် အိန္ဒိယပြည်သို့ကုန်းလမ်းခရီးဖြင့် စွန့်စားသွားရောက်ပြန်ပါသည်။ ဖာဟိယန် အိန္ဒိယပြည်သို့သွားချိန် အသက် ၆၅ နှစ်ရှိ၍ ရှင်ကျန်သွားသည့် အချိန်တွင် ရှင်ကျန်သည် အသက် ၂၆ နှစ်မျှသာ ရှိသေးသည်။ ရှင်ကျန်သည် ရှိဘီသဲကန္တာရမှ ဖြတ်ကျော်၍ အိန္ဒိယပြည်မြောက်ပိုင်းဘက်မှ ခြေကျင်တစ်ဖုံ၊ မြင်းနှင့်တစ်မျိုး သွားရောက်ခဲ့သည်။ ရှင်ကျန်သည် ခရစ်နှစ် ၆၂၉ တွင် အိန္ဒိယပြည်သို့ ရောက်ရှိ၍ ၁၆ နှစ်ကြာလေ့လာပြီး တရုတ်ပြည်သို့ ခရစ်နှစ် ၆၄၅ ခုနှစ်တွင် ပြန်လည်ရောက်ရှိသည်။ သူပြန်လာသောအခါ၌လည်း ဗုဒ္ဓဘာသာကျမ်းများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ဓာတ်တော်မွေတော်များ အများအပြားပါလာသည်။

ဤသို့ဖြင့်တရုတ်ပြည်တွင် ၇ ရာစုလောက်၌ ဗုဒ္ဓဘာသာစာပေ၊ ရဟန်းတော်၊ ကျောင်းများ၊ စေတီပုထိုးများနှင့်ဓာတ်တော်မွေတော်များရောက်ရှိထွန်းကားနေကြောင်းလေ့လာတွေ့ရှိရလေသည်။

ကျမ်းကိုး ၁။ ဗုဒ္ဓအဲတော်မြတ်သမိုင်း(ရမည်းသင်းသီလဝ)

၂။ ဗုဒ္ဓအဲတော်မြတ်သမိုင်း

ဦးဘကော်ရည်

(ဓမ္မာစရိယ–ဘီအေ) ၁၉၈၃။

ပြင်ဦးလွင် ချစ်ဆွေ

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော်သော မင်းတုန်းမင်းတရားကြီး

ရတနာပုံ မန္တလေးမြို့တည် မြန်းစံကျော် ရွှေနန်းတော်တည်သော ပဉ္စမသင်္ကယနာတင် မင်းတုန်းမင်းကြီး (အေဒီ ၁၈၅၃-၇၈) လက်ထက် မြန်မာသက္ကရာဇ် ၁၂၂၁ ခု (အေဒီ ၁၈၅၉) တွင် သီဟိုဠ်နိုင်ငံမှ မြတ်စွယ်တော်ဟူး:တစ်ဆူ ဓမ္မလက်ဆောင်အဖြစ် ပေး:ဆက်လာသည်။ ပေး:ဆက်ရသော အကြောင်း:မှာ သီဟိုဠ်ရဟန်း:တော်တို့ သိမ်အယူဝါဒကွဲပြား:နေသော အမှုကိစ္စကို မန္တလေး:ရွှေမြို့တော်ရှိ သာသနာပြုဆရာတော်ထံ တင်ပြအဆုံး:အဖြတ်ခံယူရာ ဆရာတော်က သံဃာအမျာ:နှင့်တိုင်ပင်၍ စီရင်ဆုံး:ဖြတ်ပေး:သဖြင့် ပြေလည်သွား:သည်။ ဤကျေး:ဇူး:ကို တုံ့ပြန်ခြင်း:ဖြစ်သည်။

ကုန်း:ဘောင်ဆက် မဟာရာဇဝင်တော်ကြီး: တတိယတွဲ စာမျက်နှာ ၂၇၆-၂၇၈ တွင် သီဟိုဠ် စွယ်တော်ဟူး: ရောက်လာကြောင်း:ကို အောက်ပါအတိုင်း: ဖော်ပြထား:သည်။

"ထိုသက္ကရာဇ် ၁၂၂၁ အတွင်း: သီဟိုဠ်၊ ကဏ္ဍာတိတ္တမြို့နေ ရဟန်း:ရှင် ဓမ္မကွန္ဒ၊ ရှင်ဝဏ္ဏာရတန ဦး:ဆောင်သောသီဟိုဠ်ရဟန်း:တို့ သိမ်အယူဝါဒကွဲပြား:သောအမှုကို တင်ပြဆုံး:ဖြတ်ရန် ရွှေမြို့တော်သို့ ရောက်လာသည်။ မြန်မာသာသနာပြုဆရာတော်ထံ လျှောက်ထား:ပြီး: သိမဝိနိစ္ဆယ အဆုံး:အဖြတ်ကို ယူ၍ ပြန်သွား:ကြသည်။ ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်လိုကြောင်း: စာပါ:လိုက်သည်။ သီဟိုဠ် မထေရ်ကြီး:များ:အတွက် ပရိက္ခရာလှူဒါန်:ပြီး: သီဟိုဠ်ကျွန်:အုပ်ချုပ်သူများ:အတွက် လက်ဆောင်တော်များ:နှင့် စာပါ:လိုက်သည်။ အတွင်း:တော်မြို့ ငကြီး:၊ သီလသမာဓိရှိသူ ဥပုသ်တော်ခေါင်း:၊ ငမွှေး:၊ ငအောင်ထွန်:တို့ကိုပေး:အပ်သည်။ ရှင်ဓမ္မကွန္ဒ၊ ရှင်ဝဏ္ဏာရတနတို့နှင့်အတူ ဆက်၍သံဃာစေသည်။ အကြောင်း:စုံ လျှောက်ထား:ပြီး: မင်း:နှင့် မထေရ်တို့ စွယ်တော်ကျောင်း:သို့ သွား:၍ ပူဇော်ဝတ်ပြုတောင်း:ပန်သောအခါ စွယ်တော်ဟူး:တစ်ဆူ ရလာသည်။"

"သီဟိုဠ်မင်း:၊ ရဟန်း:တော်တို့က ရတနာပုံပြည်ကြီး:သခင် သာသနဒါယကာ၊ တရား:မင်း:မြတ်ကိုး:ကွယ်ရန် ယင်း:စွယ်တော်ဟူး:နှင့်အတူ ဓာတ်တော်၊ ရုပ်ဟူး:ဆင်း:တုတော်၊ ဗောဓိပင်တော်၊ ဗောဓိဒက္ခိဏာသာခါ၊ ဘုရား:ဂူကျောင်း: တန်ဆောင်း:သိမ်ပုံများ:ကို ပေး:အပ်လိုက်သည်။"

"မြန်မာနိုင်ငံသို့ရောက်လာသောအခါ မလွန်မြို့တွင် ရပ်နား:သည်။ ရေနံချောင်း:မြို့စား: အတွင်း:ဝန်မင်း:ကြီး: မဟာမင်း:ကျော် မင်း:ခေါင်တို့ ပင့်ဆောင်လာရာ နေပြည်တော်က ဝန်ထောက်ဘောင်ပန်မြို့သစ်မြို့စား:၊ မဟာမင်း:ထင်သီဟသူကို လှော်ကား:တော် ရဲလှေခတ် လှေတော်များ:နှင့် ကြိုး:ကြပ်ကြိုယူလာပြီး: စစ်ကိုင်း: အောင်မြေလောကဆိပ်ကမ်း:သို့ရောက်ရှိလာရာ အသင့်ဆောက်ထား:သော ဘုံဆောင်သို့ပင့်၍ ကိန်း:ဝပ်စံပယ်စဉ် ပွဲသဘင်ကြီး:ခံသည်။ ထိုမှ ပင့်ဆောင်လာရာ အဝမြို့သို့ရောက်ရာ ပြည်သူတို့ကို ရက် ၃၀ ခန့် ဖူး:မြော်ခွင့်ပေး:သည်။ ထိုမှ အမရပူရ၊ ရှမ်:ကလေး:ကျွန်:ဆိပ်ရောက်လာရာ အသင့်ဆောက်ထား:သောတန်ဆောင်:တွင် ကိန်း:ဝပ်ရာ ပြည်သူတို့ လေး:ရက် ဖူး:မြော်ပူဇော်ကြသည်။ ထိုမှ ရွှေမြို့တော်သို့ ပင့်ဆောင်ရာ ရွှေမြို့တော်ဘောင်တော်ဆိပ်သို့ ရောက်လာသည်။"

"သက္ကရာဇ် ၁၂၂၁ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့၊ တပ်ဝင်:အခင်:အကျင်: ပွဲသဘင်စုံများ:နှင့် မြစ်ဆိပ်မှ စွယ်တော်ကိန်း:ဝပ်သည့် ရတနာပန်း:တောင်း၊ ဓာတ်တော်ကိန်း:ဝပ်သည့် မြထပ်ကွမ်း:ခွက်တော်များ:ကို ရတနာထမ်း:စင်တော်ထက် တင်ဆောင်စေ၍ စန္ဒီမာဘိသိရိဝဇ မဟာဓမ္မ

www.dhammaransi.com

ရာဇာဓိရာဇဂုရုတံဆိပ်တော်ရ စံကျောင်းဆရာတော် ပိုက်ပွေ့လျက် စိန်ဆင်းတုတော်နှင့် ဆင်းတုတော်များကို ရတနာဝေါတော်ထက် တင်ဆောင်၍ ဝိရိယာရမ္ဘဓဇ ဓမ္မသီရိ မဟာဓမ္မရာဇဂုရုတံဆိပ်တော်ရ လှထွေဆရာတော်ပိုက်ပွေ့လျက် ဗောဓိညောင်တော်မှာ မောရိယပစ္စယနာဂရာဇ ဆင်မင်းထက် ဗောဓိဒက္ခိဏာသာခါနှင့် ဘုရားဂူကျောင်း တန်ဆောင်းသိမ်ပုံများမှာ လင်းဇင်းဝေါတော်နှင့် အသီးသီး တင်ဆောင်ပင့်ခဲ့ရ၏။ စွယ်တော် ဓာတ်တော် ဆင်းတုတော်များ ‘ရွှေးတော်ယူ’ တံခါးသို့ ရောက်လျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား၊ အရှင်မိဖုရားခေါင်ကြီးဘုရား၊ မင်းမိဖုရား မင်းညီမင်းသားတို့နှင့် စွယ်တော်ကျောင်းမနီးမဝေး ကွန်းထောက်နန်းတော်တွင် စောင့်နေတော်မူ၍ ပင့်ဆောင်ခဲ့သောစွယ်တော် ဝေါယာဉ်သို့ရောက်ကာလ မင်းတရားကြီးကိုယ်တော်တိုင် စွယ်တော်မြတ်ကို ပဟိုရ်စင်အနောက် ကောင်းမွန်ကြီးကျယ်စွာ ဆောက်လုပ်မွမ်းမံခြယ်လှယ်အပ်သော ကန္ထားဖျင်းပတ်လည် အာလိန်ငါးဆင့်ခံ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းတော်သို့ ပင့်ဆောင်သည်။ ဓာတ်တော်ကို တစ်ခေါက်ပင့်ဆောင်သည်။ ကျန်ရုပ်ပွားဆင်းတု ဗောဓိညောင်တော်များကို မင်းညီမင်းသား အတွင်းဝန်တို့ ပင့်ဆောင်သည်။ မင်းတရားကြီးပူဇော်စဉ် ပေါက္ခရဝဿမိုးရွာသည်။ ဆရာတော် ရဟန်းတော်များ ပြန်ကြွပြီး မိဖုရားများ စွယ်တော်ဖူးမြော်သည်။ ဓာတ်တော် စိန်ဆင်းတုတော်၊ ဗောဓိဒက္ခိဏာသာခါ ဆင်းတုတော်များကို သားတော်တို့က ရှေ့ကပင့်ဆောင်ပြီး ရွှေနန်းတော်သို့ ဝင်တော်မူသည်။”

“ရွှေနန်းတော်ဦးဘုရားကျောင်းမှာ သွင်းထားပူဇော်သည်။ နောက်စွယ်တော်မြတ်ကို ပြည်ဆရာတော် သီတင်းသုံးနေသော မဏ္ဍလာရာမတိုက်အတွင်း အရှေ့တောင်ထောင့် သိမ်ပြာသာဒ်သို့ ပင့်ဆောင်ကိန်းဝပ်တော်မူစေသည်။ ပြည်သူဖူးစေရသည်။ နောက် နန်းတော်သို့ပင့်သည်။”

ရွှေမြို့တော် ၇ ဋ္ဌာနအဝင်ဖြစ်သော မဟာလောကမာရဓိန်စေတီတော်၊ ဒုတိယဋ္ဌာပနာတိုက်တွင် သက္ကရာဇ် ၁၂၂၃၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့ ဋ္ဌာပနာသည်။ မဟာဗောဓိညောင်တော်ကို မင်းကြီးနံသင့်ရာ၊ မူလပရိဝါရအရပ်မှာ အာယုအရပ်ဖြစ်သော တောင်စူးစူးတွင် စိုက်ပျိုးတော်မူသည်။

ဒေါက်တာ ခင်မောင်ညွန့်

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပင့်ဆောင်ပူဇော်ပွဲတွင်
ရန်ကုန်လေဆိပ်၌ ဝတ္ထာကျော်ထင် ဦးစိန်အောင်မင်း ရွတ်ဆိုပူဇော်သည့်

ဓမ္မတေး

ဒက္ခိဏာ ပရိမာဒေဝေ နာဂေ ဒက္ခိဏာဟေဋ္ဌိမာ၊
ဝါမာပရိ သီဟဠဒီပေ ကာလိင်္ဂေ ဝါမဟေဋ္ဌိမာ၊
သမ္မဒ္ဓဿ စတုဒါဋ္ဌာ အဟံဝန္ဒာမိ ဒူရတော။

ဒက္ခိဏာပရိမာ၊ လက်ယာအထက် စွယ်တော်မြတ်သည်။ ဒေဝေ၊ နတ်ပြည်၌။ ဋ္ဌိတာ၊ တည်တော်မူပါပေ၏။ ဒက္ခိဏာဟေဋ္ဌိမာ၊ လက်ယာအောက် စွယ်တော်မြတ်သည်။ နာဂေ၊ နဂါးပြည်၌။ ဋ္ဌိတာ၊ တည်တော်မူပါပေ၏။ ဝါမာပရိ၊ လက်ဝဲအောက်စွယ်တော်မြတ်သည်။ သီဟဠဒီပေ၊ သီဟိုဠ်ကျွန်း၌။ ဋ္ဌိတာ၊ တည်တော်မူပါပေ၏။ ဝါမဟေဋ္ဌိမာ၊ လက်ဝဲထက်ရပ် စွယ်တော်မြတ်သည်။ ကာလိင်္ဂေ၊ ကာလိင်္ဂရာဇ်၊ မည်စက်သမုဿ၊ တရုတ်ပြည်မ၊ စံဌာနဝယ်၊ ဋ္ဌိတာ၊ တည်တော်မူပါပေ၏ဘုရား။

သမ္မဒ္ဓဿ၊ မြတ်စွာဘုရား၏။ စတုဒါဋ္ဌာ၊ လေးဆူသောဓာတ် စွယ်တော်မြတ်တို့ကို။ မယံ၊ အကျွန်ုပ်တို့သည်။ ဒူရတော၊ မြန်ပြည်သာစွာ့ ဝေးဋ္ဌာနမှ။ ဝန္ဒာမိ၊ ဖူးလို့လည်းမဝ၊ မြော်လို့လည်းမဝ၊ (သြော်) ပူဇော်လို့လဲမဝပါသဖြင့်၊ လွမ်းစတွေဖြာ၊ လွမ်းမိုးတွေရွာပြီးလျှင် (ဘဂဝါဘုရား)၌ ရယ်လို့၊ အခါခါတ ကာ၊ ဂါရဝရိကျိုးပြီး၊ ရိုခိုးကန့်တော့လိုက်ရပါသည်ဘုရား။ ။

ရေး * ဦးအောင်တင်ဝင်း (ဘီအေ)
ဆို * ဝတ္ထာကျော်ထင် ဦးစိန်အောင်မင်း

သာစွာ့မြန်မာ၊ ကြွရောက်လာသည့်
လေးဖြာစွယ်မြတ်၊ တဆူဓာတ်သည်
ထက်ရပ်ဌာနီ၊ အောက်မြန်ပြည်သို့
ဖြန့်ချီကြွလှမ်း၊ ပူဇော်ခန်းကို
ရွှင်လန်းကြည်သာ၊ ပြည်မြန်မာ၌
ရာဇာစိုး၊ နဝတနှင့် မျာ:လှဒါယကာ
မျိုးမြန်မာတို့၊ သဒ္ဓါဖြိုးကြွ၊ ဖူးမြော်ကြ၍
အာ:ရကြည်သာ၊ ပူဇော်ပါလေ
ချိန်ခါစေ့ညောင်း၊ စံရွှေ့ပြောင်းဖို့
ဆင်ကောင်းယဉ်သာ၊ မင်္ဂလာဖြင့်
ရတနာလေယာဉ်၊ ကွင်းသို့ဝင်သည့်
ဓာတ်စွယ်တော်ကို၊ ကော်ရော်ညွတ်ခ
ဦးနှိမ်ချဖို့၊ ဓမ္မရွှေစည်၊ ရိုက်ဟည်းမြည်သည်
အဆွေလီ ဂါရဝပြုစေသော်....။

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော်သော ကုန်းဘောင်ခေတ်မင်းများ

ကုန်းဘောင်ခေတ်မင်းများလက်ထက်တွင် တရုတ်ပြည်နှင့် ဆက်သွယ်မှုများခဲ့သည်။ ရတနာသိခီ၊ ရွှေဘို၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ၊ ရတနာပုံ မန္တလေး ဟူသော ရွှေမြို့တော်များ အထက်မြန်မာနိုင်ငံတွင် တည်ထားသဖြင့် ကုန်းကြောင်းခရီးမှ တရုတ်နေပြည်တော် ပဲကျင်သို့ သံစေလွှတ်မှုများခဲ့သည်။ အထူးသဖြင့် ဘိုးတော် (ပဒုံမင်း) လက်ထက် (အေဒီ ၁၇၈၂–၁၈၁၉) တွင် မြန်မာ–တရုတ်သံအဖွဲ့အပြန်အလှန်စေလွှတ်မှု များစွာပြုခဲ့သည်။ အေဒီ ၁၇၈၇၊ ၁၇၉၀၊ ၁၇၉၅၊ ၁၇၉၆ နှစ်များအတွင်းက တရုတ်သံအဖွဲ့လေးဖွဲ့ မြန်မာမင်းထံသို့ ရောက်ခဲ့သည်။ အလားတူ ဘိုးတော်ဘုရားကလည်း အေဒီ ၁၇၈၂၊ ၁၇၈၇ နှင့် ၁၇၉၂ နှစ်များအတွင်းက မြန်မာသံအဖွဲ့သုံးဖွဲ့ကို ပဲကျင်းမြို့တော် တရုတ်ဘုရင်ထံ စေလွှတ်ခဲ့သည်။ ဘကြီးတော်ဘုရား(အေဒီ ၁၈၁၉–၃၇) လက်ထက် အေဒီ ၁၈၂၃ နှစ်တွင် တရုတ်သံအဖွဲ့ရောက်လာ၍ အပြန်တွင် မြန်မာသံအဖွဲ့ တွဲဖက်ထည့်လိုက်သည်ကို စာဆိုတော် ဒုတိယနဝဒေးကြီးက တရုတ်သံရောက်မော်ကွန်းရေးဖွဲ့၍ မှတ်တမ်းတင်ထား သည်။

ယင်းသံအဖွဲ့များ အပြန်အလှန်စေလွှတ်ကြရာတွင် ဓမ္မလက်ဆောင်တော်များ၊ ရာဇမဟာမိတ်စာများ၊ မင်းအတွက်လက်ဆောင်တော်များ၊ အပြန်အလှန်ပေးခဲ့ကြသည်။ မြန်မာမင်းတို့က တရုတ်ဧကရာဇ်အတွက် ဆင်စွယ်များ၊ အထည်အုပ်များ၊ ကော်ဇောများ၊ ပတ္တမြားနှင့်နီလာ စီခြယ်ထားသော ဆင်စွယ်ဦးထုပ်များ၊ ပုဂံလုပ်ယွန်းထည်များ၊ ပတ္တမြားလက်စွပ်များနှင့် ဒေါင်းမြီးများကို လက်ဆောင်ပေးသည်။ တရုတ်ဧကရာဇ်က တုံ့ပြန်သောလက်ဆောင်တော်များတွင် ယပ်တောင်များ၊ မြင်းကောင်းများ၊ လက်ဖက်ရည်သောက်ကြွေထည်၊ ပန်းကန်စုံများ၊ တော်ဝင်ရွှေဝါရောင်ပိုးနှင့်ချုပ်သော သားမွေးအင်္ကျီများနှင့် လားကောင်များ ပါဝင်သည်။ ၁၇၉၀ ပြည့်နှစ် ဘိုးတော်ဘုရားလက်ထက် ရောက်လာသော တရုတ်သံတော်တို့သည် မြတ်စွယ်တော်ဟူးတစ်ဆူနှင့် သမီးကညာသုံးဦးကိုပါ ဆောင်ယူလာသည်။ ထိုမြတ်စွယ်တော်ဟူးကို နန်းဦးစွယ်တော်စင်၌ ထားရှိကိုးကွယ်ခဲ့ရာ မြေးတော် ဘကြီးတော်ဘုရား လက်ထက်တွင် အမရပူရရွှေမြို့တော် နန်းဦး စွယ်တော်စင်ကျောင်းက ရောင်ခြည်တော်လွှတ်သည်ကိုအကြောင်းပြု၍ ဂီတပညာရှင်ကြီး မြဝတီမင်းကြီးဦးစက “ထူးမခြားနား” အစချီသော “မြတ်စွယ်တော်–ရောင်ခြည်တော်ဖွဲ့” သီချင်းကြီးကို ရေးစပ်တင်ဆက်သီဆိုခဲ့သည်။ ယနေ့တိုင်အောင် မြန်မာ့ဂီတ သမိုင်းတွင် မနှိုင်းယှဉ်နိုင်သော ဓမ္မ တေးသီချင်းကြီး အဖြစ် ရပ်တည်လျက်ရှိသည်။

ဒေါက်တာ ခင်မောင်ညွှန့်

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော်သော ညောင်ရမ်းခေတ်မင်းများ

ဘုရင့်နောင်မင်းတရားကြီးသားတော် နန္ဒဘုရင်မင်းသည် စစ်ရှုံး၍ ကျဆုံးရသည်။ ဟံသာဝတီနေပြည်တော်သို့ ရန်သူများဝင်ရောက်ကာ လုယူဖျက်ဆီးခြင်းခံရသည်။ ရွှေနန်းတော်ကြီးလည်း မီးတိုက်ခံရသည်။ တောင်ငူဘုရင် မဟာဓမ္မရာဇာသည် သီဟိုဠ်မြတ်စွယ်တော်နှင့် သီဟိုဠ်မင်း၏ ဓမ္မလက်ဆောင် မြည်ဩရောင်ကျောက်သပိတ်တော်ကို တောင်ငူသို့ သယ်ဆောင်သွားသည်။ လည်း ၁၂ စီး တိုက်မျှသော နန်းတွင်းရတနာပစ္စည်းများ ဆင်းတုရုပ်တုများနှင့် ဆင်မြင်း ၇၀၀ ကိုလည်း ယူသွားသည်။

ယိုယွင်းပြိုကွဲလာသော ဘုရင့်နောင်မင်းတရားကြီး၏နိုင်ငံတော်ကို ပြန်လည်တည်ထောင်ရန်၊ သားတော်တစ်ပါးဖြစ်သော ညောင်ရမ်းမြို့စား မင်းသားက စည်းရုံးဆောင်ရွက်လာသည်။ ထိုမင်းသားသည် ညောင်ရမ်းမင်းအဖြစ် နန်းတက်ရာတွင် ညောင်ရမ်းမင်းဆက် စတင်လာသည်။ အေဒီ ၁၆၀၅ နှစ်တွင် ကဲကုန်ရာ သားတော်အနောက်ဖက်လွန်မင်း နန်းမွေခံပြီး ဖခင်၏ နိုင်ငံတော်ပြန်လည် စည်းရုံးရေးလုပ်ငန်းကို အပြီးအပြတ်ဆောင်ရွက်နိုင်သည်။ အေဒီ ၁၆၁၃ နှစ်တွင် ထောင်ထားနေသော သန်လျင်စား ငဇင်ကာ (ဒီဘရစ်တို) နှင့် အပေါင်းပါ တောင်ငူဘုရင် နတ်သျှင်နောင်တို့ကို နှိမ်နင်းလိုက်သည်။ အေဒီ ၁၆၁၀ နှစ်တွင် တောင်ငူကို တိုက်ခိုက်အောင်မြင်ရာ တောင်ငူရှိ မြတ်စွယ်တော်နှင့် သပိတ်တော်ကို အင်းဝနေပြည်တော်သို့ပင့်ဆောင်ကာ စွယ်တော်စင်၌ ကိုးကွယ်ထားသည်။ အေဒီ ၁၆၂၈ နှစ်တွင် အနောက်ဖက်လွန်မင်း ကဲကုန်သောအခါ ညီတော်သာလွန်မင်း နန်းဆက်ခံသည်။ မြန်မာသက္ကရာဇ် ၉၉၈ ခု (အေဒီ ၁၆၃၆ ခု)၊ တော်သလင်းလဆန်း ၁၀ ရက်၊ တနလ်ာနေ့တွင် စစ်ကိုင်းအနီး၌ မြေတာရွေးပြီး ရာဇာမဏိစူဠာဘွဲ့အမည်ရှိ စစ်ကိုင်းကောင်းမှုတော် စေတီကြီးတည်သည်။ စေတီတွင်း၌ များစွာသော ဓာတ်တော်မွေတော်များ၊ ဓမ္မလက်ဆောင်များ၊ ရွှေကိုယ်လေးများ၊ အရုပ်များ၊ ရတနာများနှင့်အတူ ဘုရင့်နောင်မင်းတရားကြီး လက်ထက်ကစ၍ ကိုးကွယ်ခဲ့သော မြတ်စွယ်တော်နှင့် သပိတ်တော်ကို ဌာပနာသည်။ ရာဇာမဏိစူဠာစေတီ ကျောက်စာတွင် မော်ကွန်းတင်ထားသည်။

ဒေါက်တာ ခင်မောင်ညွန့်

www.dhammaransi.com

ဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော်သော ဘုရင့်နောင်မင်းတရားကြီး

ဒုတိယမြန်မာနိုင်ငံတော်ကြီးကိုတည်ထောင်သောဘုရင်မှာ ဘုရင့်နောင် (အေဒီ ၁၅၁၁ – ၁၅၈၁) ဖြစ်သည်။ တောင်ငူမင်းဆက်မှ တတိယမြောက် မင်းဖြစ်သည်။ ကျော်ထင်နော်ရထာ၊ ဟံသာဝတီဆင်ဖြူမျာ:ရှင်၊ သီရိပဝရမဟာဓမ္မရာဇာဓိရာဇာ စသောဘွဲ့မျာ: ရရှိထာ:သော်လည်: ယောက်ဖတော်တပင်ရွှေထီ:မင်:က ချီ:မြှင့်သော " ဘုရင့်နောင် " ဘွဲ့နှင့်သာ ရာဇဝင်တွင်ခဲ့သည်။ နန်:သက် နှစ် ၃၀ အတွင်: နိုင်ငံတော်စည်:လုံ:ရေ:၊ တို:ချဲ့ရေ:၊ လုံခြုံရေ:၊ စည်ပင်ဝပြောရေ:ကို မနာ:မနေ ဆောင်ရွက်သည်။ လောက၊ ဓမ္မ၊ ရာဇ အကြောင်:သုံ:ပါ:စလုံ:တွင် မလစ်ဟင်:ရအောင် ကြို:ပမ်:ခဲ့သောကြောင့် ဗုဒ္ဓသာသနာတော် ထွန်:ကာ: ပြန့်ပွာ:လာသည်။ ရပ်နီ: ရပ်ဝေးနိုင်ငံမျာ:နှင့် ကူ:သန်:ဆက်ဆံဖောက်ကာ:ရောင်:ဝယ်သောကြောင့် ဓနအင်အာ:၊ စစ်အင်အာ: ခိုင်ဖြိ:ပြိ: ထိုအချိန် ထိုခေတ်အခါက ခေတ်မီနိုင်ငံတစ်ခုဖြစ်ခဲ့သည်။ နေပြည်တော်ဟံသာဝတီသည် ကမ်:ရိ:တန်:နှင့် မကွာသောအရပ်၌ တည်ရှိသောကြောင့် ပင်လယ်ရပ်ခြာ:နိုင်ငံမျာ:နှင့် ဆက်သွယ်မှုမျာ:ခဲ့သည်။ ပေါ်တူဂီ၊ အီတလီ၊ အိန္ဒိယ၊ ဂျာဝါ:၊ သီဟိုဠ်၊ မာလာယုတို့နှင့် သံတမန်ရေ:၊ ကုန်သွယ်ရေ:၊ နိုင်ငံရေ:၊ ယဉ်ကျေ:မှုဆက်သွယ်မှုမျာ: ပြုလုပ်ခဲ့သည်။

သီဟိုဠ်နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်:ကာ:သော နိုင်ငံဖြစ်သည်နှင့်အညီ ထိုနိုင်ငံနှင့် ဘုရင့်နောင်မင်:တရာ:ကြီ: ဆက်ဆံမှုပိုမိုမျာ:ပြာ:ခဲ့သည်။ သီဟိုဠ်နိုင်ငံတွင် ဗုဒ္ဓဘာသာညှိ:မှိန်ကျဆင်:သောအခါနှင့်ကြုံတိုင်: သီဟိုဠ်ဗုဒ္ဓဘာသာမင်:တို့က မြန်မာမင်:မျာ:ထံ သံစေ၍ အကူအညီတောင်:လေ့ရှိသည်။ သီဟိုဠ်၌ သူပုန် သူကန် ထကြွသောအခါဖြစ်စေ၊ ပြင်ပရန်သူမျာ:နှင့် ရင်ဆိုင်ရသောအခါဖြစ်စေ မြန်မာဘုရင်တို့ထံမှ စစ်ကူတောင်:ခံခဲ့ဖူ:သည်။ မြန်မာဘုရင်တို့ကလည်: သီဟိုဠ်နိုင်ငံမှ ဗုဒ္ဓဘာသာဆိုင်ရာ စာပေကျမ်:ဂန်မျာ:၊ ဓမ္မလက်ဆောင်မျာ:၊ ဘာသာရေ:ဆိုင်ရာနည်:နာစနစ်မှန်မျာ:ကို ရရှိခဲ့ကြသည်။ အထူ:သဖြင့် သီဟိုဠ်နိုင်ငံ ကန္ဒီမြို့တော်၌ ကိန်:ဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရာ:၏ အောက်လက်ဝဲမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေ:ကို သံတမန်နည်:နှင့် ကြို:ပမ်:ခဲ့ကြသည်။ ဘုရင့်နောင်မင်:တရာ:ကြီ:သည် ယင်:ကိစ္စမျာ:ကို အစွမ်:ကုန်အာ:ထုတ်ခဲ့သည်။

အေဒီ ၁၅၅၅ ခုနှစ်တွင် အဖို:တန် ကျောက်မျက်ရတနာမျာ:အပါအဝင် လူ့ဖွယ်ပစ္စည်:မျာ:ကို ကန္ဒီမြတ်စွယ်တော်ကျောင်:တော်သို့လူ့ရန် သံအဖွဲ့စေလွှတ်သည်။ မြတ်စွယ်တော်ကျောင်:၌ ဆီမီ:မပြတ် ထွန်:ညှိပူဇော်နိုင်ရန် လယ်ယာမြေဥယျာဉ်မျာ:ဝယ်၍ ဆီမီ:ထွန်:တာဝန် ကျွန်တော်မျာ:ထာ:ရှိပေ:သည်။ ပန်:ပု၊ ပန်:ချီ၊ ပန်:တဉ်:၊ ပန်:တမော့၊ ပန်:ထိမ် အစရှိသော အနုပညာရှင်မျာ:ကို စေလွှတ်၍ မြတ်စွယ်တော်ကျောင်:တော်ကို မွမ်:မံပြုပြင်စေသည်။ မိမိ၏ ဆံပင်နှင့် မိဖုရာ:ခေါင်ကြီ:၏ ဆံပင်တို့ကိုဖြတ်၍ ရတနာမျာ:စီခြယ်ထာ:သော ရွှေလက်ကိုင်တပ် တံမြက်ပြုလုပ်ကာ မြတ်စွယ်တော်ကျောင်:၌ တံမြက်လှည်:ရန် လွှဲဒါန်:သည်။

အေဒီ ၁၅၆၀ ပြည့်နှစ်တွင် ပေါ်တူဂီတို့သည် ကန္ဒီမြို့ကိုတိုက်ခိုက်ပြီ: မြတ်စွယ်တော်ကို ဂိုအာသို့ဆောင်ယူသွာ:ကြသည်။ ထိုသတင်:ကို ကြာ:သိရသောဘုရင့်နောင် မင်:တရာ:ကြီ:သည် မြန်မာ

www.dhammaransi.com

ဆိပ်ကမ်းတွင်ဆိုက်နေသော ပေါတူဂီသင်္ဘောနှင့် သံတော်များ၊စေလွှတ်ပြီး၊ ပေါတူဂီတို့ထံမှ မြတ်စွယ်တော်ကို ငွေသား၊တော်အသပြာရှစ်သိန်း၊နှင့်ရွေးယူရန်စကား၊ကမ်း၊စေသည်။ မြတ်စွယ်တော်ကို ပေး၊အပ်ပါက ပေါတူဂီပိုင်ဖြစ်နေသောမလက္ကာသို့လည်း၊ စပါး၊ရိက္ခာကို သင်္ဘောအပြည့် ပေး၊ပို့ထောက်ပံ့ပါမည်ဟုလည်း၊ ထပ်မံပြောစေသည်။ ပေါတူဂီဘုရင်ခံသည် ဘုရင့်နောင်သံများ၊စကား၊ကမ်း၊ချက်ကို လက်ခံလိုလှသည်။ ပေါတူဂီစစ်ဗိုလ်တို့ကမူ မြတ်စွယ်တော်ကို သင်္ဘောတွင်အခမ်း၊အနား၊နှင့်တင်၍ ဟံသာဝတီနေပြည်သို့ ယူဆောင်သွား၊ပါက များ၊ပြား၊လှသော အလှူငွေများ၊ ကျောက်မျက်ရတနာရွှေငွေများ၊ ရနိုင်မည်ဖြစ်ရာ ပေါတူဂီစစ်တပ်အတွက် လက်နက်ဝယ်ရန် ရန်ပုံငွေရနိုင်သည်ဟု အကြံပေး၊ကြသည်။ ပေါတူဂီ ဂိုဏ်း၊ချုပ်ဘုန်း၊ကြီး၊ကမူ ယင်း၊အကြံများ၊ကို ကန့်ကွက်သည်။ ခရစ်ယာန်သာသနာပြုရေး၊တွင် အနှောင့်အယှက်ဖြစ်မည့် မြတ်စွယ်တော်ကို ဖျက်ဆီး၊ပစ်ရန် တရား၊ဟောသည်။ အေဒီ ၁၅၆၁ ခုနှစ်တွင် ဗိုလ်ပုံအလယ်၌ မြတ်စွယ်တော်ကို အမှုန့်ထောင်း၊ကြိတ်ပြီး၊ မီး၊ရှို့၊ကာ ပြာများ၊ကို မြစ်ထဲသို့ မျှောချပစ်သည်။ သို့သော် မြတ်စွယ်တော်အစစ်ကို လုံခြုံရာ၌ ကြိုတင်ဆောင်ယူဝှက်ထား၊ခဲ့သောကြောင့် စွယ်တော်ပွား၊အတုသာ ဖျက်ဆီး၊ခံရသည်။

အေဒီ ၁၅၇၄ ခုနှစ်တွင် သီဟိုဠ်၊ ကိုလံဘိုဘုရင်က သူ၏ နန်း၊ရင်း၊ဝန်ကြီး၊ သမီး၊တော်ကို ဆက်သရန် သံအဖွဲ့စေလွှတ်သည်။ ဘုရင့်နောင်မင်း၊တရား၊ကြီး၊အား သီဟိုဠ်တွင် ဗုဒ္ဓသာသနာ ညှိုး၊မှိန်လာသဖြင့် ကူညီထောက်ပံ့ရန် သီဟိုဠ်မင်း၊က တောင်း၊ဆိုသောကြောင့် ပစ္စည်း၊လေး၊ပါး၊နှင့် သာသနာပြုရဟန်း၊တော်များ၊ စေလွှတ်ကူညီသောကြောင့် ကျေး၊ဇူး၊တုံ့ပြန်သောအနေနှင့် သမီး၊ကညာဆက်သခြင်း၊ ဖြစ်သည်။ သမီး၊ကညာနှင့်အတူ ဗုဒ္ဓမြတ်စွယ်တော်ပွား၊တစ်ဆူနှင့် လက်ဆောင်တော်များ၊ကိုပါ ပေး၊ဆက်လိုက်ရာ သမီး၊ကညာကို မိဖုရား၊မြှောက်ပြီး၊ မြတ်စွယ်တော်ပွား၊ကို မဟာစေတီတွင် ဌာပနာသည်။

အေဒီ၊ ၁၅၇၆ ခုနှစ်တွင် သီဟိုဠ်တွင် ပုန်ကန်ထကြွမှုများဖြစ်လာပြီး၊ နိုင်ငံတော်ပြိုကွဲမည့် အန္တရာယ်နှင့် ကြုံရသည်။ သီဟိုဠ်ကျွန်း၊ လေး၊ပိုင်း၊ကွဲသွား၊ပြီး၊ ကွတ်တည်မင်း၊၊ ခန်တည်မင်း၊၊ သီတာဝက်မင်း၊နှင့် ဓမ္မပါလမင်း၊ လေး၊ပါး၊ ထီး၊ပြိုင် နန်း၊ပြိုင် မင်း၊မူကြသည်။ ဓမ္မပါလမင်း၊သာ ဗုဒ္ဓသာသနာကို ကိုး၊ကွယ်ယုံကြည်ပြီး၊ ကျန်မင်း၊သုံး၊ပါး၊တို့ မိစ္ဆာအယူကိုလက်ခံကြပြီး၊ ဗုဒ္ဓသာသနာကို ဖျက်ဆီး၊ကြသည်။ ထို့ကြောင့် ဓမ္မပါလမင်း၊က သီဟိုဠ်နိုင်ငံ ပြန်လည်စည်း၊ရုံး၊ရေး၊နှင့် ဗုဒ္ဓသာသနာ ပြန်လည်ထွန်း၊ကား၊ရေး၊အတွက် အာဏာစက် အကူအညီပေး၊ပါရန် ဘုရင့်နောင်မင်း၊တရား၊ကြီး၊ထံ သံစေ၍တောင်း၊သည်။ ညီတော်များ၊၊ မှူး၊မတ်များ၊နှင့်တိုင်ပင်ပြီး၊ ရာဇမဟာမိတ်ဖြစ်သောဓမ္မပါလမင်း၊ကို ကူညီမှ သင့်မည်ဟု ဆုံး၊ဖြတ်ပြီး၊ ထွာ၊ကြိုင်း၍ "လူပီး၊စီး၊ခက်ထန်" သော ရဲမက်တို့ကို ရွေး၊ကောက်ရာ-

"ယို၊ဒယား၊သား၊ ၁၀၀၊ တနသ်ာရီသား၊ ၁၀၀၊ လင်း၊ဇင်း၊သား၊ ၁၀၀၊ ကျိုင်း၊တုံသား၊ ၁၀၀၊ ကသည်း၊သား၊ ၁၀၀၊ ထား၊ဝယ်သား၊ ၁၀၀၊ မိုင်း၊မောသား၊ ၁၀၀၊ စည်ခွင်သား၊ ၁၀၀၊ တရုတ်သား၊ ၁၀၀၊ ရှမ်း၊စလုံသား၊ ၁၀၀၊ မွန် ၅၀၀၊ မြန်မာ ၅၀၀ သော ရဲမက်တော်တို့ကို အထူး၊ထူး၊ခြား မောက်တို၊ မောက်ရှည်၊ မိန်ညို၊ သံချပ်နှင့် ချည်း၊ရှေ့ဒိုင်း၊ ရှေလွှား၊၊ ရှေကာ၊ ရှေလုံ စွဲဖေ၍ စန္ဒသူရိယကို တပ်မှူး၊ ရာဇဗညား၊ကို တပ်စစ်ကဲ ခန့်တော်မူသည်။ ထိုသူတို့စီး၊စရာ ဆင်နှစ်စီး၊နှင့် တကွ ဆုလာဘ်ပေး၊စရာလည်း၊ ငွေများ၊ ပေး၊တော်မူလိုက်သည်။ သိဃိဠ်မင်း၊သို့လည်း၊ ဆင်အစီး၊ နှစ်ဆယ်နှင့်တကွ မင်း၊ဆောင်မင်း၊ယောင်၊ မင်း၊ခမ်း၊မင်း၊နှာ၊ အများ၊ပေး၊တော်မူလိုက်သည်။ ယင်း၊သို့

www.dhammaransi.com

စီရင်ခန့်ရန်တော်မူ၍ စစ်သည်တော်နှစ်ထောင့်ငါးရာတို့ကို သဘော်ငါးစင်းတွင် တစ်စင်း ငါးရာစီ စီးစေ၍ လွှင့်ရသည်။"

ဟု မှန်နန်းရာဇဝင်တော်ကြီး၊ တတိယတွဲ၊ စာ ၃၅၊ ၃၆ တွင် ဖော်ပြပါရှိသည်။

သီဟိုဠ်တွင် တပ်စခန်းချထားစဉ် ရဲမက်တို့ စစ်လေ့ကျင့်ပုံ၊ နေထိုင်စားသောက်ပုံတို့ကို ထောင်ထားသော မင်းသုံးပါးတို့၏အထောက်တော်များ မြင်တွေ့ရသောအခါ သံတော်ဦးတင်ကြသည်။ အလွန်ခက်ထန်ကြမ်းကြုတ်ရဲရင့်ကြကြောင်း၊ ယခုရဲမက်တို့သည် အကြိုထောက်လှမ်းရန် ရောက်လာခြင်းဖြစ်ပြီး နိမ်နင်းရန် နောက်ထပ်ရဲမက်များရောက်လာဦးမည်ဖြစ်ကြောင်း လျှောက်တင်ကြသောအခါ ထောင်ထားသော မင်းသုံးပါးတို့သည် ဓမ္မပါလမင်းထံ လက်နက်ချသဖြင့် သီဟိုဠ်နိုင်ငံလည်း ပြန်လည်စည်းလုံးသွားသည်။ ဗုဒ္ဓသာသနာလည်း ပြန်လည်စည်ပင်လာသည်။

အထက်ပါ အာဏာစက်အကူအညီကို ကျေးဇူးတုံ့ပြန်သောအားဖြင့် မြန်မာသက္ကရာဇ် ၉၃၈ ခု (အေဒီ ၁၅၇၆) ခု-

"ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက် တနလာနေ့၊ သိဃိုဠ်ကျွန်းအစိုးရသော ဓမ္မပါလမင်းက လက်ဆောင်လက်နက်များနှင့် ဘုရားသခင်စွယ်တော်မြတ်ကို ရွှေစေတီ၌ဌာပနာ၍ သဘော်နှစ်စင်းတွင် တစ်စင်းမှာလက်ဆောင်တော်၊ တစ်စင်းမှာစွယ်တော်မြတ်ကိုတင်၍ အမတ်လေးယောက် ကြပ်မတ်လျက် ဆက်သလာစေလျက် ဆက်သလာစေ၍ ပုသိမ်သဘော်ဆိပ်သို့ ရောက်လာသည်။"

ထိုအကြောင်းကို ပုသိမ်က လျှောက်လာ၍ ကြားတော်မူလျှင် အားရတော်မူ၍-

"သဘော်ဆိပ်တွင် စွယ်တော်မြတ်ကို တည်ထားစရာ ကောင်းမွန်လှစွာသော မဏ္ဍပ်ကန္ထားကို ဆောက်ရသည်။ ထိုမှတစ်ပါး စွယ်တော်မြတ်ကို တည်ထားစရာ စီရင်တော်မူသည်ကား၊ ပတ္တမြားကြုတ်စီရင်တော်မူသည်။ လေးကျွန်းဆီမီးဟူသော အဘိုးအတိုင်းမသိသော ဗညားပရိဝတ်သော ကျောက်တလုံး၊ မိုးမိတ်စော်ဘွားကဆက်သော အဘိုးအတိုင်းမသိသော ကျောက်တလုံး၊ ဓမ္မစေတီဝတ်သော အဘိုးအတိုင်းမသိသော ကျောက်တလုံး၊ ယိုးဒယားမင်းကဆက်လာသော အဘိုးအတိုင်းမသိသော စိန်ကျောက်တလုံး၊ သည်ကျောက်လေးလုံးကို ရွှေကြုတ်လေးမျက်နှာတွင်စီ၍ ပတ္တမြားအပြည့်စီသောကြုတ်တွင် သွတ်သည်။ ထိုပတ္တမြားကြုတ်ကို စားတော်ခေါ်သော ပတ္တမြားလက်ဘက်အိုးတွင် သွတ်သည်။ ပတ္တမြားလက်ဘက်အိုးကို စားတော်ခေါ်သော ပတ္တမြားကွမ်းခွက်တွင် သွတ်သည်။ ပတ္တမြားကွမ်းခွက်ဟော်ကို နဝရတ်ကိုးပါးဖြင့်ပြီးသော ရတနာစေတီတော်တွင် ထည့်တော်မူပြန်သည်။ ထိုရတနာစေတီတော်ကို ရတနာအတိပြီးသော ပြာသဒ်တွင် တင်ပြီးမှ စီးတော်မူသော ရွှေလှေကားတွင် တင်၍ ရွှေတက်ညီမျှ လှော်ရသည်။ ထိုလှော်သောသူတို့ကိုလည်း ရွှေဦးထုပ် ဆောင်းစေပြီးလျှင် ဘယက်လည်မှာ ဒွါဒရာလက်ကောက် ဆင်ယင်စေ၍ ဖောင်တော်ရှေ့က ခွင်ရေးလှော်ရသည်။ သည့်နောက် ရွှေလှေကားလေးစင်းမှာလည်း၊ နတ်သမီးအသွင်ကဲ့သို့ ပုတီး နားဆောင်း ဘယက်တန်ဆာ ဆင်ယင်ဝတ်စားစေ၍ ရွှေတက်နှင့်လှော်၍လိုက်ရသည်။ ယင်းကမှ ဟင်္သာရုပ် ပတ္တမြားငုံ၍ ပျံဟန်၊ ရတနာရွှေဖောင်တော်ကို စီးတော်မူ၍ ရှေ့တော်က ရွှေလှေကားရှစ်စင်း၊

www.dhammaransi.com

နောက်တော်က ရွှေလှော်ကား:ရှစ်စင်: ငင်ရသည်။ ရွှေစက်ကွင်: လှော်ကား:သုံး:ရာတို့ကိုလည်: ပဋ္ဌင်တူရိယာ ပတ်သာ စည်စောင်: ငြင်:တင်၍ မြစ်လုံ: ပဲ့တင်ထပ်မျှ တီ:မှုတ်လျက် ဖောင်တော်ဝန်:ကျင် ရွှေတက်နှင့်ချည်: လှော်၍ လိုက်ရသည်။ ထိုမှတပါ: ရဲမက်တော်တို့မှာ အထူး:ထူး:သော တိုး:ရုပ်၊ စာမရီရုပ်၊ မြင်:ရုပ်၊ ကျဲရုပ်၊ ကျာ:ရုပ်၊ မိကျောင်:ရုပ်၊ မကန်:ရုပ်၊ ကရဝိက်ရုပ်၊ ကြိုး:ကြာရုပ်၊ ဟသ်ာရုပ်၊ ကိန္နရာရုပ် လေ့ စသော သား:လေ့ ငှက်လေ့ အပေါင်:တို့တွင် ရွှေဒိုင်: ရွှေကာ ရွှေလှံ စီစဉ်ကျင်:ပစေလျက် တိုက်လှေငါ:ရာတို့ကို ဖောင်တော် လက်ဝဲ လက်ျာ ရှေ့ နောက် လိုက်ရသည်။ ထိုမှတပါ: စစ်သည်တော်အပေါင်:တို့မှာ ဇလာကပင် ကူရွပ် သမ္မန် ကတ္တူ လွန်:ကြင် စသော လှေတထောင်တွင် စိန်ပြောင်:မြ တပူတင်၍ လိုက်ရသည်။ ယင်:သို့သော အစီအရင်ဖြင့် မြစ်လုံ:ပဲ့တင်ထပ်မျှ ဟံသာဝတီ ရွှေမြို့တော်ကသည် ပုသိမ်သင်္ဘောဆိပ်တိုင်အောင် ကြွတော်မူသည်။ သင်္ဘောဆိပ်သို့ ရောက်တော်မူလျှင် ရတနာဆယ်ပါ:တို့ကို ပန်:ပေါက်ပေါက် ပြုတော်မူ၍ စွယ်တော်မြတ်ကို ပူဇော်တော်မူသည်။ ထိုမှတပါ: ရွှေတန်ဆောင်:၊ ငွေတန်ဆောင်:၊ ရွှေတံခွန်၊ ငွေတံခွန်တို့နှင့်လည်: မျာ:စွာပူဇော်တော်မူသည်။" (မှန်နန်:၊ တတိယတွဲ၊ စာ ၃၁-၃၃)

ဟံသာဝတီရွှေမြို့တော်သို့ပင့်ဆောင်ခဲ့သောမြတ်စွယ်တော်ကို ကမ္ဘောဇသာဒီ ရွှေနန်:တော်ကြီး၏ ဦး:ထိပ်၌ စွယ်တော်စင် သီး:ခြား:တည်ဆောက်ကာ ထိုစင်၌ တင်ထား:ကိုး:ကွယ်သည်။ ထိုအချိန်မှစ၍ နောင်မြန်မာမင်:အဆက်ဆက်တို့သည် ရွှေနန်:တော်ဦး:ထိပ်တွင် စွယ်တော်စင်အဆောက်အအုံ သီး:ခြား:တည်ဆောက်၍ စွယ်တော် ဓာတ်တော် ကိုး:ကွယ်လာကြသည်။

ဒေါက်တာ ခင်မောင်ညွန့်

www.dhammaransi.com

ဗုဒ္ဓစွယ်တော်မြတ်

(ရှစ်ဆယ်ပေါ်ထပ်တွန့် တေးထပ်)

သာသနာရောင်ဝါထွန်းချိန်မို့ ပြောင်ရွှန်းလို့ထိန်ဝေ။
တောင်ကျွန်းမျို့ သိန်သရေမှာ
မြတ်စိန္တေ ပွင့်လန်း
ဝေနေယျ ကျွတ်ထိုက်သူကို
မြိုက်နိဗ္ဗု လမ်းပြ၍မြန်း။ ။

ရှင်စောမြတ် နိဗ္ဗုစံသော်၊ ဓာတ်တော်ဧော်လောင်ကျွမ်း
မြတ်မွေတော်ဝေဠုခန်းဟာမို့၊ စကြဝဠာအဝန်းနှံ့ပြန့်။
ဝတီ သိကြား တည်ထား၊ ထင်ရှား မဏိစူဠာ။ ။

အောက်နဂါးသို့ တစ်ဆူပါသည်
လူရွာမှာ နှစ်ဆူပေး ခုတိုင်မဝေး ကျွန်းသီရိလင်္ကာ၊
တိုင်းဂန္ဓာလရာဇ် ပြည်ကြီးစံမှာ
မြတိုင်းထဲ မြန်းကြွခဲ့လေ + + + +

တိုင်းမြန်ပြည် တစ်နံတစ်လျား၊ ဒေသစာရီကြွသွား
စေတနာဟာဖို့ အများမျှော်သည်
မြတ်ဖျာစွယ်တော်ပူဇော်ပွဲပလေ + + + +

အတူယှဉ်တွဲလို့၊ ပဝေသဏီ ကတည်းဟာမို့
မသွေမဖည်ဘဲ ဆွေမျိုးပေါက်ဖော်မည်သည်
ဝေဖြိုးမောက်သနော် ဂုဏ်ရည်တင့်လှလေး + + + +

နှစ်ပြည့်တစ်ပြည် ချစ်စေဖို့၊ အမိမြန်ပြည်သစ်ချိန်မို့
နှစ်အရှည် တည်ရစ်စေဖို့ ရွှေလမ်းထွင်သည်
ပြည်ဝန်းတစ်ခွင် အေးမြဖို့လေး + + + +

စာရေးဆရာမ– မဟာဂီတ တေးသံရှင်
ရွှေကူ နန်းနွဲ့နွဲ့၊ သီကုံးပူဇော်သည်။

www.dhammaransi.com

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓစွယ်တော်မြတ်

စာရှုတို့ သိကြသည့်အတိုင်း: ဗုဒ္ဓမြတ်စွယ်တော်လေးဆူ ကျန်ရှိရာ ယခုအခါ
– တစ်ဆူက သိကြား:မင်း:တည်ထား:သော စူဠာမဏိစေတီ၊
– တစ်ဆူက နဂါး:ပြည်၊
– တစ်ဆူက ဂန္ဓာလရာဇ်တိုင်း: တရုတ်ပြည်နှင့်
– ကျန်တစ်ဆူက သီရိလင်္ကာနိုင်ငံတို့၌ ရှိနေကြပါသည်။

လူ့ပြည်တွင်ရှိနေသော စွယ်တော်တို့မှာ လောက၏ ထုံး:စံအတိုင်း: ဘေး:အန္တရာယ် မကင်း:ခဲ့ကြပါ။

သီရိလင်္ကာကျွန်း:၌ ရှိနေသော ဗုဒ္ဓ၏ စွယ်တော်မှာ ခရစ်နှစ် ၄ရာစု ကာလအထိ အိန္ဒိယနိုင်ငံ အော်ရစ်စပြည်နယ်မှ ကာလင်ဂမင်း:ဆက်က ထိန်း:သိမ်း:စောင့်ရှောက်ခဲ့သည်။ တစ်ချိန်တွင် ကာလင်ဂမင်း:ဆက်ဂူဟသီဝမင်း: စစ်ရှုံး:သောအခါ သမီး:တော်ကစွယ်တော်ကို ဝှက်ပြီး: သီဟိုဠ်နိုင်ငံသို့ ယူဆောင်ထွက်ပြေး:ခဲ့သည်။ သီဟိုဠ်နိုင်ငံ၏ဘုရင်သည်စစ်ရှုံး:ဘုရင်ကြီး:၏မိတ်ဆွေဖြစ်သဖြင့် သမီး:တော်ကိုကောင်း:စွာစောင့်ရှောက်ထား:သည်။ စွယ်တော်မှာလည်း: ပုဒ္ဓဘာသာဝင်အပေါင်း:၏ ကိုး:ကွယ်ရာဖြစ်လာသည်။ ယနေ့ထက်တိုင် ဤစွယ်တော်မှာ သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ၏ လွတ်လပ်ခြင်း:နှင့် အမျိုး:ဘာသာ၊သာသနာ၊ အထိမ်း:အမှတ်ဖြစ်လာခဲ့သည်။

သီဟိုဠ်နိုင်ငံကို နိုင်ငံခြား:သား:များ: သိမ်း:ပိုက်လိုက်ကြသောအခါ ဗုဒ္ဓ၏စွယ်တော်ကို အမှုန့်ဖြစ်အောင်ဖျက်ဆီး:ခဲ့ကြသည်။ သို့သော်တာဝန်ရှိသူများ:၏ ထိန်း:သိမ်း:စောင့်ရှောက်မှုကြောင့် စွယ်တော်အစစ်မှာ ဖျက်ဆီး:ခြင်း:မခံလိုက်ရချေ။

ယခုအခါဗုဒ္ဓ၏စွယ်တော်မြတ်ကို သေနတ်ကျည်ဆန်မပေါက်သော ဖန်အုပ်ဆောင်း:အတွင်း:၌ အပူဇော်ခံထား:ရှိသည်၊ ဖန်အုပ်ဆောင်း:အတွင်း:၌ အပူဇော်ခံထား:ရှိသည်၊ ဖန် အုပ်ဆောင်း: အပြင်၌ရွှေသေတ္တာခြောက်လုံး:ရှိ၍ သေတ္တာငယ်ကို သေတ္တာကြီး:စသည်ဖြင့်အထပ်ထပ်သော့ခတ်ထား: ခြင်း:ဖြစ်သည်၊ သေတ္တာများ:မှာရွှေသား:အစစ်ဖြစ်ပြီး: ပတ္တမြား:၊ စိန် စသည်တို့ဖြင့် တန်ဆာ ဆင်ထား:သည်။

သီရိလင်္ကာနိုင်ငံ၏ စွယ်တော်မှာခါ:သီ:သော ဘာသာမတူသည့် နိုင်ငံခြား:သား:တို့၏ အတွေ့အကြုံရပြီး:ဖြစ်သဖြင့် မည်သည့်နိုင်ငံကိုမှ ပင့်ဆောင်ရန်ခွင့်မပြုကြချေ၊ သတ်မှတ်ထား:သော ရက်များ: တွင်သာ စွယ်တော်ကိုဖူး:တွေ့နိုင်ကြပါသည်။

မြန်မာနိုင်ငံမှ ပုဂံခေတ် အနော်ရထာမင်း:စောလက်ထက်က တည်ဆောက်ခဲ့သော ရွှေစည်း:ခုံစေတီ၊ တန့်ကြည်တောင်စေတီ၊ တူရွင်း:တောင်စေတီ၊ လောက်နန္နာစေတီ၊ စေတီပုထိုး:လေး:ဆူမှာ သီဟိုဠ်ကျွန်း:မှရရှိသောစွယ်တော်ဟာ:တို့ကိုဌာပနာထား:ခြင်း:ဖြစ်သည်။

ယနေ့ပြည်မြို့ရွှေဆံတော်စေတီ၊ ပေါင်:တည်မြို့၊မင်း:လှမြို့၊မြင်း:ခြံမြို့များ:၌ မြန်မာဗုဒ္ဓ ဘာသာဝင်များ:ကိုး:ကွယ်နေကြသော ဗုဒ္ဓစွယ်တော်တို့မှာ သီရိလင်္ကာကျွန်း:မှ စွယ်တော်ဟာ:တို့ဖြစ်ကြသည်၊

ဒုတိယစွယ်တော်စစ်က တရုတ်နိုင်ငံမှာရှိသည်၊ မြန်မာရာဇဝင်၌ ပုဂံပြည်ရှင် အနော်ရထာ ဘုရင်သည် အေဒီ -၁၀၄၄ တွင်နန်း:တက်ပြီး: ယခုဗန်း:မော်မြို့မှတစ်ဆင့် တရုတ်ဘုရင်ပိုင်

www.dhammaransi.com

နန်ကျိုနိုင်ငံသို့စစ်သည်ဗိုလ်ပါများဖြင့် ချဉ်းနင်းဝင်ရောက်ပြီး တာလိမြို့၌နန်းစံသော ဥတည်ဘွား:ဘုရင်ထံ အနူးအညွတ်ပြောဆိုပြီး ဗုဒ္ဓစွယ်တော်ကိုတောင်းခံခဲ့ဖူးသည်၊ တရုတ်ဘုရင်ကမပေး:အပ်ခဲ့ချေ။

ဤစွယ်တော်မှာ အိန္ဒိယနိုင်ငံဥဒရာဏ (UDYANA) ယခု ပါကစ္စတန်နိုင်ငံတွင်ရှိခဲ့သည်။ ပြီး:တော့ခိုတန်နိုင်ငံ(ယခုတရုတ်နိုင်ငံဧင်ဂျိုင်းပြည်နယ်) သို့ပြောင်း:ရွှေ့ထား:ရှိသည်။ (၅) ရာစုလောက်တွင် တရုတ်ရဟန်း:တော် ဖာဇီအင်အေဒီ ၄၂၄-၄၉၈ က ခိုတန်ကိုရောက်ခဲ့ပြီး စွယ်တော်ကိုတောင်ပိုင်း ကွိမင်:ဆက်မြို့တော်နန်ကျင်:သို့ပင့်ဆောင်သွား:သည်။

တရုတ်နိုင်ငံဘုရင်များ ပေါင်:စည်း:၍ရသော ဆူမင်:ဆက်ကာလတွင် တရုတ်နိုင်ငံမြို့တော်သစ်ချန်အန်သို့စွယ်တော်ကိုပင့်ဆောင်သည်။

တရုတ်နိုင်ငံ၌ ဘုရင်မင်:ဆက်ငါးခုအပြိုင်အုပ်စိုး:စဉ်ကာလတွင် တရုတ်ပြည်အလယ်ပိုင်းဒေသမှာ မငြိမ်မသက်ဖြစ်လာသည်။ စွယ်တော်မှာလည်း:တစ်နေရာမှ နောက်တစ်နေရာသို့ ပြောင်း:ရွှေ့နေရာချခဲ့ရာက နောက်ဆုံး:ရင်ကျင်း၊ ယခုအခေါ်ဆိုင်ကျင်: (ပီကင်:) သို့ရောက်သည်။ သက္ကရာဇ် ၁၀၇၁ တွင် ပီကင်:မြို့တော် (ZHAO XIAN) ဓိဇင်:ဘုရား:၌ ဌာပနာလိုက်ကြသည်။

ဓိဇင်:ဘုရား:ကြီး:မှာ လင်ဂေါင်: (LING GUANG) ဘုန်:တော်ကြီး: ကျောင်:ဝင်:အတွင်: တည်ရှိ၍ ဘုရား:မှာ ရှစ်မြောင့်ပုံသဏ္ဌာန်ရှိခဲ့သည်။ အထပ်ဆယ်ထပ်ရှိသည်။ ဘုန်:တော်ကြီး: ကျောင်:ကို (၈) ရာစုခေတ်က တည်ထောင်ခဲ့သည်။ ဘုရား:ကိုတည်ဆောက်ခဲ့သော အုတ်ချပ်တိုင်:တွင် ဗုဒ္ဓရုပ်ပွား:တော်ပုံများနှင့်စေတီပုံများရှိပါသည်။ သို့ကြောင့်စွယ်တော်ကို ဌာပနာထား:သောစေတီတော်မှာ ဘုရား:တစ်ထောင်စေတီ (PAGODA OF ONE THOUSAND BUDDHAS) ဟုထင် ရှား:ခဲ့ပါသည်။

